# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၄ ရက် ၂၀၁၅ ခုနှစ်၊ ဇူလိုင် ၂၀ ရက်၊ တနင်္လာနေ့၊ အတွဲ [၅၄]၊ အမှတ် [၂၈၈]


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုလံဘီယာလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဇူလိုင် ၂၀**

၂၀၁၅ ခုနှစ် ဇူလိုင် ၂၀ ရက်တွင် ကျရောက်သည့် ကိုလံဘီယာသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့ နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ကိုလံဘီယာသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဟွမ် မန်နျူရယ် ဆန်းတို့စ်ကယ်ဒီရွှမ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ ဆွမ်းဆက်ကပ်လှူဒါန်း



**နေပြည်တော် ဇူလိုင် ၁၉**

အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ ဆွမ်းဆက်ကပ်လှူဒါန်းသည့်အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမဆောင်၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်၍ ဆွမ်းဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကဝိသာရ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက် ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊

*စာမျက်နှာ ၃ ကော်လံ ၁* ✱

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များ ဆရာတော်သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

## (၆၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားသို့ နိုင်ငံတော်သမ္မတကိုယ်စား ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြု

**ရန်ကုန် ဇူလိုင် ၁၉**

၂၀၁၅ ခုနှစ် (၆၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ယနေ့နံနက် ၇ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့အာဇာနည်ဗိမာန်၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကိုယ်စား (၆၈)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေးဗဟိုကော်မတီနာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးတို့တက်ရောက်၍ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချအလေးပြုပြီး မေတ္တာပို့သအမျှပေးဝေကြသည်။

(၆၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ (၆၈)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန

*စာမျက်နှာ ၇ ကော်လံ ၁* ❖

**ယနေ့**

**မာတိကာ**


(၆၈)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားနှင့်စပ်လျဉ်း၍ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်တို့၏ သဘောထားအမြင်များ

စာမျက်နှာ » ၆





## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

### လျှပ်စစ်ဓာတ်အားလိုအပ်ချက်ရှိနေဆဲဖြစ်

လက်ရှိ နိုင်ငံတော်အစိုးရလက်ထက်တွင် ယခင်က လျှပ်စစ်ဓာတ်အားရရှိမှု နည်းပါးခဲ့သည့် ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားများ တိုးမြှင့်ဖြန့်ဖြူးပေးနိုင်ခဲ့ပါသည်။ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားများ မြို့ပြများသာမကကျေးလက်ဒေသများအထိ ဖြန့်ဖြူးပေးနိုင်အောင် ကြိုးပမ်းအားထုတ်လျက်ရှိပါသည်။

မြန်မာ့သမိုင်းဝင် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးဖြစ်သည့် ဘီလူးချောင်း(၂)ကို ၁၉၆၀ ပြည့်နှစ်က တည်ဆောက်ပြီး ရန်ကုန်နှင့်မန္တလေးမြို့များသို့သာ အဓိကထား၍ ဓာတ်အားများ ဖြန့်ဖြူးနိုင်ခဲ့သော်လည်း ကယားပြည်နယ်အတွင်း လွိုင်ကော်မြို့တစ်မြို့ကိုသာ လျှပ်စစ်မီးအနည်းငယ်စတင်ဖြန့်ဖြူးပေးနိုင်ခဲ့ပါသည်။

၂၀၁၁ ခုနှစ် မတိုင်မီအချိန်အထိ ဘီလူးချောင်းအမှတ်(၂)စက်ရုံမှ ၃၃ ကေဗွီဓာတ်အားလိုင်းများဖြင့် လွိုင်ကော်၊ ဒီမောဆို၊ ဖရူဆို၊ ဘော်လခဲနှင့် ဖားဆောင်းမြို့ များကို ဓာတ်အား ထပ်မံဖြန့်ဖြူးပေးနိုင်ခဲ့ပါသည်။ ယခုအခါ လွိုင်ကော်ပင်မဓာတ်အားခွဲရုံများ ၂၀၁၅ ခုနှစ် ဧပြီလတွင် တည်ဆောက်နိုင်ခဲ့ပြီဖြစ်၍ ကယားပြည်နယ်အတွင်းရှိ ဤ အဓိကမြို့များအပြင် ကျေးရွာများကိုပင်လျှပ်စစ်ဓာတ်အား များ ဖြန့်ဖြူးပေးနိုင်ခဲ့ပါသည်။ အလားတူ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ်တွင် ၂၀၁၄ ခုနှစ်အတွင်း သံတွဲ၊ ငပလီ၊ တောင်ကုတ်၊ အမ်း၊ စစ်တွေ၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်နှင့် မြောက်ဦးမြို့များကို မဟာလျှပ် စစ်ဓာတ်အားလိုင်းစနစ်မှ လျှပ်စစ်ဓာတ်အားစတင်ပေးနိုင်ခဲ့ပြီး ၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် ကျောက်ဖြူနှင့် ရမ်းဗြဲမြို့များကို ပါ တိုးချဲ့လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခဲ့ပါသည်။ ဆက်လက်ပြီး ၂၀၁၅-၂၀၁၆ ခုနှစ်အတွင်း မင်းပြား၊ မအေးကျွန်း၊ မြေပုံ၊ ပေါက်တော၊ မအီ၊ ဂွမြို့များကိုပါ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

ထို့အတူ ချင်းပြည်နယ်တွင်လည်း ၂၀၁၅ ခုနှစ် နှစ်ဆန်းပိုင်းမှစတင်ကာ ဟားခါးမြို့ကို ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပြီဖြစ်ပါသည်။ ဆက်လက်ပြီး ဖလမ်း၊ မင်းတပ်၊ မတူပီ၊ ကန်ပက်လက်၊ တီးတိန်တို့အတွက် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တည်ဆောက်လျက်ရှိပါသည်။

လျှပ်စစ်ဓာတ်အား မရရှိသေးသည့်ဒေသမှ ပြည်သူများ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ရေးအတွက် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံချက်ကို ကမ္ဘာ့ဘဏ်နှင့်ပူးပေါင်းပြီး ရေးဆွဲခဲ့ရာတွင် ၂၀၁၅-၂၀၁၆ ခုနှစ်နှင့် ၂၀၁၉-၂၀၂၀ ခုနှစ်အထိ ငါးနှစ်တာကာလအတွင်း အိမ်ထောင်စုတစ်သန်းခွဲခန့်ကို ဓာတ်အားစနစ်မှ တိုးချဲ့ပေးရန်နှင့်အိမ်ထောင်စု ၁၂၀၀၀၀ ကျော်ကို ဓာတ်အားစနစ်ပြင်ပတွင် သီးခြား အစီအစဉ်ဖြင့် ဓာတ်အားပေးရန်စီမံထားသည့်အပြင် ၂၀၃၀ ပြည့်နှစ်အတွင်း တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိစေရန် ရည်မှန်းထားကြောင်းသိရပါသည်။

၂၀၁၀-၂၀၁၁ ခုနှစ်တွင် အိမ်ထောင်စု ပေါင်း ၂ ဒသမ ၂၂ သန်းကိုသာ လျှပ်စစ်ဓာတ်အားပေးနိုင်ခဲ့ပြီး လက်ရှိအစိုးရလက်ထက်တွင် အိမ်ထောင်စုပေါင်း ၃ ဒသမ ၃ သန်းခန့်အထိ လျှပ်စစ်ဓာတ်အားပေးနိုင်ခဲ့ပြီဖြစ်ပါသည်။ သို့သော် လျှပ်စစ်ဓာတ်အား လိုအပ်ချက်များရှိနေဆဲ ဖြစ်ပါသည်။ အထူးသဖြင့် ရန်ကုန်မြို့ကြီးတွင် မိုးတွင်းကာလရေအားလျှပ်စစ်အားကောင်းချိန်တွင်ပင် အချိန်ကာလကြာမြင့်စွာ မီးပြတ်တောက်မှုများ မကြာခဏဖြစ်ပေါ်နေဆဲဖြစ်ပါသည်။

သို့ဖြစ်၍ နိုင်ငံအတွင်းရှိ မြို့ပြ၊ ကျေးလက်များသို့ နိုင်ငံတော်အဆင့် ဓာတ်အားဖြန့်ဖြူးပေးဝေနိုင်မှုများ လိုအပ်လျက်ရှိနေသည့်အလျောက် ဓာတ်အားအရင်းအမြစ်များ ပိုမိုရှာဖွေထုတ်လုပ်နိုင်ရေး၊ ဓာတ်အားလေလွင့်ပျောက်ဆုံးမှုနည်းပါးစွာဖြင့် ဖြန့်ဖြူးနိုင်ရေးအတွက် သက်ဆိုင်ရာများနှင့်အတူ ပြည်သူများက ပူးပေါင်းပါဝင်ခြင်းဖြင့် ဓာတ်အားလိုအပ်ချက် အခက်အခဲများ အထိုက်အလျောက် အဆင်ပြေလာနိုင်မည်ဖြစ်ပါကြောင်း။ ။

# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

“ မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။
မဲစာရင်းမှားယွင်းမှုရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။
မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများ ၅၀ (ဂ)တွင် အတိအလင်း ပြဋ္ဌာန်းထားပါသည်။ ”



ဇူလိုင် ၁၉ ရက်က ရန်ကုန်မြို့ အတွင်းဝန်များရုံးဟောင်းအဆောက်အအုံရှိ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့်နေရာကို ပြည်သူများ လာရောက်ကြည့်ရှုကြစဉ်။ (ဓာတ်ပုံ-သတင်းစဉ်)

**ထင်သာမြင်သာပြုပြင်စရာ**



## ယုဇနလမ်းမကြီးကို ပြင်စေလို

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ် (၉၃) ရပ်ကွက် ယုဇနဥယျာဉ်မြို့တော် အိမ်ရာသို့ ဝင်ရောက်သည့် လမ်းမကြီးသည် ကတ္တရာပျောက်ဆုံးကာ ချိုင့်ခွက်များဖြစ်နေပြီး ရွှံ့ညွန်အိုင်များဖြစ်နေခဲ့သည်။

ထိုယုဇနဥယျာဉ်အဝင် လမ်းမကြီးသည် ခရီးသည်တင်လိုင်းကားများနှင့် ကိုယ်ပိုင်ကားလေးများပါ ဝင်ထွက်သွားလာရာ အဓိကလမ်းဖြစ်သည်။

ယုဇနတက္ကစီဂိတ်ထိုး ခရီးသည်ပို့ဆောင်သော အငှားယာဉ်မောင်းတစ်ဦးက “ ဒီလမ်းက ပျက်နေတာ အတော်ကြာနေပြီ။ ယုဇနဥယျာဉ်မြို့တော် ကုမ္ပဏီကလား၊ စည်ပင်ကလား၊ အိုးအိမ်ကလား သက်ဆိုင်တဲ့အဖွဲ့က အမြန်ဆုံးပြင်သင့်ပါတယ်။ ပိုဆိုးတာက အခုနောက်ထပ် လူနေတိုက်ခန်းတွေ တိုးချဲ့ဆောက်လုပ်နေတော့ ယန္တရားကားကြီးတွေနဲ့ အုတ်ကား၊ သဲကား၊ ဘိလပ်မြေကားတွေ ဝင်ထွက်သွားလာနေပါတယ်။ လမ်းပျက်ရတဲ့အထဲ သဲရယ်၊ ဘိလပ်မြေမှုန့်တွေရယ်၊ မိုးရယ် ရောသမမွှေသလိုဖြစ်ပြီး ဗွက်အိုင်ထဲ လမ်းလျှောက်လို့မရတော့ဘူး။ ကျွန်တော်တို့ ကားလေးတွေကတော့ အတတ်နိုင်ဆုံး ဒီလမ်းမကြီးကိုရှောင်၊ လမ်းသွယ်တွေကဖြတ်ပြီး မောင်းလို့တော့ရပါတယ်၊ ဒါပေမယ့် အတွင်းထဲမှာ ဟိုကွေ့ဒီပတ်နဲ့ ခရီးမတွင်နိုင် ကြန့်ကြာပါတယ်” ဟု ပြောသည်။

ယုဇနဥယျာဉ် မြို့တော်သည် တစ်မြို့နယ်လုံး လူဦးရေ၏ ၃၀ ရာခိုင်နှုန်းခန့်နေထိုင်သော ရပ်ကွက်ဖြစ်သဖြင့် အဓိကဝင်ပေါက်လမ်းမကြီးအား သက်ဆိုင်ရာမှ အမြန်ဆုံးပြုပြင်ပေးရန် ယုဇနဥယျာဉ်မြို့တော်နေ ပြည်သူများက မျှော်လင့်လျက်ရှိကြောင်း သိရသည်။

**ရွှေတိုင်လွင်**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၉-၇-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၅၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၀၈၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၅၃၅၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၈၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၁၀-၇၂၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၃၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၂၀ |
| ဥရောပ | တစ်ယူရို | ၁၃၂၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၉၂.၅၃ |
| ထိုင်း | တစ်ဘတ် | ၃၅.၆၇၃ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၂၀၇ |
| တရုတ် | တစ်ယွမ် | ၁၉၆.၄၇ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၀.၃၆ |

ခင်ရတနာ-စုစည်းသည်။



အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ဆွမ်းဆက်ကပ်လှူဒါန်းပွဲတွင် နိုင်ငံတော်ဩဝါဒါစရိယ ဈေးကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော်ထံမှ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမှူးပြုသော ဧည့်ပရိသတ်များ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။

*** ရှေ့ဖုံးမှ**

ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ နေပြည်တော် ကောင်စီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်ဩဝါဒါစရိယ ဈေးကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော်ထံမှ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမှူးပြုသော ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ပရိတ်တရားတော်များကို နိုင်ငံတော်သမ္မတနှင့် ဧည့်ပရိသတ်များက နာယူကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဈေးကုန်းကျောင်းတိုက်ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မဟာသီဟနာဒ ကျောင်းတိုက်ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် တက်ရောက်လာကြသူများက ဆရာတော် သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ ဈေးကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော်ထံမှ သံဝေဂကထာတရား နာယူကြကာ ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် ဗြိတိသျှ ကိုလိုနီလက်ပါးစေများ၏ လုပ်ကြံမှုကြောင့် ကျဆုံးခဲ့ရသော အာဇာနည် ခေါင်းဆောင်ကြီးများ ဖြစ်ကြသည့် ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြ၊ ဒီးဒုတ်ဦးဘချို၊ ဦးဘဝင်း၊ မန်းဘခိုင်၊ မိုင်းပွန်စော်ဘွား စဝ်စံထွန်း၊ ဦးရာဇတ်၊ ဦးအုန်းမောင်နှင့် ရဲဘော်ကိုထွေးတို့အား ရည်စူးကုသိုလ် အမျှပေးဝေကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် တက်ရောက်လာကြသူများက ဆရာတော် သံဃာတော်များကို နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဈေးကုန်းကျောင်းတိုက်ဆရာတော်ထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။**



**သမိုင်း ကျောက်စာတိုင်**

**ရန်ကုန်မြို့ အတွင်းဝန်များရုံး အဆောက်အအုံ အလယ်ဘက်တွင် အာဇာနည်ခေါင်းဆောင်များအား ရည်စူးစိုက်ထူထားသည့် သမိုင်းကျောက်စာတိုင်၌ ပြည်သူများ လာရောက်ဂါရဝပြုစဉ်။**

(သတင်းစဉ်)

# (၆၈)နှစ်မြောက် အာဇာနည်နေ့ ရေးမြို့၌ ကျင်းပ

**ရေး ဇူလိုင် ၁၉**

မွန်ပြည်နယ် ရေးမြို့ အာဇာနည်ကျောက်တိုင်ရှေ့၌ (၆၈)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဇူလိုင် ၁၉ ရက် နံနက် ၇ နာရီခွဲက ကျင်းပရာ နိုင်ငံတော်အလံကို အလေးပြုကြကာ ကျဆုံးလေပြီးဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုကြပြီး ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်ကြကာ နိုင်ငံတော်အလံကိုလည်း တစ်ဝက်လွှင့်ထူကြသည်။ **နေမျိုးထွန်း(ရေး)**

# ခိုးယူခံရသော နိုင်ဂျီးရီးယားနိုင်ငံပိုင်ပစ္စည်းများရှာဖွေရာတွင် အမေရိကန်က ကူညီမည်



**ဝါရှင်တန် ဇူလိုင် ၁၉**

အမေရိကန် ပြည်ထောင်စုသည် နိုင်ဂျီးရီးယားခေါင်းဆောင်သစ်ကို နိုင်ငံ၏ အရေးကြီးသောအမွေအနှစ်များရှာဖွေရာ၌ ဒေါ်လာဘီလီယံများစွာ အကူအညီပေးရန် ကမ်းလှမ်းထားပြီး အိုင်အက်စ်စစ်သွေးကြွများကို တိုက်ခိုက်ရန် အမေရိကန်နိုင်ငံ၏ ကူညီထောက်ပံ့မှုများကို ထပ်မံတိုးမြှင့်လိုက်ကြောင်း အမေရိကန်အရာရှိများက ပြောခဲ့သည်။ ထို့အပြင် ဝါရှင်တန်အနေဖြင့် အာဖရိကနှင့် စီးပွားရေးကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို ပြန်လည်ပြုလုပ်လိုသောဆန္ဒရှိကြောင်း ၎င်းအရာရှိများက ထပ်လောင်းပြောဆိုခဲ့သည်။

သမ္မတမိုဟာမက်ဒူဘူဟာရီ၏ လာမည့်သီတင်းပတ် အမေရိကန်ခရီးစဉ်နှင့်ပတ်သက်ပြီး အမေရိကန်အုပ်ချုပ်ရေးပိုင်းက နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို လုပ်ဆောင်နိုင်မည်ဟု ရှုမြင်သုံးသပ်ခဲ့သည်။ ဆယ်စုနှစ်များအတွင်း နိုင်ဂျီးရီးယား၏ ပထမဆုံး ဒီမိုကရေစီအသွင်ကူးပြောင်းမှုအဖြစ် ဂုဏ်သတင်းကြီးခဲ့သော မတ်လရွေးကောက်ပွဲတွင် သမ္မတဘူဟာရီအနိုင်ရပြီးနောက် ယခု ခရီးစဉ်သည် ၎င်းအတွက် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ဖော်ဆောင်နိုင်မည့် အခွင့်အရေးတစ်ရပ်ပင်ဖြစ်သည်။

သမ္မတဘူဟာရီမတိုင်မီ ယခင်တာဝန်ထမ်းဆောင်ခဲ့သော ဂွတ်ဒ်လက်ခ်ဂျိုနသန်လက်ထက် အမေရိကန်နိုင်ငံက ပူးပေါင်းဆောင်ရွက်ရာတွင် နိုင်ဂျီးရီးယားတပ်မတော်၏ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် အကျင့်ပျက်ခြစားမှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုစသည့် အရေးကိစ္စရပ်များအပါအဝင် မြေပြင်ထိကွင်းဆင်းဆောင်ရွက်ခြင်းများကို တားဆီးခြင်းများရှိခဲ့သည်။ အမေရိကန်သမ္မတဘားရက်အိုဘားမားက ဆာဟာရ-အာဖရိကတွင် နိုင်ဂျီးရီးယားအား မဟာဗျူဟာကျသော နိုင်ငံတစ်နိုင်ငံအဖြစ်ရှုမြင်ခဲ့ကြောင်း ဒုတိယနိုင်ငံခြားရေးဝန်ကြီး တိုနီဘလင်ကန်က ရိုက်တာသို့ ပြောကြားခဲ့သည်။

သမ္မတသစ် ဘူဟာရီအနေဖြင့် ဂျိုနသန်လက်ထက်မှ စစ်ဘက်ခေါင်းဆောင်ဟောင်းများအား ဖယ်ရှားခဲ့ခြင်းသည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကို ပိုမိုလေးနက်အောင် ဖော်ဆောင်ရန် အခွင့်အလမ်းပေါ်ပေါက်လာစေခဲ့ကြောင်း အမေရိကန်တာဝန်ရှိသူများက ဆက်လက်ပြောဆိုခဲ့သည်။

(ရိုက်တာ)

# အိုင်အက်စ်အဖွဲ့ဝင်ဟု သံသယရှိသူ ၄၃၁ ဦးကို ဆော်ဒီဖမ်းဆီး

**ဒူဘိုင်း ဇူလိုင် ၁၉**

ဆော်ဒီအာရေဗျအစိုးရက အိုင်အက်စ်အဖွဲ့ဝင်များဟု သံသယရှိပြီး ဘာသာရေး အဆောက်အအုံများ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် သံတမန်အဖွဲ့တို့ကို တိုက်ခိုက်မည့် လူပေါင်း ၄၃၁ ဦးကို ဖမ်းဆီးခဲ့သည်ဟု ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါ ကြေညာချက်ကို ဆော်ဒီရှိ လုံခြုံရေးတင်းကျပ်သည့် အကျဉ်းထောင်အနီး ကားဗုံးပေါက်ကွဲမှု ဖြစ်လာပြီးနောက် ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

ကားဗုံးပေါက်ကွဲမှုကြောင့် ယာဉ်မောင်းသေဆုံးခဲ့ပြီး လုံခြုံရေးအရာရှိနှစ်ဦး ဒဏ်ရာရရှိခဲ့သည်။ ထို့သို့ ကားဗုံးခွဲတိုက်ခိုက်မှုကို အိုင်အက်စ်တို့က လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

အကြီးအကျယ် ပြင်းထန်သော တိုက်ခိုက်မှုများ ဖြစ်ပွားနေသော အီရတ်နှင့် ဆီးရီးယားကို အခြေပြုထားသည့် အစွန်းရောက် စစ်သွေးကြွများသည် ကမ္ဘာ့ထိပ်တန်း ရေနံထုတ်လုပ်သည့်နိုင်ငံများတွင် စစ်သွေးကြွများကြီးထွားလာမှုကို အားပေးလျက်ရှိသည်။

ယနေ့ထိ ဖမ်းဆီးထားသော အရေအတွက်မှာ ၄၃၁ ဦးရှိပြီး အများစုမှာ ဆော်ဒီနိုင်ငံသားများဖြစ်ကြောင်း၊ ထို့အပြင် အခြားနိုင်ငံသားများလည်း ပါဝင်ကြောင်း၊ လုံခြုံရေးဝန်ထမ်းများကို လုပ်ကြံသတ်ဖြတ်ပြီး ပြည်နယ်အရှေ့ပိုင်းရှိ ဘာသာရေးအဆောက်အအုံများကို ပစ်မှတ်ထားတိုက်ခိုက်မည့် အသေခံဗုံးခွဲမှု ခြောက်ခုကိုလည်း ဟန့်တားနိုင်ခဲ့ကြောင်း ဝန်ကြီးဌာန၏ ဖော်ပြချက်တွင် ဖော်ပြထားသည်။

အဆိုပါ ဖမ်းဆီးထိန်းသိမ်းခြင်းခံရသူများကို မည်သည့်အချိန်တွင် ဖမ်းဆီးခဲ့သည်ကိုမူ ဝန်ကြီးဌာနက အသေးစိတ်ရှင်းလင်းပြောကြားခြင်း မရှိပေ။

အမေရိကန်ကာကွယ်ရေးဝန်ကြီး အက်ရှ်တန်ကာတာ အနေဖြင့် လာမည့် သီတင်းပတ်တွင် ဒေသတွင်းရှိ မဟာမိတ်များအား အီရန်နျူကလီးယား သဘောတူညီချက်၏ အကျိုးကျေးဇူးများကို လက်ခံယုံကြည်စေရန်စည်းရုံးမှုပြုလုပ်သွားမည် ဖြစ်သည်။

ယခုသီတင်းပတ်အတွင်း ပြုလုပ်ခဲ့သော နယူးယောက်တိုင်းမ်(စ်)နှင့် အင်တာဗျူးတွင် သမ္မတအိုဘားမားက ပင်လယ်ကွေ့ရှိ မဟာမိတ်ဆွန်နီအစိုးရတို့ကို နိုင်ငံသားရှီးယိုက်တို့နှင့် ကောင်းမွန်သော ဆက်ဆံရေးရရှိရန် တိုက်တွန်းခဲ့သည်။

(ရိုက်တာ)



# ဆိုင်းနိုင်းစစ်ဆေးရေးဂိတ် အကြမ်းဖက်တိုက်ခိုက်

**ကိုင်ရို ဇူလိုင် ၁၉**

အီဂျစ်နိုင်ငံဆိုင်နိုင်းမြောက်ပိုင်းစစ်ဘက်စစ်ဆေးရေးဂိတ်တစ်ခု၌ စနေနေ့က စစ်သွေးကြွများတိုက်ခိုက်ခဲ့သဖြင့် အနည်းဆုံးတပ်ဖွဲ့ဝင်ငါးဦးသေဆုံးကာ အခြားခုနစ်ဦး ဒဏ်ရာရရှိသွားကြောင်း နိုင်ငံပိုင်သတင်းအေဂျင်စီ မီနာက သတင်းဖော်ပြသည်။

အဆိုပါစစ်ဆေးရေးဂိတ်သည်ရှိတ်ဇူဝိမြို့အနီး၌ တည်ရှိပြီးအကြမ်းဖက်သမားများက သေနတ်များ၊ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းစစ်ဆေးရေးဂိတ်ကို ဖွင့်နေဆဲအချိန်မှာတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါသတင်းတွင်ဖော်ပြသည်။ အဆိုပါတိုက်ခိုက်မှုသည် ယင်းတို့ လက်ချက်ဖြစ်ကြောင်း အိုင်အက်စ်သစ္စာခံ ဆိုင်းနိုင်းပြည်နယ် အယ်လ်ခိုင်ဒါအဖွဲ့က ပြောသည်။

အဆိုပါတိုက်ခိုက်မှုသည် ဆိုင်းနိုင်းမြောက်ပိုင်းနှင့်ကိုင်ရိုမြို့အပါအဝင် အခြားပြည်နယ်များ မကြာသေးမီက တိုက်ခိုက်မှုများဖြစ်ပွားပြီး နောက်ရက်ပိုင်းအကြာ ပေါ်ထွက်လာခြင်းဖြစ်သည်။ဇူလိုင် ၁၁ ရက်ကလည်း ကိုင်ရိုမြို့လယ် အီတလီကောင်စစ်ဝန်ရုံးအပြင်ဘက်တွင် ကားဗုံးခွဲတိုက်ခိုက်ခဲ့ရာ အရပ်သားတစ်ဦးသေဆုံးပြီး အခြားကိုးဦးဒဏ်ရာရခဲ့သည်။

(ဆင်ဟွာ)

# ကယ်လီဖိုးနီးယားမြောက်ပိုင်းရှိ အိမ်တစ်လုံး၌ လူသေအလောင်းများတွေ့ရှိ


**နယူးယောက် ဇူလိုင် ၁၉**

စနေနေ့က ကယ်လီဖိုးနီးယားပြည်နယ် မိုဒက်စတိုမြို့ရှိ အိမ်တစ်လုံး၌ ကလေးသုံးဦးအပါအဝင် လူသေအလောင်းငါးလောင်းတွေ့ရှိခဲ့ကြောင်း၊ သေဆုံးမှုနှင့်ပတ်သက်သည့်ပုဂ္ဂိုလ်ကို အတည်ပြုနိုင်ခဲ့ပြီဖြစ်ကြောင်း ရဲအဖွဲ့ကပြောသည်။

သေဆုံးသူများ၏အသက်အရွယ်နှင့်သေဆုံးရသည့်အကြောင်းရင်းကို မိုဒက်စတိုရဲများက အသေးစိတ်ဖော်ပြခြင်း မရှိပေ။ ရဲပြောရေးဆိုခွင့်ရှိသူ ဟီသာဂရေ့က သေဆုံးသူများမှာ ကလေးသုံးဦးနှင့် အရွယ်ရောက်ပြီးသူ နှစ်ဦးဖြစ်ကြောင်း ပြောသည်။

အမှုနှင့်ဆက်နွယ်သည့်ပုဂ္ဂိုလ်၏အမည်၊ အသက်၊ ယာဉ်နှင့်လိုင်စင်နံပါတ်တို့ကို တွစ်တာနှင့်ဖေ့ဘွတ်ခ်စာမျက်နှာများတွင် စုံထောက်များက ရှာဖွေဖော်ထုတ်ခဲ့ပြီး စုံစမ်းမှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ မိုဒက်စတိုမြို့သည် ဆန်ဖရန်စစ္စကိုအရှေ့ဘက်မိုင် ၁၀၀ ခန့်အကွာ ကယ်လီဖိုးနီးယားမြောက်ဘက်ပိုင်းတွင် တည်ရှိသည်။

(ရိုက်တာ)




# ချက်နိုင်ငံသား သတင်းစာဆရာ ငါးဦး လက်ဘနွန်တွင် ပြန်ပေးဆွဲခံရ

**ဘေရွတ် ဇူလိုင် ၁၉**

လက်ဘနွန်အာဏာပိုင်များက ဘေကာတောင်ကြားဒေသ အရှေ့ပိုင်း၌ ပြန်ပေးဆွဲခံရသော ချက်နိုင်ငံသားငါးဦးနှင့် လက်ဘနွန်ယာဉ်မောင်းတို့ကို ရှာဖွေနေဆဲဖြစ်ကြောင်း၊ လက်ဘနွန်အမျိုးသားသတင်းအေဂျင်စီ(အင်န်အင်န်အေ)က စနေနေ့တွင် ပြောကြားလိုက်သည်။

အဆိုပါ ချက်နိုင်ငံသားငါးဦးသည် သောကြာနေ့ညပိုင်းကတည်းက လက်ဘနွန်ယာဉ်မောင်းနှင့်အတူ ပျောက်ဆုံးနေကြောင်း၊ ၎င်းတို့၏ကားကို ဘေကာတောင်ကြား ဒေသ အနောက်ပိုင်းကီဖရာယာအရပ်၌ တွေ့ရှိခဲ့ကြောင်း ၎င်းသတင်းဌာနက ပြောသည်။

အဆိုပါပြန်ပေးဆွဲမှုသည် ချက်သမ္မတနိုင်ငံ၌ လက်ဘနွန်နိုင်ငံသားတစ်ဦးဖမ်းဆီးခံရပြီးနောက် လက်စားချေတုံ့ပြန်သောအားဖြင့် ပြန်ပေးဆွဲခြင်းဖြစ်နိုင်သည်ဟု လက်ဘနွန်အာဏာပိုင်များက ယုံကြည်ထားသည်။

အဆိုပါကားအတွင်းမှ ချက်နိုင်ငံသားများ၏ လက်ဆွဲအိတ်များ၊ အဝတ်အစားများ၊ ကင်မရာသုံးလုံးနှင့် ချက်ပတ်စ်ပို့ငါးခုတို့ တွေ့ရှိခဲ့သည်ဟုဆိုသည်။ အသက် ၅၀ အရွယ်ရှိ ယာဉ်မောင်းမူနီယာတန်းသည် နာဘတ်တစ်မြို့တောင်ပိုင်း၌ အငှားယာဉ်မောင်းအလုပ်ကို လုပ်ကိုင်နေသူဖြစ်သည်။ အဆိုပါ ချက်နိုင်ငံသားအားလုံးသည် သတင်းစာဆရာများဖြစ်ကြပြီး မေ ၁ ရက်က လက်ဘနွန်နိုင်ငံအတွင်း ဝင်ရောက်ခဲ့ကြသည်ဟု ဆိုသည်။

(ဆင်ဟွာ)



# အာဇာနည်ခေါင်းဆောင်များအားရည်စူး၍ ဆွမ်းဆက်ကပ်လှူဒါန်းပြီးအမျှပေးဝေ

**ရန်ကုန် ဇူလိုင် ၁၉**

၂၀၁၅ ခုနှစ် (၆၈)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် ကျဆုံးလေပြီးသော အာဇာနည် ခေါင်းဆောင်ကြီးများအား ရည်စူး၍ ဆွမ်းဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့မြို့တော်ခန်းမ၌ကျင်းပသည်။

အဆိုပါ ဆွမ်းဆက်ကပ်လှူဒါန်းပွဲသို့ (၆၈)နှစ်မြောက်အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအေးမြင့်ကြူ ကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးဦးသန်းဆွေ၊ ကော်မတီအတွင်းရေးမှူး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ နိုင်ငံရေးပါတီများနှင့် အရပ်ဘက်အဖွဲ့အစည်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆို၍အခမ်းအနားကို ဖွင့်လှစ်ပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ထန်းတပင် လှည်းဆိပ်ဆရာတော် ဘဒ္ဒန္တ ကုသလထံမှ ဥပုသ်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်နှင့် သံဃာတော်များက ချီးမြှင့်သည့် မေတ္တာသုတ် ပရိတ်တရားတော်ကို နာယူကြသည်။ **(အပေါ်ပုံ)**

ထို့နောက်(၆၈) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား သက်နှင်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌ ဆရာတော်ထံမှ အနုမောဒနာတရားနှင့် ရေစက်ချတရားနာယူကြကာ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား အမျှပေးဝေကြသည်။

**(သတင်းစဉ်)**

# ၂၀၁၅ ခုနှစ်(၂၃) ကြိမ်မြောက် နိကာယ်စာမေးပွဲ အောင်စာရင်းကြေညာချက်

**နေပြည်တော် ဇူလိုင် ၁၉**

***ယမန်နေ့မှအဆက်***

အုပ်စု(၂) ဒီဃနိကာယ(သုတ္တန္တပိဋက) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၈၆ ပါး၊ နှစ်ကျမ်းအောင် ၄၅ ပါး၊ တစ်ကျမ်းအောင် အပါး ၃၀ တို့ ဖြစ်ကြသည်။

ဒီဃနိကာယ်သုံးကျမ်းအောင် (၈၆)ပါးအနက် ပထမ၊ ဒုတိယ၊ တတိယ ရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ခုံအမှတ်၊ မုံ-၇၊ အရှင်ခေမာနန္ဒာလင်္ကာရ၊ အသက် (၃၁) နှစ် အဖ-ဦးကျော်သန်း၊ သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ (ပထမ)

(ခ) ခုံအမှတ်၊ စက-၉၊ အရှင်ဉာဏိကာလင်္ကာရ၊ အသက် (၂၂) နှစ်၊ အဖ-ဦးမောင်ငွေး၊ မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ (ဒုတိယ)

(ဂ) ခုံအမှတ်၊ စက-၁၈ ၊ အရှင်ပါလိတာလင်္ကာရ၊ အသက် (၂၅)နှစ်၊ အဖ-ဦးမြဟန်၊ မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ (တတိယ)

အုပ်စု(၃) မဇ္ဈိမနိကာယ (သုတ္တန္တပိဋက) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၃၉ ပါး၊ နှစ်ကျမ်းအောင် ၁၂ ပါး၊ တစ်ကျမ်းအောင် ၁၅ ပါးတို့ ဖြစ်ကြသည်။

မဇ္ဈိမနိကာယ်သုံးကျမ်းအောင် ၃၉ ပါးအနက် ပထမ၊ ဒုတိယ၊ တတိယရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ခုံအမှတ်၊ စဥ့်-၅၊ အရှင်ကဝိဇောလင်္ကာရ၊ အသက်(၄၃) နှစ်၊ အဖ-ဦးအောင်မောင်ကြည်၊ တိုက်ကျောင်း၊ စဥ့်ကိုင်မြို့၊ မန္တလေးတိုင်းဒေသကြီး။ (ပထမ)

(ခ) ခုံအမှတ်၊ ပူရ-၁၀၊ အရှင်ခန္တီဝ၊ အသက်(၄၁)နှစ်၊ အဖ-ဦးထွန်းရင်၊ တူမောင်းကျောင်းတိုက်၊ အမရပူရမြို့၊ မန္တလေးတိုင်းဒေသကြီး။ (ဒုတိယ)

(ဂ) ခုံအမှတ်၊ မုံ-၂၊ အရှင်အဘိဇာတာဘိဝံသ၊ အသက်(၄၅) နှစ်၊ အဖ-ဦးတင်ရ၊ သဒ္ဓမ္မဇောတကသုဗောဓာရုံကျောင်းတိုက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ (တတိယ)

အုပ်စု(၄) သံယုတ္တနိကာယ (သုတ္တန္တပိဋက) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင်ရှစ်ပါး၊ နှစ်ကျမ်းအောင် ခြောက်ပါး၊ တစ်ကျမ်းအောင်နှစ်ပါးတို့ ဖြစ်ကြသည်။

***ဆက်လက်ဖော်ပြပါမည်***

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ကိုလံဘီယာ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဇူလိုင် ၂၀**

၂၀၁၅ ခုနှစ် ဇူလိုင် ၂၀ ရက်တွင်ကျရောက်သည့် ကိုလံဘီယာသမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့ နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ကိုလံဘီယာသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စ မရီယာ အန်ဂျလာ ဟိုဂင် ကွေလာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# (၆၈)နှစ်မြောက်အာဇာနည်နေ့ အခမ်းအနားများကျင်းပ

**ရွှေတောင်**

(၆၈) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ရွှေတောင်မြို့ ယွန်းတန်းရပ်ကွက် ဆယ်နာရီဈေးလမ်းရှိ အာဇာနည်ကျောက်တိုင်၌ ဇူလိုင် ၁၉ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)နှင့် (၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ ပြီး လွမ်းသူ့ပန်းခွေချအလေးပြုခြင်း၊ ဝမ်းနည်းခြင်း အထိမ်းအမှတ် နှစ်မိနစ် ခေတ္တငြိမ်သက်ခြင်းတို့ပြုလုပ်သည်။

ဆက်လက်၍ အာဇာနည်ခေါင်းဆောင်ကြီးများကို ရည်စူးကာ သာသနာ့ဗိမာန်တော်ကြီး၌ မြို့နယ်သံဃနာယက ဆရာတော်များကို ပင့်ဖိတ်၍ တရားနာယူပြီး နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

**မိတ္ထီလာ**

ဇူလိုင် ၁၉ ရက်တွင် ကျရောက်သော (၆၈)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မြို့မရပ်ကွက်ရှိ အာဇာနည်ကျောက်တိုင်၌ကျင်းပရာ အခမ်းအနားတွင် ပြည်သူများက ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား လွမ်းသူ့ပန်းခွေချ၍ အလေးပြုကြခဲ့ကြသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

**တပ်ကုန်း**

နေပြည်တော်ကောင်စီနယ်မြေတပ်ကုန်းမြို့နယ်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ သံဃာတော်အရှင်သူမြတ်များကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် အလှူဒါနပြုလုပ်အမျှပေးဝေခြင်းကို ဇူလိုင် ၁၉ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပကြောင်း သိရသည်။

**တင်စိုးလွင်**



**သီပေါ**

(၆၈) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၉ ရက် နံနက်က ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် အစည်းအဝေးခန်းမ၌ကျင်းပရာ သာသနာ ၂၅၀၀ ကျောင်းတိုက်သစ် ဆရာတော်ဘဒ္ဒန္တ ကောသလ အရှင်သူမြတ်ထံမှ အနုမောဒနာတရားနှင့် ငါးပါးသီလခံယူဆောက်တည်ကြပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများကို ရည်စူး၍ လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်လက်၍ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း မြည်ီလာခန်းမ၌ အမှတ် (၂) အထက ကျောင်းအုပ်ဆရာကြီး ဦးလှထွန်းက ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအကြောင်းကို ဟောပြောပြီး စမ်းမာလာဥယျာဉ်အတွင်းရှိ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်၌ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် နိုင်ငံရေးပါတီများက လွမ်းသူ့ပန်းခွေချ အလေးပြုခဲ့ကြသည်။ **(ဝဲပုံ)**

**စိုင်း(သီပေါ)**



**(၆၈)နှစ်မြောက် အာဇာနည်နေ့တွင် ရန်ကုန်မြို့ ကန်တော်ကြီး ဗိုလ်ချုပ်ပန်းခြံရှိ ဗိုလ်ချုပ်ကြေးရုပ်တုတွင် ပြည်သူများ၊ ကျောင်းသား ကျောင်းသူများ၊ နိုင်ငံရေးပါတီများ၊ အသင်းအဖွဲ့များက လာရောက်ဂါရဝပြု အလေးပြုကြစဉ်။** တင်စိုး(မြန်မာ့အလင်း)

**သနပ်ပင်**

၂၀၁၅ ခုနှစ် (၆၈) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ဇူလိုင် ၁၉ ရက် နံနက်တွင် သနပ်ပင်မြို့နယ် မင်းရွာကျေးရွာအထက ကျောင်းဝင်းအတွင်းရှိ အာဇာနည်ကျောက်တိုင်၌ ကျင်းပရာ ဒေသခံပြည်သူ ၅၅ ဦးခန့် တက်ရောက်ခဲ့ပြီး အာဇာနည်ခေါင်းဆောင်များအား လွမ်းသူ့ပန်းခွေချ၍ အလေးပြုခဲ့ကြသည်။

**ရဲထွဋ်(မင်းရွာ)**

# (၆၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားနှင့် စပ်လျဉ်း၍ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်တို့၏ သဘောထားအမြင်များ

တွေ့ဆုံမေးမြန်း
ဥမ္မာသန့် (သတင်းစဉ်)
ဓာတ်ပုံ - ဇော်မင်းလတ်(သတင်းစဉ်)

ရန်ကုန် ဇူလိုင် ၁၉

**၂၀၁၅ ခုနှစ် (၆၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များ၏ သဘောထားအမြင်များကို ကောက်နုတ် စုစည်းဖော်ပြလိုက်ရပါသည်။**

**ဒေါက်တာဒေါ်ခင်လှချို**
**(ဒီးဒုတ်ဦးဘချို၏ မြေးအကြီးဆုံး)**

အာဇာနည်နေ့ ရောက်တိုင်း ရောက်တိုင်း ဗိုလ်ချုပ်အောင်ဆန်းနဲ့ တကွ ကျဆုံးသွားတဲ့ အာဇာနည် ခေါင်းဆောင်တွေ အားလုံးကို သတိတရနဲ့ သူတို့ရဲ့စိတ်ဓာတ်၊ သူတို့ရဲ့စည်းကမ်းနဲ့ သူတို့တိုင်းပြည် အတွက် ကိုယ်ကျိုးစွန့် အနစ်နာခံ ခဲ့ရတာတွေ နောက်ပြီးတော့ သူတို့ရဲ့ တိုင်းပြည်အပေါ်မှာ ထားတဲ့ စေတနာ၊ အလုပ်ဆိုတာ စေတနာနဲ့ တိုင်းရတာပေါ့။ အဲဒါတွေ အသိအမှတ်ပြုပေးဖို့နဲ့ ကောင်းအောင် ကြိုးစားဖို့ ပြောချင်ပါတယ်။ အခမ်းအနားကို ကောင်းအောင် လုပ်ပေးထားတဲ့အတွက် အားလုံးအဆင်ပြေပါတယ်။ ကောင်းပါတယ်။

**ဦးထွေးဝင်း**
**(ဦးဘဝင်း၏သား)**

အမေနဲ့ တောက်လျှောက် အာဇာနည်နေ့ အခမ်းအနား တက်ပါတယ်။ လက်ရှိ အခုလို အခမ်းအနားတွေ လုပ်ပေးတာ ကျေးဇူးတင်ပါတယ်။ အားလုံးက နိုင်ငံအတွက် ဝိုင်းဝန်းကူညီကြပါလို့ ပြောချင်တယ်။

**ဒေါ်မြင့်မြင့်ခိုင်**
**(မန်းဘခိုင်၏သမီး)**

အာဇာနည် ခေါင်းဆောင်ကြီးတွေ မျှော်မှန်းခဲ့တဲ့ ဖွံ့ဖြိုးတိုးတက်တဲ့ မြန်မာနိုင်ငံတော်ကြီးဖြစ်ဖို့ လူတိုင်းကိုယ်စီ အသိစိတ်တွေနဲ့ ဝိုင်းဝန်းကြိုးစားကြပါလို့ တိုက်တွန်းလိုပါတယ်။

**ဒေါ်နန့်ခင်ဌေးရီခိုင်**
**(မန်းဘခိုင်၏ အငယ်ဆုံးသမီး)**

အာဇာနည် ခေါင်းဆောင်ကြီးများ ချမှတ်ထားတဲ့လမ်းစဉ်အတိုင်း တစ်ယောက်နဲ့တစ်ယောက် ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာနဲ့ နေသွားကြဖို့ ပြောချင်ပါတယ်။

**ဦးစဝ်ကိုင်ဖ**
**(မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၏သား)**

အခုလုပ်နေတဲ့ ရှေ့လုပ်ငန်းစဉ်မှာ ညီညွတ်ရေး အများကြီးလိုပါတယ်၊ နိုင်ငံခေါင်းဆောင် အာဇာနည်ကြီးတွေလုပ်ပြသွားတဲ့ နည်းလမ်းအတိုင်း ညီညွတ်ရေးရအောင် အားလုံးဝိုင်းဝန်းကြိုးပမ်းသွားကြပါ။ အလွန်အရေးကြီးပါတယ်။ အပြောတစ်မျိုး အလုပ်တစ်မျိုးမလုပ်ဘဲ အားလုံးညီညီညွတ်ညွတ်လုပ်ကြဖို့ ပြောလိုပါတယ်။

**ဦးတင်မြင့်**
**(ဦးရာဇတ်၏သား အကြီးဆုံး)**

ဒီနေ့မှာ အာဇာနည်ကြီးတွေ ချမှတ်သွားတဲ့လမ်းစဉ်ကို လေးစားပြီး နေ့စဉ်နဲ့အမျှ လိုက်နာသွားဖို့လိုတယ်။ အားလုံးညီညီညွတ်ညွတ်နဲ့ စည်းစည်းလုံးလုံးနဲ့ သူတို့ချမှတ်သွားတဲ့ လမ်းစဉ်ကို လိုက်စေချင်ပါတယ်။

**ဦးကိုကိုလှ**
**(ဦးအုန်းမောင်၏သား)**

အာဇာနည် ခေါင်းဆောင်ကြီးတွေ ကျဆုံးသွားတာ ၆၈ နှစ်မြောက် ရှိသွားပြီ။ မိသားစုဝင်များက အမြဲတမ်း သတိရနေပါတယ်။ နိုဝင်ဘာလ ရွေးကောက်ပွဲပြီးရင် တိုင်းပြည်ကြီးကံကောင်းပါစေလို့ ပြောချင်ပါတယ်။

**ဒေါက်တာမင်းမြင့်**
**(ဦးအုန်းမောင်၏သားအငယ်ဆုံး)**

အာဇာနည်နေ့ကို ၁၉၄၇ ခုနှစ်ကတည်းက အများပြည်သူလူထုက ဝမ်းနည်းကြောင်း အထိမ်းအမှတ်တွေလုပ်ကြတယ်။ အဲဒီလိုလုပ်ပေးတဲ့အတွက် ကျွန်တော့်မိသားစုအနေနဲ့ အများကြီး ကျေးဇူးလည်းတင်တယ်၊ အားလည်းရှိတယ်။ အာဇာနည် ခေါင်းဆောင်ကြီးတွေကို အခုအထိ သတိတရရှိတဲ့အတွက် အများကြီး ဝမ်းသာပါတယ်။ အာဇာနည် ခေါင်းဆောင်ကြီးတွေ ဆောင်ရွက်သွားတဲ့ လွတ်လပ်ရေးကို ရရှိအောင် လုပ်နိုင်တာရယ်။ ဒီမိုကရေစီနိုင်ငံထူထောင်ဖို့ သူတို့ကြိုးပမ်းခဲ့ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည် ခေါင်းဆောင်ကြီးတွေ မျှော်လင့်တောင့်တနေတဲ့ ဒီမိုကရေစီနိုင်ငံကို ထူထောင်နိုင်ဖို့ အများပြည်သူက ဝိုင်းဝန်းပြီး ကိုယ်နိုင်ရာနိုင်ရာ ဖော်ဆောင်မှုရမယ်လို့ မျှော်လင့်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီး အောင်ကိုကို**
**(အငြိမ်းစား)**
**(ရဲဘော်ကိုထွေး၏တူ)**

ငယ်ငယ်တုန်းက အာဇာနည်နေ့အခမ်းအနားဆိုရင် အာဇာနည်နေ့နဲ့ ပတ်သက်ပြီး အထိမ်းအမှတ် စာအုပ်တွေဝေတယ်။ အဲဒီစာအုပ်တွေကို မိသားစု တစ်စုကို အုပ်ရေ ၂၀လောက်ပေးတယ်။ အာဇာနည်နေ့ ပန်းခွေချတဲ့ ပြည်သူလူထုကိုလည်း အဲဒီစာအုပ်တွေဝေတယ်။ ဝေတဲ့အခါ အာဇာနည်နေ့နဲ့ ပတ်သက်ပြီးတော့ ဖြစ်ပေါ်လာပုံကို ကလေးငယ်တွေကအစ သိလာတယ်။ သိတဲ့အတွက် အာဇာနည် ပုဂ္ဂိုလ်ကြီးတွေကို ကြည်ညိုလေးစားမှုရှိတာနဲ့ အမျှ နိုင်ငံအတွက် အနစ်နာခံချင်စိတ်တွေပေါ်လာတယ်။ အာဇာနည် ခေါင်းဆောင်ကြီးတွေ အပေါ် လူငယ်ပိုင်းတွေသိဖို့ စာအုပ်တွေ ဝေငှပေးနိုင်ရင် နောက်တစ်ခါ ကျောင်းတွေမှာလည်း အာဇာနည်နေ့ အထိမ်းအမှတ် လုပ်ဖို့လိုပါတယ်။ လူငယ်ထု အတွင်းစိမ့်ဝင်အောင် လုပ်ပေးဖို့လိုပါတယ်။ အာဇာနည် ခေါင်းဆောင်ကြီးတွေကို လေးစား ကြည်ညိုလာရင် နိုင်ငံအပေါ်မှာလည်း လေးစားကြည်ညိုလာပါမယ်။


ဒေါက်တာဒေါ်ခင်လှချို


ဦးထွေးဝင်း


ဒေါ်မြင့်မြင့်ခိုင်


ဒေါ်နန့်ခင်ဌေးရီခိုင်


ဦးစဝ်ကိုင်ဖ


ဦးတင်မြင့်


ဦးကိုကိုလှ


ဒေါက်တာမင်းမြင့်


ဒုတိယဗိုလ်မှူးကြီး အောင်ကိုကို (အငြိမ်းစား)

# (၆၈)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားများ ကျင်းပ

**မိုးမိတ်**

မိုးမိတ်ခရိုင် မိုးမိတ်မြို့ မြို့ကျက်သရေဆောင်ခန်းမ အလံတိုင်ရှေ့တွင် (၆၈) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် နိုင်ငံတော်အလံကို တိုင်ဝက်လွှင့်ထူခြင်းနှင့် အလေးပြုခြင်းအခမ်းအနားကို ဇူလိုင် ၁၉ ရက် နံနက် ၁၀နာရီခွဲက ကျင်းပရာ တက်ရောက်လာသူများက ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများကို ရည်စူး၍ သံဃာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး အမျှပေးဝေခြင်းအခမ်းအနားကို ရွှေတောင်ဦးမြတ်စွာဘုရားဓမ္မာရုံ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

**ပျဉ်းမနား**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ရန်အောင်(၁) ရပ်ကွက် မင်္ဂလာ ရှမ်းကန်အတွင်းရှိ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တုရှေ့၌ ဇူလိုင် ၁၉ ရက် နံနက် ၇ နာရီမှစတင်၍ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ကျဆုံး လေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများကို ရပ်ကွက် ပြည်သူများ၊ နိုင်ငံရေးပါတီများမှ ပါတီဝင်များ၊ ကျောင်းသား ကျောင်းသူများ လာရောက်အလေးပြုကြကြောင်း သိရသည်။

**ကာရန်ခ**


(၆၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ဇူလိုင် ၁၉ ရက် နံနက်က တောင်ငူမြို့ မိုင်ဒါကွင်းရှိ အာဇာနည်ကျောက်တိုင်ရှေ့တွင်ကျင်းပရာ တောင်ငူမြို့အတွင်းရှိ ဒေသခံပြည်သူများ၊ လူမှုရေးအဖွဲ့အစည်းများ၊ တိုင်းရင်းသားပေါင်းစုံများ၊ ပါတီစုံမှတာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများက အာဇာနည်ကျောက်တိုင်သို့ ချီတက်အလေးပြုဂါရဝပြုစဉ်။
သူရ(တောင်ငူ)

**မော်လမြိုင်**

မွန်ပြည်နယ် မော်လမြိုင်မြို့ သံလွင်ဥယျာဉ်ပန်းခြံရှိ ဗိုလ်ချုပ်ကြေးရုပ်ရှေ့တွင် ဇူလိုင် ၁၉ ရက် နံနက် ၈ နာရီက (၆၈) နှစ်မြောက် အာဇာနည်နေ့အခမ်းအနား ကျင်းပရာ မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေနှင့် ပြည်နယ်ဝန်ကြီးများ တက်ရောက်ကြပြီး ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကို လွမ်းသူ့ ပန်းခွေများချ၍ အလေးပြုကြသည်။

**(လ/၀၁၂)**

**ညောင်တုန်း**

ညောင်တုန်းမြို့ အာဇာနည်ပန်းခြံ၌ ဇူလိုင် ၁၉ ရက် နံနက် ၁၀ နာရီ ၃၇ မိနစ်က (၆၈) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများကို ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီအဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများနှင့် ပြည်သူ ၁၅၀၀ ခန့်က လွမ်းသူ့ပန်းခွေ၊ ပန်းခြင်းများချခြင်း နှစ်မိနစ်ခန့် ဥဩဆွဲငြိမ်သက် အလေးပြုကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

**ပြည်**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့တွင် (၆၈)နှစ်မြောက် အာဇာနည်နေ့ လွမ်းသူ့ပန်းခွေချ ဂါရဝပြုခြင်းအား မြို့ပေါ်ရှိ လူထုလူတန်းစားအသီးသီးမှ မြို့၏အစဉ်အလာအတိုင်း ဗိုလ်ချုပ်မြင်းစီးကျောက်ရုပ်တုရှေ့တွင် အေးချမ်းစွာ ဂါရဝပြုခဲ့ကြသည်။

**အောင်(ဓာတုဗေဒ)**

❖ *ရှေ့ဖုံးမှ*

ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ၊ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်း၊ (၆၈)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှ၍ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ စစ်ရေးချုပ် ဗိုလ်ချုပ်ဆန်းဦး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထွန်းထွန်းနောင်၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ လွှတ်တော် ကိုယ်စားလှယ်များ၊ (၆၈)နှစ်မြောက် အာဇာနည်နေ့ကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။





(၆၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ရန်ကုန်မြို့ အာဇာနည်ဗိမာန်၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကိုယ်စား (၆၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေး ဗဟိုကော်မတီနာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးတို့က ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချစဉ်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကိုယ်စား ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ (၆၈)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ၊ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့သည် အာဇာနည်ဗိမာန်နားနေဆောင်ခန်းမ၌ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကိုယ်စား ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း၊ နှင့် တက်ရောက်လာကြသူများသည် အာဇာနည်ဗိမာန်ရင်ပြင်၌ နေရာယူကြပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွမ်းသူ့ပန်းခွေကို ချ၍ အလေးပြုကြသည်။

ယင်းအချိန်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တိုင်ဝက်သို့ လျှော့ချလွှင့်ထူကာ ဂုဏ်ပြုတပ်ဖွဲ့ဝင်များက သေနတ်မြှောက် အလေးပြုကြပြီး စစ်ခရာအဖွဲ့က ကျဆုံးရဲဘော် အလေးပြုခရာမှုတ်၍ အလေးပြုကြသည်။

ဆက်လက်၍ အာဇာနည်နေ့ အခမ်းအနားသို့ တက်ရောက်လာကြသူများသည် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ နှစ်မိနစ် ငြိမ်သက်စွာဖြင့် မေတ္တာပို့သ အမျှပေးဝေကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကိုယ်စား ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးတို့သည် နံနက် ၈ နာရီတွင် အာဇာနည်ဗိမာန်မှ ပြန်လည်ထွက်ခွာသွားကြသည်။

ထို့နောက် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များသည် အာဇာနည်ခေါင်းဆောင်ကြီးများ၏အထိမ်းအမှတ် ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုကြရာ

*စာမျက်နှာ ၈ သို့*



အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ နိုင်ငံရေးပါတီများက လွမ်းသူ့ပန်းခွေချကာ အလေးပြုစဉ်။



အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချရန် (၆၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေးဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ လာရောက်စဉ်။

# ပြည်တွင်းသတင်း

*စာမျက်နှာ ၇ မှ*

ရှေးဦးစွာ အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏သား ဖြစ်သူ ဦးအောင်ဆန်းဦးနှင့်ဇနီး ဒေါ်လဲ့လဲ့နွယ်သိန်းတို့က အထိမ်းအမှတ် ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုကြပြီး ရှိခိုးကန်တော့၍ မေတ္တာပို့သ အမျှပေးဝေကြသည်။

ဆက်လက်၍ ဗိုလ်ချုပ်အောင်ဆန်း၏ သမီးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်က အထိမ်းအမှတ် ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုပြီး ရှိခိုးကန်တော့၍ မေတ္တာပို့သ အမျှပေးဝေသည်။

ထို့နောက် အာဇာနည်ခေါင်းဆောင်ကြီးများဖြစ်ကြသည့် သခင်မြ၊ ဒီးဒုတ်ဦးဘချို၊ ဦးဘဝင်း၊ မန်းဘခိုင်၊ မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၊ ဦးရာဇတ်၊ ဦးအုန်းမောင်နှင့် ရဲဘော်ကိုထွေးတို့၏ မိသားစုဝင်များက အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချအလေးပြုကြပြီး မေတ္တာပို့သ အမျှပေးဝေကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဌာနချုပ်၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံး၊ မြန်မာနိုင်ငံ ပန်းချီ၊ ပန်းပု အစည်းအရုံး၊ မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ ကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချအလေးပြုကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများ၊ ဥရောပသမဂ္ဂနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့်ကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုကြသည်။

ယင်းနောက် ပြည်သူလူထုများက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားကို အောက်မေ့သတိရခြင်း အထိမ်းအမှတ်အဖြစ် အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြုကြသည်။

**(သတင်းစဉ်)**



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

**အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)





ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးတို့ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)



တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်မတော်သားများနှင့် မိသားစုဝင်များ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ် ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချရန် လာရောက်စဉ်။ (သတင်းစဉ်)



မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများ၊ ဥရောပသမဂ္ဂနှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများနှင့် ကိုယ်စားလှယ်များက အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ် ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချအလေးပြုစဉ်။ (သတင်းစဉ်)

# (၆၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား မြင်ကွင်းပုံရိပ်များ



ဗိုလ်ချုပ်အောင်ဆန်း၏ သားဖြစ်သူ ဦးအောင်ဆန်းဦးနှင့်ဇနီး ဒေါ်လှဲ့လှဲ့နွယ်သိန်းတို့ လွှမ်းသူ့ပန်းခွေချအလေးပြုစဉ်။ (သတင်းစဉ်)



ဗိုလ်ချုပ်အောင်ဆန်း၏ သမီးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည် လွှမ်းသူ့ပန်းခွေနှင့် ပန်းခြင်းချကာ အလေးပြုကန်တော့စဉ်။ (သတင်းစဉ်)



မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း ဂူဗိမာန်၌ မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၏မိသားစုများ လွှမ်းသူ့ပန်းခွေချရန် လာရောက်စဉ်။ (သတင်းစဉ်)



ဦးရာဇတ် ဂူဗိမာန်၌ ဦးရာဇတ်၏ မိသားစုများ လွှမ်းသူ့ပန်းခွေချစဉ်။ (သတင်းစဉ်)



ဦးအုန်းမောင် ဂူဗိမာန်၌ ဦးအုန်းမောင်၏ မိသားစုများ လွှမ်းသူ့ပန်းခွေချကန်တော့စဉ်။ (သတင်းစဉ်)



ရဲဘော်ကိုထွေး ဂူဗိမာန်၌ ရဲဘော်ကိုထွေး၏ မိသားစုများ လွှမ်းသူ့ပန်းခွေချစဉ်။ (သတင်းစဉ်)



## ပြည်သူများ ဂါရဝပြု

(၆၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် ပြည်သူလူထုများ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လာရောက် ဂါရဝပြုကြစဉ်။

(သတင်းစဉ်)

# ရေဘေးသင့်ပြည်သူများအတွက် ကူညီစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၁၉

**စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ်အတွင်း ဇူလိုင် ၁၆ ရက် ညနေပိုင်းမှစ၍ အဆက်မပြတ် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်ကျင်းကျေးရွာအနီးရှိ သစ်ခဲချောင်းရေလှောင်တမံသည် ယနေ့နံနက် ၂ နာရီခန့်တွင် ရေလျှံမှုဖြစ်ပေါ်ကာ တမံအောက်ရှိ တောင်ကျင်းကျေးရွာ၊ ထွေးပင်ကျင်းကျေးရွာ၊ လက်ယက်တွင်းကျေးရွာနှင့် အင်ကြင်းမကျေးရွာတို့တွင် ရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့သည်။ ထိုသို့ ရေဝင်ရောက်ခဲ့သော ကျေးရွာများမှ အန္တရာယ်ရှိသည့် တောင်ကျင်းကျေးရွာရှိ အိမ်ထောင်စု ၆၁ စု၊ လူဦးရေ ၂၃၅ ဦးတို့အား မြို့နယ်ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက ကျေးရွာအခြေခံပညာမူလတန်းကျောင်းသို့ ခေတ္တရွှေ့ပြောင်းနေရာချထားပေးခဲ့သည်။**

အလားတူ ကန့်ဘလူမြို့နယ်နှင့် ကျွန်းလှမြို့နယ်တို့တွင် ဇူလိုင် ၁၆ ရက်မှစ၍ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ချောင်းများရေလျှံခြင်း၊ ကန့်ဘလူမြို့နယ် အင်းမကျေးရွာအနီးရှိ မင်းမြင်ဆည်ရေမြင့်တက်ပြီး ရေပိုလွှဲမှ ရေများထုတ်လွှတ်ခြင်းတို့ကြောင့် ယင်းဆည်အနီးတစ်ဝိုက်မှ ချပ်သင်းကျေးရွာ၊ အင်းမတောင်ကျေးရွာ၊ ညောင်ကုန်းကျေးရွာနှင့် ဟင်သော်ကျေးရွာများရှိ လူနေအိမ်ခြေများ ရေနစ်မြုပ်မှုများဖြစ်ပေါ်ခဲ့ပြီး သက်ဆိုင်ရာမြို့နယ်၊ ကျေးရွာတို့မှ တာဝန်ရှိသူများက ရေဘေးသင့်သူများအား ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းနောင်တို့သည် တာဝန်ရှိသူများနှင့်အတူ မင်းမြင်ဆည်အနီးရှိ အင်းမရွာသို့သွားရောက်၍ ဆည်တမံခိုင်ခံ့ရေးအတွက် လိုအပ်သောပစ္စည်းများနှင့် စားသောက်ဖွယ်ရာများအား ရဟတ်ယာဉ်ဖြင့် ပို့ဆောင်ပေးနေမှု အခြေအနေများကို ကြည့်ရှု၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ကောလင်းမြို့မှ ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးစဉ်။

## ရေဘေးသင့်သူများအား ကူညီဆောင်ရွက်

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်နှင့် ကသာခရိုင်တို့တွင် ဇူလိုင် ၁၆ ရက်မှ စတင်ပြီး မိုးသည်းထန်စွာရွာသွန်းခဲ့ရာ ဆည်ရေများလျှံကျခြင်း၊ တာပေါင်အချို့ကျိုးပေါက်ခြင်းနှင့် ကျေးရွာအချို့ရေဝင်ခြင်း၊ ရထားလမ်း၊ ကားလမ်းများ ရေကျော်မှုများ ဖြစ်ပွားခဲ့သည်။

အဆိုပါ ရေဘေးသင့်ဒေသများသို့ သွားရောက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ၊ တပ်မတော်၊ ရဲတပ်ဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များပါဝင်သော ပူးပေါင်းအဖွဲ့ဝင်များက ကူညီကယ်ဆယ်ရေးစခန်းများဖွင့်လှစ်ကာ ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ဇူလိုင် ၁၉ ရက်တွင်လည်း ကယ်ဆယ်ရေးစခန်းများ ထပ်မံဖွင့်လှစ်ပြီး ရေဘေးသင့်ဒေသခံများအတွက် စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များနှင့် သန့်ရှင်းသော သောက်သုံးရေများရရှိရေးအတွက် လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

## ရေမြောင်းနှင့် တံတားများ ပြန်လည်တူးဖော်ပြုပြင်

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မုံရွာမြို့နယ် ခံတောကျေးရွာနှင့် အခြေခံပညာမူလတန်းကျောင်းတို့၌ ရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့ရာ ဇူလိုင် ၁၆ ရက်တွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်သားများက ကျေးရွာအတွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများအတွင်းရှိ အမှိုက်များဆယ်ယူခြင်း၊ ရေမြောင်းများ ပြန်လည်တူးဖော်ခြင်းနှင့် တံတားများပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်မှုများကို တိုင်းမှူး ဗိုလ်ချုပ်မင်းနောင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးသည်။

အလားတူ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ရှားပင်ကျေးရွာအုပ်စု ထောက်ရှာပင်ကျေးရွာတွင် ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကာ အန္တရာယ်ရှိလာသဖြင့် ကျေးရွာပြည်သူများအား တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ပြီး ကျန်ရှိသော နေအိမ် ၂၅ လုံးကို ပခုက္ကူတပ်နယ်မှ တပ်မတော်သားများက ဇူလိုင် ၁၇ ရက်တွင် ဆက်လက်ရွှေ့ပြောင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

## သီးနှံစိုက်ဧကများ ရေနစ်မြုပ်မှုဖြစ်ပေါ်

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဇူလိုင် ၁၅ ရက်မှ ၁၈ ရက်အတွင်း မိုးသည်းထန် စွာရွာသွန်းခဲ့မှုကြောင့် ဒေသအချို့ရှိ သီးနှံစိုက်ဧကများ ရေနစ်မြုပ်မှု ဖြစ်ပေါ်ခဲ့သည်။



ကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားသည့် ဘုန်းတော်ကြီးကျောင်း၌ ရေဘေးသင့်ပြည်သူများအား နေရာချထားပေးမှုကို တွေ့ရစဉ်။

အဆိုပါ ရေနစ်မြုပ်မှုများတွင် နွှေစပါးနစ်မြုပ်မှုမှာ ဒီပဲယင်း မြို့နယ်တွင် ၄၂ ဧက၊ ကန့်ဘလူမြို့နယ်တွင် ၁၅၁ ဧက၊ တန့်ဆည်မြို့တွင် ၁၄၂၄ ဧက၊ ရေဦးမြို့နယ်တွင် ၈၃၆ ဧက စုစုပေါင်း နွှေစပါး ၂၄၅၃ ဧက၊ မိုးစပါးနစ်မြုပ်မှုမှာ ကသာမြို့နယ်တွင် ၁၅ ဧက၊ ထီးချိုင့်မြို့နယ်တွင် ၂၁၀၉ ဧက၊ ကောလင်းမြို့နယ်တွင် ဧက၂၆၅၀၀၊ အင်းတော်မြို့နယ်တွင် ၂၁ ဧက၊ ဝန်းသိုမြို့နယ်တွင် ဧက ၃၆၇၀၊ ပင်လည်ဘူးမြို့နယ်တွင် ၆၆၆ ဧက၊ မင်းကင်းမြို့နယ်တွင် ၁၀၉၅ ဧက၊ ရေဦးမြို့နယ်တွင် ၂၅၉၅ ဧက၊ ဘုတလင် မြို့နယ်တွင် ၁၈ ဧက စုစုပေါင်း မိုးစပါး ၃၆၆၈၉ ဧက နှင့် မိုးစပါးပျိုးထောင်ထားမှု နစ်မြုပ်မှုမှာ ဒီပဲယင်းမြို့နယ်တွင် ၁၅၉ ဧက၊ ကန့်ဘလူမြို့နယ်တွင် ဧက ၁၃၃၀၊ တန့်ဆည်မြို့နယ် တွင် ၄၈၈ ဧက၊ ရေဦးမြို့နယ်တွင် ဧက ၁၁၇၀ စုစုပေါင်း ၃၁၄၇ ဧကတို့ဖြစ်ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ကနဦးသတင်းများအရ သိရှိရသည်။

## ကောလင်း

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်တွင် ဇူလိုင် ၁၆ ရက်မှ ၁၈ ရက်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကျေးရွာအချို့ ရေနစ်မြုပ်ခဲ့ရာ ၎င်းကျေးရွာများမှ ဒေသခံ ၈၀၀ ခန့်ကို ကောလင်းမြို့ရှိ အလယ်ကျောင်း၊ အနောက်ကျောင်းကြီးနှင့် ရေဝန်းကျောင်း စသည့် ဘုန်းတော်ကြီးကျောင်းများတွင် ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိကာ အစားအစာများထောက်ပံ့ခြင်း၊ ဆေးဝါးကုသခြင်းများကို ကသာခရိုင်မှ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ဒေသခံများက ဝိုင်းဝန်းကူညီဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

## ခင်ဦး

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မူးမြစ်ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ပြီး မြို့နယ်အတွင်းရှိ ကားဆိပ်၊ ကျွန်းတောကြီး၊ ဥယျာဉ်၊ ယာတော်၊ ဆည်ကြီး၊ သာဝတ္ထိ၊ ငါးရုံကြီး၊ တာတိုင်နှင့် မူးသာကျေးရွာများတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ရာ အိမ်ခြေ ၃၈၉ အိမ်နှင့် လူဦးရေ ၁၇၃၇ ခန့် ရေဘေးသင့်ခဲ့ပြီး ကျေးရွာချင်းဆက် တံတားတစ်စင်း ပျက်စီးခဲ့သည်။

အဆိုပါ ရေဝင်ရောက်သည့်ကျေးရွာများသို့ မြို့နယ်မှ တာဝန်ရှိသူများ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ပူးပေါင်းအဖွဲ့များသည် ကွင်းဆင်း၍ ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ပြီး ရေဘေးသင့်ပြည်သူများအတွက် စားဝတ်နေရေးနှင့် ကျန်းမာရေး ကူညီစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

## တကောင်း

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ် တကောင်းမြို့ပေါ်နှင့် ကျေးရွာများတွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးမှုများဖြစ်ပေါ်ကာ ရေတိုက်စား ကမ်းပါးပြို၍ လူနေအိမ်အချို့ ပျက်စီးခဲ့သည်။

ထို့ပြင် မြေနိမ့်ပိုင်းရှိ ဌာနဆိုင်ရာရုံးများ၊ ရပ်ကွက်များအတွင်းရှိ လူနေအိမ်များ၊ လမ်းများတွင် ရေဝင်ရောက်ပြီး မန္တလေး-ဗန်းမော်ကားလမ်း၊ တကောင်းမြို့နှင့် သပိတ်ကျင်းမြို့နယ်အတွင်းရှိ လမ်းတံတားများ ရေတိုက်စားမှုကြောင့် ပျက်စီးခဲ့သည်။

၎င်းမြို့တွင် ထူးခြားမိုးရေချိန်အဖြစ် ဇူလိုင် ၁၆ ရက်က မိုးရေချိန် ၄ ဒသမ ၈၀ လက်မ၊ ဇူလိုင် ၁၇ ရက်က ၁ ဒသမ ၇၇ လက်မ၊ ဇူလိုင် ၁၈ ရက်က ၅ ဒသမ ၈၇ လက်မနှင့် ဇူလိုင် ၁၉ ရက်တွင် ၅ ဒသမ ၉၈ လက်မ ရွာသွန်းခဲ့ကြောင်း သိရသည်။

## ရေတာရှည်

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်၊ ရေတာရှည်မြို့နယ်တွင် ဇူလိုင် ၁၇ ရက်မှစ၍ မိုးအဆက်မပြတ် ရွာသွန်းခဲ့မှုကြောင့် ရေတာရှည်မြို့နယ်ရှိ ညောင်ပင်ကိုင်းကျေးရွာနှင့် ညောင်ပင်သာ ကျေးရွာများအတွင်း ရေသုံးပေခန့်အထိ ဝင်ရောက်ခဲ့ပြီး သပြေတန်း၊ ဝါးတောကြီး၊ ဘိုးကြာညို၊ ညောင်ပင်သာ၊ ပိတောက်ခင်၊ အင်းပလက်၊ ဘိုးတော်ကုန်းနှင့် ဒိုးတန်း စသည့်ကျေးရွာများရှိ လယ်ကွင်းများ ရေနစ်မြုပ်လျက်ရှိသည်။

အလားတူ ဇူလိုင် ၁၈ ရက် ည ၉ နာရီမှ ဇူလိုင် ၁၉ ရက် နံနက် ၇ နာရီအထိ ညောင်ပင်ကိုင်း-ပိတောက်ခင် ကျေးရွာချင်းဆက်လမ်းနှင့် ညောင်ပင်သာ-အောင်ချမ်းသာကျေးရွာချင်းဆက်လမ်းများတွင် ရေ နှစ်ပေခန့်၊ ရေတာရှည်မြို့နယ် မြောက်ဘက်နှင့် ညောင်ပင်သာကျေးရွာအကြား ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် (၁၉၂/၃ နှင့် ၁၉၂/၄) အကြားတွင် ရေတစ်ပေခွဲခန့် ရေကျော်နစ်မြုပ်လျက်ရှိသည်။

ယနေ့နံနက် ၁၀ နာရီတွင် မိုးရွာသွန်းမှုမရှိသဖြင့် ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် (၁၉၂/၃ နှင့် ၁၉၂/၄)တွင် ရေကျသွားပြီး ပုံမှန်သွားလာလျက်ရှိကြောင်း သိရသည်။



စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရေကြီးမှုကြောင့် အိမ်ရာပြောင်းရွှေ့သူများအား တပ်မတော်သားများက ကူညီဆောင်ရွက်ပေးကြစဉ်။

**သတင်းအရင်းအမြစ်**

**သတင်းစဉ်၊ မြဝတီ၊ တိုင်းဒေသကြီး ပြန်/ဆက်**

# ရေကြီးရေလျှံမှုဖြစ်ပွားသည့်နေရာများတွင် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး ဆည်တာတမံများကျိုးပေါက်မှုမရှိ

**နေပြည်တော် ဇူလိုင် ၁၉**

မြန်မာနိုင်ငံတစ်ဝန်းတွင် ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ရေလှောင်တမံ ၁၂ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ဆည်တာတမံများကျိုးပေါက်မှုမရှိစေရေး ရေပိုလွှဲများမှ ရေထုတ်လွှတ်လျက်ရှိကြောင်း သိရသည်။

အဆိုပါရေလှောင်တမံ ၁၂ ခုမှာ ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့ရှိ ရေဘုတ်ရေလှောင်တမံ၏ ရေလှောင်ပမာဏ ၂၈၄၇၄ ဧကပေ၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရွှေဘိုခရိုင် ကျွန်းလှမြို့ရှိ ကင်းတပ်ရေလှောင်တမံ၏ ရေလှောင်ပမာဏ ၃၈၂၉၅ ဧကပေ၊ ကန့်ဘလူမြို့ရှိ သိန်ရင်ရေလှောင်တမံ၏ ရေလှောင်ပမာဏ ဧကပေ ၃၇၄၀ နှင့် ကလေးခရိုင်အတွင်း ကလေးမြို့ရှိ ရာဇဗြိုဟ်ရေလှောင်တမံ၏ ရေလှောင်ပမာဏ ဧကပေ ၅၂၀၀၀ ၊ မင်းမြင်ရေလှောင်တမံ၏ ရေလှောင်ပမာဏ ဧကပေ ၁၉၀၁၀၊ ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့ရှိ တောင်နဝင်းရေလှောင်တမံ၏ ရေလှောင်ပမာဏ ၂၁၁၉၆ ဧကပေ၊ မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်အတွင်း ငဖဲမြို့ရှိ မန်းရေလှောင်တမံ၏ရေလှောင်ပမာဏ ဧကပေ ၁၂၀၀၀၀နှင့် ပွင့်ဖြူမြို့ရှိ ကြီးအုံကြီးဝရေလှောင်တမံ၏ရေလှောင်ပမာဏ ဧကပေ ၃၅၅၆၂၀၊ ရခိုင်ပြည်နယ် စစ်တွေခရိုင် ကျောက်တော်မြို့ရှိ ပြိုင်းချောင်းရေလှောင်တမံ၏ရေလှောင်ပမာဏ ၂၅၂၀၅ ဧကပေ၊ ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့အတွင်းရှိ ဘန့်ဘွေးကုန်းရေလှောင်တမံ၏ရေလှောင်ပမာဏ ၁၇၃၅ ဧကပေနှင့် ဇာမဏီအင်းရေလှောင်တမံ၏ရေလှောင်ပမာဏ ၅၃၆၄ ဧကပေ၊ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် အင်္ဂပူမြို့ရှိ ကညင်ရေလှောင်တမံ၏ ရေလှောင်ပမာဏ ဧကပေ ၁၄၅၀၀၀ တို့ဖြစ်ကြောင်း သိရသည်။

အဆိုပါရေလှောင်တမံတို့တွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီပြီဖြစ်၍ ဆည်တာတမံများကျိုးပေါက်မှု မရှိစေရေး ပိုလျှံရေများကို ရေပိုလွှဲများမှတစ်ဆင့် ရေထုတ်လွှတ်လျက်ရှိကြောင်း၊ ထို့ပြင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားသည့်နေရာများတွင် တာဝန်ရှိသူများက အရေးပေါ်ရေဘေးကယ်ဆယ်ရေးလုပ်ငန်း စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# မင်းမြင်ရေလှောင်တမံ ရေတိုက်စား၍ မြေသားပဲ့ကျသည့် နေရာနှစ်ခုတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ စစ်သည်များက သဲအိတ်ချ တာဖို့ပြုပြင်လျက်ရှိ



**နေပြည်တော် ဇူလိုင် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်နှင့် ကျွန်းလှမြို့နယ်အတွင်း မိုးရွာသွန်းမှုကြောင့် ဇူလိုင် ၁၈ ရက်က ကန့်ဘလူမြို့နယ် မင်းမြင်ရေလှောင်တမံ၏ ရေပြည့်မှတ်ထက် ကျော်လွန်လျှံတက်မှုကြောင့် မြေသားတမံ၏ အလျားပေ ၂၀ ခန့်ရှိ နေရာနှစ်ခုတွင် ရေတိုက်စားမြေသားပဲ့ကျမှုများ ဖြစ်ပွားခဲ့သည်။

အဆိုပါ မြေသားတမံ ပြိုကျပျက်စီးမှုကို အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်သားများက ဇူလိုင် ၁၈ ရက် ညနေပိုင်းမှ ညပိုင်းအထိ သဲအိတ်များဖို့ကာ မြေထိန်းတမံရေတိုက်စား မြေသားပဲ့ကျမှုများ ထပ်မံမဖြစ်ပေါ်စေရန် ဝိုင်းဝန်းဆောင်ရွက်ခဲ့သည်။ **(ဓါတ်ပုံ)**

ထိုသို့ ဆောင်ရွက်မှုကို ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းနောင်နှင့် တာဝန်ရှိသူများသည် သွားရောက်ကြည့်ရှုစစ်ဆေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ယခုအချိန်တွင်းတွင် သဲအိတ်များဖြင့် အချိန်မီ တမံဖို့ပြီးဖြစ်၍ မင်းမြင်ရေလှောင်တမံ စိုးရိမ်ဖွယ်ရာမရှိကြောင်း၊ ပိုမိုစိတ်ချရစေရန် စစ်သည်များနှင့် အထောက်အကူပြုပစ္စည်းများကို ရဟတ်ယာဉ်သုံးစင်းဖြင့် ထပ်မံပို့ဆောင်ပေးကာ သဲအိတ်ချတာဖို့ခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ရေကျဆင်းသွားသည့် ကျွန်းလှမြို့ပေါ်ရှိ ရပ်ကွက်များ၊ လူနေအိမ်ပတ်ဝန်းကျင်များတွင် ကူးစက်ရောဂါများမဖြစ်ပေါ်စေရေး၊ ကျွန်းလှမြို့နယ်ပြည်သူ့ဆေးရုံနှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဆေးဖျန်းခြင်း၊ ရေတွင်းရေကန်များကို ရေသန့်ဆေးများခတ်ခြင်း စသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

❒ *ကျောဖုံးမှ*

ရေဝင်ရောက်မှုများကြောင့် မြေသားတမံ အလျားပေ ၂၀ ခန့် နေရာနှစ်ခုတွင် ရေစီးကြောင်းတိုက်စားမှုကြောင့် မြေသားပဲ့ကျမှုသာဖြစ်ပေါ်ခဲ့ပြီး တမံ၏ကိုယ်ထည်နှင့် အခြားအဆောက်အအုံများ ထိခိုက်ပျက်စီးမှုမရှိကြောင်း၊ ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများသည် တပ်မတော်သားများနှင့် ပူးပေါင်းပြီး အချိန်နှင့်တစ်ပြေးညီ ပြန်လည်ပြုပြင်နိုင်ခဲ့ပြီး ဆက်လက်ဆောင်ရွက်လျက်ရှိသဖြင့် ဘေးကင်းလုံခြုံပြီး စိတ်ချရမှုရှိပြီးဖြစ်ကြောင်း၊ မင်းမြင်တမံ၏ ရေပြည့်မှတ်မှာလည်း ယနေ့နံနက် ၆ နာရီတွင် RL. ၆၈၈ ဒသမ ၆၀ ပေသို့ ပြန်လည်ကျဆင်းခဲ့ပြီး မိုးရွာသွန်းမှုလျော့နည်းလာမှုနှင့်အတူ ဆက်လက်ကျဆင်းမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# နန့်သဲရေကျော်တံတားတွင် ကားအစီးပေါင်း ၁၀၀ကျော် လမ်းပိတ်ဆို့မှုဖြစ်နေ

**အင်းတော် ဇူလိုင် ၁၉**

ရွှေဘို-မြစ်ကြီးနားသွား အင်းတော်မြို့နယ်လမ်းပိုင်းရှိ နန့်သဲချောင်းရေကျော် ကားလမ်းတံတား၌ ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ရာ ခရီးသွားယာဉ်များ ရေအကျစောင့်ဆိုင်းနေကြရသဖြင့် ကားလမ်းမပေါ်၌ လမ်းပိတ်ဆို့မှုများ ယမန်နေ့ ည ၉ နာရီအထိ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

"မိုးတွေက နေ့တိုင်းရွာတော့ နန့်သဲချောင်းရေက အတော်လေးကြီးနေတယ်။ အခုဆိုရင် ကျွန်တော်တို့ ကားတွေမောင်းလို့မရသေးဘူး၊ ရေက အခုမှ တိုးနေတုန်း၊ ကားတွေအစီး ၁၀၀ ကျော်ရှိတယ်၊ ကူညီရေးအဖွဲ့တွေ မလာသေးတော့ အခက်အခဲရှိပါတယ်" ဟု ကားမောင်းဆရာတစ်ဦးက ပြောသည်။

နန့်သဲချောင်း ရေကျော်တံတားသည် နန့်သဲချောင်းကိုဖြတ်သန်းကာ ဆောက်လုပ်ထားသော ကွန်ကရစ်ရေကျော်တံတားဖြစ်သည်။ထိုနန့်သဲချောင်းသည် ကားလမ်း၏ တောင်ဘက်တွင်ရှိသည့် ဂဟဲတောတောင်များကို ရေဝေရေလဲခံကာ စီးဆင်းလာသောချောင်းဖြစ်သည်။ မိုးများသည်းထန်စွာရွာသည့်အခါတွင် ရေကြီးမှုမြန်ဆန်ခြင်းများရှိတတ်ပြီး တောင်ကျချောင်းရေဖြစ်သဖြင့် ရေစီးသန်ခြင်းကြောင့် ဖြတ်သန်းရန် ခက်ခဲခြင်းဖြစ်သည်ဟု သိရသည်။

**သန်းမောင်လေး(ကချင်မြေ)**



❍ *ကျောဖုံးမှ*

စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များနှင့် သန့်ရှင်းသော သောက်သုံးရေများကို အချိန်နှင့်တစ်ပြေးညီ ထောက်ပံ့ပေးလျက်ရှိပြီး အခြားလိုအပ်သည်များကိုလည်း ကူညီဆောင်ရွက်ပေးလျက်ရှိကြသည်။

အလားတူ ကန့်ဘလူနှင့် ကျွန်းလှမြို့နယ်တို့တွင် ရေကြီးရေလျှံပြီး ရေဝင်ရောက်လျက်ရှိသော ကျေးရွာများမှ ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ကယ်ဆယ်ရေးနှင့် ကူညီရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူ များသည် ဇူလိုင် ၁၈ ရက် နံနက်ပိုင်းက ရွှေဘိုခရိုင် ရွှေဘို-မြစ်ကြီးနားရထားလမ်းပိုင်းတွင် မိုးရွာသွန်းမှုကြောင့် လမ်းဘေးဝဲယာတွင် ရေလွှမ်းမှု အခြေအနေများကိုလည်းကောင်း၊ ကျွန်းလှမြို့အတွင်း ရေဝင်ရောက်မှု အခြေအနေများအားလည်းကောင်း လှည့်လည်စစ်ဆေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းနောင်နှင့် တာဝန်ရှိသူများသည် မွန်းလွဲပိုင်းတွင် ကျွန်းလှမြို့မှ ရဟတ်ယာဉ်ဖြင့် မင်းမြင်ဆည်ရေသိုလှောင်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ရေပိုလွှဲမှ ရေထုတ်လွှတ်မှုကြောင့် ပြောင်းရွှေ့နေရာချထားရသည့် ကျေးရွာများမှ ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးအပ်ကာ ကယ်ဆယ်ရေးစခန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

# အမျိုးသားစာပေဆု ချီးမြှင့်ရာတွင် ထည့်သွင်းစဉ်းစားနိုင်ရေးအတွက် စာအုပ်များပေးပို့ကြရန် စာရေးသူများ၊ စာပေထုတ်ဝေဖြန့်ချိသူများနှင့် စာဖတ်ပရိသတ်များသို့ မေတ္တာရပ်ခံနှိုးဆော်

**ရန်ကုန် ဇူလိုင် ၁၉**

နိုင်ငံတော်အစိုးရသည် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးကိုရှေးရှု၍ စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များပါဝင်သော အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီဖွဲ့စည်းကာ ပြက္ခဒိန် နှစ်တစ်နှစ်အတွင်းထုတ်ဝေသောစာအုပ်များကို ဘာသာရပ် ၁၆ မျိုးခွဲခြား၍ အမျိုးသားစာပေဆုများ နှစ်စဉ်ချီးမြှင့်ပေးလျက်ရှိပါသည်။

အမျိုးသားစာပေဆုသည် နိုင်ငံတော်အဆင့်စာပေဆုဖြစ်၍ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရာ၌ လွတ်လပ်ပြီး မျှတမှုရှိစေရန် အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီတွင် ပြန်ကြားရေးဝန်ကြီးဌာနမှဝန်ထမ်းများ မပါဝင်စေဘဲ စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များဖြင့်သာ ဖွဲ့စည်းထားပါသည်။ ရွေးချယ်ရာတွင်လည်း ဆုရသင့်၊ ရထိုက်သည့်စာအုပ်များ ရရှိစေရန် ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်ဟူ၍ အဆင့်သုံးဆင့် ပိုင်းခြားစိစစ်ရွေးချယ်လျက်ရှိပါသည်။

ယခုအခါ ထုတ်ပြန်ပြီးဖြစ်သည့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ မူပိုင်ခွင့်မှတ်ပုံတင်ဌာနခွဲသို့ အဖိုးအခလွတ် ပေးပို့ရမည့်စာအုပ်စာရင်းများတွင် အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီအတွက် မပါရှိတော့ပါ။ သို့ဖြစ်၍ ၂၀၁၅ ခုနှစ်အတွင်း မိမိတို့ရေးသားခဲ့သော ပထမအကြိမ် ထုတ်စာအုပ်များမှ လေးအုပ်စီကို စာပေဆုများ အုပ်ချုပ်ထောက်ပံ့မှုကော်မတီသို့ပေးပို့နိုင်ရေး နှိုးဆော်အပ်ပါသည်။

စာအုပ်ရရှိရေးအစီအမံ ပိုမိုပြည့်စုံစေရန်နှင့် စာရေးဆရာများ အခွင့်အရေးဆုံးရှုံးမှုမရှိစေရန် စာပေထုတ်ဝေဖြန့်ချိသူများနှင့် စာဖတ်ပရိသတ်တစ်ဦးချင်းတို့က အမျိုးသားစာပေဆုတွင် ထည့်သွင်းစဉ်းစားသင့်သည့် စာအုပ်များကိုဖြစ်စေ၊ စာအုပ်စာရင်းကိုဖြစ်စေ၊ အကြံပြုချက်များကိုဖြစ်စေ ပေးပို့လိုပါက ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

အမျိုးသားစာပေဆုအတွက် ထည့်သွင်းစဉ်းစားသင့်ကြောင်း အကြံပြုလိုသည့် အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည် စာအုပ်အမည်၊ ရေးသားသူ၊ ထုတ်ဝေသည့် စာအုပ်တိုက်၊ ထုတ်ဝေသည့်ခုနှစ်တို့ကိုဖော်ပြ၍ "စာပေဆုများ အုပ်ချုပ်ထောက်ပံ့မှုကော်မတီ စာပေဗိမာန် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၃၈၇၇၂၄နှင့် ၀၁-၃၈၁၄၄၉ " တို့သို့ ပေးပို့နိုင်ပါသည်။ စာတိုက်မှပေးပို့လိုသူများအနေဖြင့် မှတ်ပုံတင်ပြုလုပ်၍ ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## စာပေဗိမာန်စာမူဆု ချီးမြှင့်နိုင်ရေးပြိုင်ပွဲဝင်စာမူများ ဖိတ်ခေါ်

**ရန်ကုန် ဇူလိုင် ၁၉**

နိုင်ငံတော်အစိုးရသည် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးကိုရှေးရှု၍ စာပေဗိမာန်စာမူဆုပြိုင်ပွဲကို နှစ်စဉ်ကျင်းပပေးလျက်ရှိသည်။ အဆင့်မီသော စာမူများကို ရွေးချယ်ဆုချီးမြှင့်နိုင်ရန် စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များပါဝင်သော စာပေဗိမာန်စာမူဆုစိစစ်ရွေးချယ်ရေးအဖွဲ့ ဖွဲ့စည်းပြီး ပြိုင်ပွဲဝင်စာမူများကို ဘာသာရပ် (၁၃)မျိုးခွဲခြား၍ စာပေဗိမာန်စာမူဆုများ နှစ်စဉ်ချီးမြှင့်ပေးလျက်ရှိသည်။

စာပေဗိမာန်စာမူဆုသည် ပြန်ကြားရေးဝန်ကြီးဌာနကချီးမြှင့်သော စာမူဆုဖြစ်၍ စာမူများစိစစ်ရွေးချယ်ရာတွင် လွတ်လပ်ပြီး မျှတမှုရှိစေရန် စာပေဗိမာန်စာမူဆု စိစစ်ရွေးချယ်ရေးအဖွဲ့တွင် ပြန်ကြားရေးဝန်ကြီးဌာနမှဝန်ထမ်းများ မပါဝင်စေဘဲ စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များဖြင့်သာ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။ ရွေးချယ်ရာတွင်လည်း ဆုရသင့်ရထိုက်သည့် စာအုပ်များရရှိစေရန် ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်ဟူ၍ အဆင့်သုံးဆင့် ပိုင်းခြားစိစစ်ရွေးချယ်လျက်ရှိသည်။

သို့ဖြစ်၍ ၂၀၁၅ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုများ ရွေးချယ်ချီးမြှင့်နိုင်ရန် ပြိုင်ပွဲဝင်စာမူများကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် ညနေ ၄ နာရီခွဲအထိ ပြိုင်ပွဲဝင်ပုံစံတွင်ဖြည့်သွင်း၍ ပတ်စပို့အရွယ်ဓာတ်ပုံနှစ်ပုံနှင့်အတူ "စာတည်းမှူးချုပ် စာပေဗိမာန် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ထံ ပေးပို့တင်သွင်းနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း ၀၁-၃၈၇၇၂၄ နှင့် ၀၁-၃၈၁၄၄၉" တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မော်လူး၌ ရေကြီးရေလျှံမှုဖြစ် နန့်ဒရန်ချောင်း ယာဉ်များသွားလာမှုခက်ခဲ

**မော်လူး ဇူလိုင် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသတွင် ဇူလိုင် ၁၄ ရက်မှ ၁၉ ရက်အထိ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မော်လူးချောင်း၊ ဟဲနုချောင်းများ ရေကြီးရေလျှံမှုဖြစ်ကာ ရပ်ကွက်များသို့ ရေများဝင်ရောက်လာသဖြင့် ကျွဲ၊ နွားများကို ရေလွတ်ရာအရပ်သို့ ရွှေ့ပြောင်းကြရသည်။ မော်လူးအဝင် စိပိန်းကျေးရွာအနီးရှိ နန့်ဒရန်ချောင်းကူးကွန်ကရစ် RC တံတားကြီးမှာ မပြီးမသတ်နိုင်သေး၍ ကားများသွားလာနိုင်ရန် ကွင်းလမ်းလုပ်ပေးထားသော တံတားငယ်မှာလည်း ရေကြီးရေလျှံမှုနှင့်အတူ ချောင်းရေတိုက်စားသဖြင့် ပျက်စီးသွားရာ ရေကျချိန်မစောင့်ဆိုင်းနိုင်သောယာဉ်ကြီးများ ချောင်းရေကိုအံတုကာ ဖြတ်သန်းမောင်းနှင်လာကြသည်။ ရေမပေါက်၍ စောင့်ဆိုင်းနေကြသော ကားတန်းကြီးများကို မော်လူး ကိုချိတ်-မစိမ်းလန်း (ခိုင်ဝင်းလှဲကွန်ပျူတာ) မိသားစုတို့က စား သောက်ဖွယ်ရာများ သွားရောက် ဝေငှလှူဒါန်းကြကြောင်း သိရသည်။



ညိုမြင်းထက်(မြန်မာစာ)

## အုန်းချောင်းတံတားပေါ်မှ ယာဉ်တစ်စီး ချောင်းထဲသို့ထိုးကျ ကလေးတစ်ဦးသေဆုံး

**မာန်အောင် ဇူလိုင် ၁၉**

ရခိုင်ပြည်နယ် မာန်အောင်မြို့ အုန်းချောင်းတံတားပေါ်မှ ယာဉ်တစ်စီးထိုးကျပြီး ကလေးတစ်ဦး သေဆုံးမှု ဇူလိုင် ၁၈ ရက် ညနေ ၃ နာရီခန့်က ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မာန်အောင်မြို့နယ် မြေနီပြင်ကျေးရွာနေ ယာဉ်ပိုင်ရှင် ဦးဘသိန်း (၅၃ နှစ်) မောင်းနှင်သော ဆူပါကာစတန်ယာဉ်သည် သင်္ဘောဆိပ်ကမ်းမှမောင်းနှင်လာကာ အုန်းချောင်းတံတားကိုဖြတ်ကျော်စဉ် တံတားဘီးလိုမ့်လမ်းမှလွဲချော်ပြီး အရှိန်မထိန်းနိုင်ဘဲ တံတားပေါင်တန်းကိုဝင်တိုက်ရာ ကျိုးကျ၍ ချောင်းထဲသို့ ထိုးကျခဲ့သည်။ ကားတွင်ပါလာသော ၎င်း၏ဇနီး ဒေါ်ကြည်ကြည် (၄၈ နှစ်) နှင့် တူတော်သူ မောင်ဒီယံစိုး (၄ နှစ်) တို့ပါသွားခဲ့ရာ မောင်ဒီယံစိုးမှာ သေဆုံးခဲ့သည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ မာန်အောင်မြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

သိန်းဖေ(ပြန်/ဆက်)

## မူးမြစ်မှ ရေများဝင်၍ ခင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာများ ရေနစ်မြုပ်

**ခင်ဦး ဇူလိုင် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဇူလိုင် ၁၈ ရက် ညပိုင်းမှစ၍ မူးမြစ်ရေလျှံခဲ့ရာ မူးမြစ်နှင့် နီးကပ်စွာရှိသော ကျေးရွာရှစ်ရွာသို့ ရေများဝင်ရောက်ခဲ့သည်။

အဆိုပါရေကြီးမှုဖြစ်ပွားရာသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရာဇာအေးကြိုင်၍ မြို့နယ်အဆင့်ဌာနဆိုင်ရာများကို အဖွဲ့လေးဖွဲ့ ဖွဲ့၍ ကူညီဆောင်ရွက်နိုင်ရန် ကျေးရွာများသို့ ကွင်းဆင်းလျက်ရှိသည်။ ကျေးရွာများ၌ ရေကြီးမှုဖြစ်ပေါ်သော်လည်း အဆောက်အအုံများပျက်စီးခြင်း၊ လူ၊ ကျွဲ၊ နွား၊ တိရစ္ဆာန်များ သေပျောက်ခြင်းတို့မရှိကြောင်း၊ ငါးရုံကြီးနှင့် ရှားတောကျေးရွာချင်းဆက် ကွန်ကရစ်တံတားနှစ်စင်းမှာမူ ရေတိုက်စားပြီး ပျက်စီးသွားကြောင်း သိရသည်။

"မိုးသည်းထန်စွာရွာတဲ့အတွက် ကျွန်တော်တို့ရွာမှာ ယာသီးနှံတွေ ရေနစ်မြုပ်နေတယ်၊ ကျွန်တော်ဆိုရင် အချိန်ပိုင်းသာလေးရာလောက်ရမယ့် ငရုတ်ခင်းရော၊ နှစ်ဧကခွဲကျော်ရှိတဲ့ ပဲတီခင်းပါ ပျက်စီးသွားတယ်၊ တိရစ္ဆာန်တွေကိုတော့ ရေလွတ်ရာ ကားလမ်းတွေပေါ် သွားရောက်ပြောင်းရွှေ့ထားရတယ်" ဟု မူးသာကျေးရွာမှ ဒေသခံဦးမင်းအောင်နိုင်က ပြောသည်။

ခင်ဦးစိုးဝေ

# ကေကေအိုအဖွဲ့ ကျော်သက်နှင့် စောဆန်းအောင် ဦးစီးအဖွဲ့ထံမှ လက်နက်ခဲယမ်းများ ထပ်မံသိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၁၉**

ကော့ကရိတ်မြို့နယ် ကောင်းမူကျေးရွာ၏ အရှေ့ဘက်နှင့် အရှေ့မြောက်ဘက်ရှိ တောင်ကုန်းများတွင် ကေကေအိုအဖွဲ့မှ ကျော်သက်နှင့် စောဆန်းအောင် ဦးစီးအဖွဲ့ ကြွင်းကျန်များ ခိုအောင်းမှု မရှိစေရေးအတွက် တပ်မတော်နှင့် နယ်ခြားစောင့်တပ် (BGF) တို့က နယ်မြေရှင်းလင်းလျက်ရှိရာ ဇူလိုင် ၁၅ ရက်မှ ၁၇ ရက်ထိ ၎င်းအဖွဲ့များဖြင့် ထိတွေ့တိုက်ပွဲ တစ်ကြိမ်ဖြစ်ပွားခဲ့ပြီး ၎င်းတို့ထံမှ လက်နက်မျိုးစုံ လေးလက်၊ ဗုံးသီးမျိုးစုံ ၂၆ လုံး၊ မိုင်းမျိုးစုံ ၃၂ လုံး၊ ကျည်မျိုးစုံ ၃၈၈၆ တောင့် ကျည်အိမ်မျိုးစုံ ၈၁ ခု၊ ဆန် ၄၄ အိတ်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်တစ်စီးတို့အား သိမ်းဆည်းရမိသည်။

ထို့အပြင် ကျိုက်မရောမြို့နယ် ကျွန်းရွာအနောက်ရပ်ကွက်ရှိ နေအိမ်တွင် ကျော်သက်၊ စောဆန်းအောင် အဖွဲ့နှင့် အဆက်အသွယ်ပြုလုပ်၍ လက်နက်၊ ခဲယမ်းများ ထိန်းသိမ်းထားကြောင်း သတင်းအရ ဇူလိုင် ၁၅ ရက်တွင် သွားရောက်စစ်ဆေးရှာဖွေရာ အဆိုပါနေအိမ်မှ လက်နက်မျိုးစုံ လေးလက်၊ ကျည်မျိုးစုံ ၃၂ တောင့်၊ လမ်းလျှောက်စကားပြောစက်တစ်လုံးနှင့် လိုင်စင်မဲ့ မော်တော်ယာဉ်နှစ်စီးတို့အား ထပ်မံသိမ်းဆည်းရမိသည်။

ဆက်လက်၍ တပ်မတော်နှင့် နယ်ခြားစောင့်တပ် (BGF) တို့က ဇူလိုင် ၁၈ ရက်တွင် ကောင်းမူကျေးရွာ၏အရှေ့ဘက်နှင့် အရှေ့မြောက်ဘက် ပတ်ဝန်းကျင်အား ဆက်လက်ရှင်းလင်းစဉ် ဗုံးသီးမျိုးစုံ ၆၆ လုံး၊ ဆက်သွယ်ရေး တာဝါတိုင်တစ်ခု၊ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာပြား ငါးချပ်နှင့် အကျယ် ၁၅ ပေ ပတ်လည်၊ အမြင့် ၁၈ ပေရှိ အဆောက်အအုံအတွင်းမှ သေနတ်မျိုးစုံ ခုနစ်လက်၊ ကျည်အိမ်မျိုးစုံ ၁၃ ခု၊ မိုင်းမျိုးစုံ ၁၈ လုံး၊ အာရ်ပီဂျီဗုံးသီး နှစ်လုံး၊ ၇ ဒသမ ၆၂ ကျည် အတောင့် ၁၈၀ နှင့် ဆန်အိတ် ၇၀ တို့အား ထပ်မံသိမ်းဆည်းရမိသည်။

တပ်မတော်နှင့် နယ်ခြားစောင့်တပ် (BGF) တို့က ကော့ကရိတ်မြို့နယ်အတွင်း နယ်မြေလုံခြုံရေးအတွက် ဆက်လက်ရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။

(မြဝတီ)



# ယခုနှစ် အာဇာနည်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ ပြည်သူနှစ်သောင်းဝန်းကျင် လာရောက်ကြည့်ရှု




**ရန်ကုန် ဇူလိုင် ၁၉**

ဗဟန်းမြို့နယ် ဗိုလ်ချို(၁) ရပ်ကွက် အမှတ်-၂၅ ဗိုလ်ချုပ်ပြတိုက်လမ်း (ယခင် တာဝါလိန်းလမ်း) ရှိ ဗိုလ်ချုပ်အောင်ဆန်း နေထိုင်ခဲ့သည့်အိမ်တွင် ဖွင့်လှစ်ထားသည့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ (၆၈) နှစ်မြောက် အာဇာနည်နေ့ ညနေ ၅ နာရီအထိ လာရောက်ကြည့်ရှု လေ့လာသူ စုစုပေါင်း ၁၉၄၃၈ ဦး ရှိခဲ့ကြောင်း သိရသည်။

(၆၇)နှစ်မြောက် အာဇာနည်နေ့တွင် လာရောက်လေ့လာသူ ၁၄၄၄၅ ဦးရှိခဲ့သဖြင့် ယခုနှစ် အာဇာနည်နေ့တွင် ယမန်နှစ်ကထက် လာရောက်လေ့လာသူဦးရေ ၅၀၀၀ ခန့် ပိုမိုများပြားခဲ့သည်။

ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က "အာဇာနည်နေ့ကို စိတ်ဝင်စားမှုက အာဇာနည်နေ့တိုင်းမှာ တိုးတက်ကြည့်ရှုလာတဲ့ လူဦးရေကိုကြည့်ရင် သိနိုင်ပါတယ်။ ၂၀၁၃ အာဇာနည်နေ့တုန်းက လူဦးရေ တစ်သောင်းနီးပါးလာတယ်။ မနှစ်က ၂၀၁၄ မှာ လူတစ်သောင်းခွဲ နီးပါးလာတယ်။ နှစ်စဉ် သုံးဆယ်ရာခိုင်နှုန်းလောက် တိုးတက်လာတဲ့ သဘောပါ။ ပြတိုက်ထဲမှာ ခင်းကျင်းထားတဲ့ ဗိုလ်ချုပ်အောင်ဆန်းရဲ့ အမှတ်တရပစ္စည်းတွေ၊ ဥပမာ- ပိုးပေါ်မှာ ရေးဆွဲထားတဲ့ ဗိုလ်ချုပ်ပန်းချီလိုမျိုးဆို ကျွမ်းကျင်ပညာရှင်တွေနဲ့ ပိုးမစားအောင် ဓာတုဗေဒဆေးနဲ့ ထိန်းသိမ်းမှုတွေ ဆောင်ရွက်ရတယ်။ နောက်ဝတ်စုံတွေကိုလည်း ဒီလိုပဲကြာရှည်တည်တံ့အောင် ထိန်းသိမ်းမှုတွေကို လစဉ်၊ နှစ်စဉ် ပြုလုပ်ရပါတယ်" ဟု ပြောသည်။

ယခုနှစ် (၆၈)နှစ်မြောက် အာဇာနည်နေ့တွင် လူကြီးကျား/မ စုစုပေါင်း ၁၆၂၆၀၊ ရဟန်း သီလရှင် ၅၄၇ ဦး၊ ကလေး ၂၆၃၁ ဦးနှင့် နိုင်ငံခြားသား ၄၆ ဦး လာရောက်လေ့လာခဲ့သည်။ ယခုနှစ် ဗိုလ်ချုပ်ပြတိုက်သို့ လာရောက်ကြည့်ရှုသူများအား နံနက် ၈ နာရီမှစတင်ကာ အခမဲ့လာရောက်လေ့လာခွင့်ပြုခဲ့ပြီး ပြတိုက်အကြောင်း ရှင်းလင်းဖော်ပြထားသည့် လက်ကမ်းစာစောင် တစ်သောင်းကျော်ကို ဝေငှခဲ့ကြောင်း ဗိုလ်ချုပ်ပြတိုက် တာဝန်ရှိသူများထံမှ သိရသည်။

သဃ်န်းကျွန်း စံပြရပ်ကွက်တွင် နေထိုင်သည့် ကိုဇော်ဝင်းထိုက်က "ရပ်ကွက်ထဲက ကျောင်းသားတွေကို လိုက်ပို့ပေးတာ။ ကလေး ၂၀ လောက် ကျွန်တော်နဲ့လာကြတယ်။ နိုင်ငံတော်အတွက် အသက်ပေးသွားတဲ့ အာဇာနည်ခေါင်းဆောင်ကြီးတွေ အကြောင်းတွေကို သိနိုင်အောင်ပါ။ ဗိုလ်ချုပ်အကြောင်းကို သိစေချင်တယ်။ ဗိုလ်ချုပ်ရဲ့ ပိုင်ဆိုင်မှုအပါအဝင် ဗိုလ်ချုပ်အကြောင်းကို သိသွားပါတယ်" ဟု ကလေးငယ်များနှင့်အတူ ဗိုလ်ချုပ်ပြတိုက်သို့ လာရောက်ကြည့်ရှုရသည့် ရည်ရွယ်ချက်ကို ပြောကြားသည်။

ဗိုလ်ချုပ် အောင်ဆန်းသည် မိသားစုနှင့်အတူ ပြတိုက်ဖွင့်လှစ်ထားသည့်နေအိမ်တွင် ၁၉၄၅ ခုနှစ် မေလမှ လုပ်ကြံခံခဲ့ရသည့် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ထိ နေထိုင်ခဲ့သည်။ ဗိုလ်ချုပ်ပြတိုက်အား တနင်္လာနေ့နှင့် အစိုးရရုံးပိတ်ရက်များမှအပ နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်ပြသထားသည်။ ပြတိုက်တွင် ဗိုလ်ချုပ်စီးနင်းခဲ့သည့် အင်္ဂလန်နိုင်ငံထုတ် WOLSELEY မော်တော်ယာဉ် နံပါတ် RC-2874၊ ဧည့်ခန်း၊ ထမင်းစားခန်း၊ အိပ်ခန်း၊ စာဖတ်ခန်း၊ ကလေးများအိပ်သည့်အိပ်ခန်း၊ အထူးအစည်းအဝေးခန်း၊ ဘုရားခန်းနှင့် ဗိုလ်ချုပ်အသုံးပြုခဲ့သည့် အသုံးအဆောင်များနှင့် ၁၉၅၃ ခုနှစ်တွင် ဗိုလ်ချုပ်၏သားဖြစ်သူ အောင်ဆန်းလင်း ရေနစ်သေဆုံးခဲ့သည့် ရေကန်ငယ်တို့ကို ပြသထားသည်။ ပြတိုက်ဝင်ကြေးမှာ လူကြီး ငွေကျပ် ၃၀၀၊ သံဃာ၊ သီလရှင်နှင့် ကလေး ငွေကျပ် ၁၀၀ ဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူများအား ဝင်ကြေး အခမဲ့ကြည့်ရှုခွင့် ပြုထားသည်။ နိုင်ငံခြားသားများအတွက် ဝင်ကြေးမှာ တစ်ဦးလျှင် မြန်မာငွေ ကျပ် ၃၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။

**(သတင်း၊ ဓာတ်ပုံ-ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်)**

# (၆၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားများ နိုင်ငံအဝန်း၌ ကျင်းပ

**သာစည်**

(၆၈) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ဇူလိုင် ၁၉ ရက် နံနက် ၇ နာရီက မိတ္ထီလာခရိုင် သာစည်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းရှိ အာဇာနည် ကျောက်တိုင်၌ကျင်းပရာ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဖွံ့ဖြိုးရေးထောက်ကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့ပေါ်(၇) ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများတက်ရောက်၍ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများကို လွမ်းသူ့ပန်းခွေများချ၍ အလေးပြုကြသည်။

**ထွန်းထွန်း(သာစည်)**



ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်တွင် (၆၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ဈေး(၂) ရပ်ကွက် ရန်ကုန်-ပြည်ကားလမ်း၊ (၇)လမ်း နှင့် (၁၁)လမ်းထောင့်ရှိ အာဇာနည်ကျောက်တိုင်၌ ဇူလိုင် ၁၉ ရက်ကကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးဦးအောင်ကျော်ဇေယျနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ လွမ်းသူ့ပန်းခွေချအလေးပြုကြစဉ်။ တင်ဝင်းဇော်(မင်းသားကြီး)

**မော်လမြိုင်ကျွန်း**

(၆၈)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို မော်လမြိုင်ကျွန်းမြို့ လွတ်လပ်ရေးပန်းခြံဝင်းအတွင်းရှိ ဗိုလ်ချုပ်ကြေးရုပ်တုရှေ့၌ ဇူလိုင် ၁၉ ရက် နံနက် ၇ နာရီမှစတင်ကျင်းပရာ အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီဝင်များ၊ လူထုလူတန်းစားအဖွဲ့အစည်းဝင်များ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ ကျောင်းပေါင်းစုံမှ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် မြို့မရပ်ကွက်များမှ ပြည်သူများက ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများကို လွမ်းသူ့ပန်းခွေချအလေးပြုကြသည်။ **မော်ကျွန်း-မြင့်အောင်**

**မိုးကုတ်**

(၆၈) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အခမ်းအနားကို ဇူလိုင် ၁၉ ရက် နံနက်ပိုင်းက မိုးကုတ်မြို့ ရှမ်းစုရပ်ရှိ အာဇာနည်ကျောက်တိုင်ကွင်းအတွင်း၌ စည်ကားစွာ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် တက်ရောက်လာသူများက အာဇာနည်ကျောက်တိုင်အားအလေးပြုကြပြီး ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား အောက်မေ့ခြင်း အထိမ်းအမှတ် မီးသတ်ဥဩများဆွဲကာ အထိမ်းအမှတ် နှစ်မိနစ် ငြိမ်သက် ဂုဏ်ပြုကြသည်။

ထို့နောက် မိုးကုတ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘဌေး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် နိုင်ငံရေးပါတီများနှင့် လူမှုရေးအသင်းအဖွဲ့များက လွမ်းသူ့ပန်းခွေချ ဂုဏ်ပြုကြသည်။ **နေဝါ(မိုးကုတ်)**


**သန်းဌေးနှင့်ရောင်းရင်းများ**

- ကျိုက်ထီးရိုး/ချောင်းသာ (အင်္ဂါ၊ သောကြာ)
- ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ (စွယ်တော်လေးဆူ)၊ ပခုက္ကူ (၄)ရက်
- မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ .................... (၄)ရက်
- တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကံ့လုံ၊ ထပ်စမ်း (၄)ရက်
- ရွှေဘို၊ ဟန်လင်းကြီး၊ (ပျူမြို့ဟောင်း)၊ အင်းဝ .... (၄)ရက်
- မော်လမြိုင်၊ ကျိုက္ကမီ၊ စက်စဲကမ်းခြေ၊ ဗွားလဘိုတောင်

July 17,18, 19, 24,30 Aug 7,14 21,23,24 28

- ဇင်းကျိုက်ရေတံခွန်၊ ဗွားလဘိုတောင်၊ မဲလံဆံတော်ရှင်
- ပြည်အာကောက်တောင်၊ နဂါးရစ်ဆရာတော်ဖူး ခရီးစဉ်
- မဲလံဆံတော်ရှင်၊ ကျိုက်ထီးဆောင်း၊ ကေလာသဆံတော်ရှင်
- နေပြည်တော်၊ မုဒ္ဒဂယာ၊ ဆာဟာရီ၊ ရေပန်းဥယျာဉ်၊ လွှတ်တော်
- ဇလွန် ပြည်တော်ပြန်၊ ခနုဖြူ ကျိုက္ကာလွှန်ပွန်း ခရီးစဉ်

နေ့ချင်းပြန် ခရီးစဉ် စနေ တနင်္ဂနွေ

- တောင်ပြိုးမင်းနှစ်ပါးပွဲတော်နှင့် ချိုးရေတော်သုံးပွဲ (၂၃/၂၄-၈-၂၀၁၅)

ပင်ရင်း-၄၂၄၊ ရွှေဘုံသာလမ်း(အထက်) 01-380141, 01-241863, 09-43043109, 09-73251422

**ဖခင်အမည်မှန်**

မြောင်းမြမြို့နယ်၊ ဆင်ကူးအထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ နန့်ထက်ထက်မိုးဦး၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်စာရင်းအရ မန်းသန်းမြင့်ဦး ၁၄/မမန(နိုင်)၁၈၆၀၁၈ ဖြစ်ပါကြောင်း။ **မန်းသန်းမြင့်ဦး**

**ပျောက်ဆုံးကြောင်း**

ကျွန်မ ဒေါ်မော်လီမြင့် MA.MA. TA(N)016541 အမည်ဖြင့် ထုတ်/သွင်း လိုင်စင် I.S.P.IDV 8 14-15 (46379) 9-10-14 ID(NO)786224. 13-10-14 စာရွက်များ ပျောက်ဆုံးသွားပါ၍ ဖုန်း- ၀၉-၃၁၈၇၈၉၈၂သို့ ဆက်သွယ်ပါရန်။

တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ ကျောင်းအားရက်မှာ အကျိုးရှိစေဖို့နှင့် အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက်

ဆရာအာသာ SUCCESS Language Academy လှည်းတန်းကျောင်းခွဲ

(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊ Y.W.C.A ဘိုကလေးဈေးလမ်း Ph: 202046,392048,256954

ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်) 503472, 0973001453, 0930775232 တွင် ဖွင့်လှစ်မည့်သင်တန်းများ

**BASIC ENGLISH SPEAKING**
10-11:30 (Mon ~ Thurs) 20 Jul
7:30 - 9 (Mon ~ Thurs) 22 Jul
3:30 - 5 (Mon ~ Thurs) 27 Jul
10-11:30 (Mon ~ Thurs) 12 Aug

**BASIC FOUR SKILLS ENGLISH**
10-11:30 (Mon ~ Thurs) 20 Jul
1 - 2:30 (Mon ~ Thurs) 20 Jul
3:30 - 5 (Mon ~ Thurs) 20 Jul
7:30-10:30 (Sat + Sun) 25 Jul
6 - 7:30 (Mon ~ Thurs) 27 Jul
7:30 - 9 (Mon ~ Thurs) 29 Jul
12 - 3:00 (Sat + Sun) 2 Aug

**VOCAB ENRICHMENT**
1 - 2:30 (Mon ~ Thurs) 20 Jul
10-11:30 (Mon ~ Thurs) 17 Aug

**PRE-INTERMEDIATE (4-SKILL ENGLISH)**
3:30 - 5 (Mon ~ Thurs) 22 Jul
7:30 - 9 (Mon ~ Thurs) 29 Jul
1 - 4:00 (Sat + Sun) 2 Aug

**INTERMEDIATE (ACADEMIC ENGLISH)**
7:30 - 9 (Mon ~ Thurs) 22 Jul
1 - 2:30 (Mon ~ Thurs) 3 Aug

**BASIC GRAMMAR**
7:30 - 9 (Mon ~ Thurs) 20 Jul
10-11:30 (Mon ~ Thurs) 31 Aug

**INTERMEDIATE GRAMMAR**
7:30 - 9 (Mon ~ Thurs) 24 Aug

**BASIC WRITING**
12 - 3:00 (Sat + Sun) 12 Jul
10-11:30 (Mon ~ Thurs) 24 Aug

**BASIC FOUR SKILLS ENGLISH**
4:30-7:30 (Sat + Sun) 25 Jul
6 - 7:30 (Mon ~ Thurs) 27 Jul
1 - 2:30 (Mon ~ Thurs) 29 Jul
3:30 - 5 (Mon ~ Thurs) 10,17 Aug
1 - 2:30 (Mon ~ Thurs) 17 Aug
12 - 3:00 (Sat + Sun) 22 Aug

**BASIC GRAMMAR**
7:30-10:30 (Sat + Sun) 18 Jul

**BASIC ENGLISH SPEAKING**
7:30-10:30 (Sat + Sun) 1 Aug
7:30 - 9 (Mon ~ Thurs) 10 Aug
10-11:30 (Mon ~ Thurs) 17 Aug
1 - 2:30 (Mon ~ Thurs) 17 Aug

**PRE-INTERMEDIATE (4-SKILL ENGLISH)**
7:30 - 9 (Mon ~ Thurs) 5 Aug
4:30-7:30 (Sat + Sun) 15 Aug
7:30-10:30 (Sat + Sun) 23 Aug

**IELTS (Preparation)**
7:30-9:30 (Mon ~ Thurs) 13 Jul
1 - 4:30 (Sat + Sun) 25 Jul
1 - 3:30 (Mon ~ Thurs) 3 Aug

**IELTS (Speaking)**
1 - 2:30 (Mon ~ Thurs) 20 Jul

**IELTS (Reading)**
7:30-9:30 (Mon ~ Thurs) 10 Aug

**IELTS (Writing)**
7:30-10:30 (Sat + Sun) 1 Aug

**IELTS (Grammar)**
10-11:30 (Mon ~ Thurs) 20 Jul

# မိုးကောင်းမြို့၌ မိုးသည်းထန်ကာ ချောင်းရေမြင့်တက်ပြီး လူနေအိမ်များ ရေနစ်မြုပ်မှု ရဲတပ်ဖွဲ့ဝင်များ ကူညီဆောင်ရွက်ပေး

**နေပြည်တော် ဇူလိုင် ၁၉**

ဇူလိုင် ၁၇ ရက် ညနေ ၆ နာရီမှစ၍ ကချင်ပြည်နယ် မိုးကောင်းမြို့နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နန့်ရင်းချောင်းရေမှာ စိုးရိမ်ရေမှတ်အထက် ၉၄ စင်တီမီတာနှင့် နန့်ကောင်းချောင်းရေမှာ စိုးရိမ်ရေမှတ် အထက် ၇၂ စင်တီမီတာအထိ မြင့်တက်ခဲ့ရာ မိုးကောင်းမြို့ နောင်ကိုင်တောင်ရပ်ကွက်တွင် လူနေအိမ်အလုံး ၅၀၊ စျေးကုန်းရပ်ကွက်၌ လူနေအိမ်အလုံး ၄၀၊ အရှေ့ရပ်ကွက်တွင် လူနေအိမ်အလုံး ၄၀၊ အလယ်ရပ်ကွက်တွင် လူနေအိမ်ခုနစ်လုံး၊ နန့်ရင်းရပ်ကွက်တွင် လူနေအိမ်အလုံး ၁၅၀ နှင့် ရွာသစ်ရပ်ကွက်၌ လူနေအိမ်အလုံး ၂၉၀ တို့ ရေဝင်နစ်မြုပ်ခဲ့သဖြင့် မိသားစုဝင်များ ၎င်းတို့၏ဆွေမျိုးများနေအိမ်သို့ ပြောင်းရွှေ့နေထိုင်လျက်ရှိရာ မိုးကောင်းမြို့နယ် ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များက လုံခြုံရေးနှင့် အခြားလိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် အိုးတန်းရပ်ကွက်ရှိ မိုးကောင်းပြည်သူ့ဆေးရုံအတွင်း ရေများဝင်ရောက်မှုကြောင့် ဆေးရုံ၌ ဆေးကုသမှုခံယူနေသည့်လူနာ ၄၇ ဦးအနက် ၂၅ ဦးအား စျေးကုန်းရပ်ကွက်ရှိ သာသနာ့ဗိမာန်သို့ လည်းကောင်း၊ ကျန် ၂၂ ဦးအား ၎င်းတို့၏နေအိမ်များသို့ လည်းကောင်း မိုးကောင်းမြို့နယ် ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မှ တပ်မတော်သားများ၊ မြို့နယ်အထောက်အကူပြုအဖွဲ့များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်ကြက်ခြေနီတပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ကူညီရွှေ့ပြောင်းပေးခဲ့ပြီး ဆေးကုသမှုများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**

**ကိုရဲ**



# မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်

**နေပြည်တော် ဇူလိုင် ၁၉**

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မော်လမြိုင်မြို့တွင် ၆ ဒသမ ၄၅ လက်မ၊ ဖျာပုံမြို့တွင် ၅ ဒသမ ၃၅ လက်မ၊ ကသာမြို့တွင် ၄ ဒသမ ၉၃ လက်မ၊ မုဒုံမြို့တွင် ၄ ဒသမ ၇၂ လက်မ၊ ကျိုက္ခမီမြို့တွင် ၄ ဒသမ ၆၅ လက်မ၊ ပေါင်မြို့တွင် ၄ ဒသမ ၄၁ လက်မ၊ ချောင်းဆုံမြို့တွင် ၄ ဒသမ ၃၃ လက်မ၊ မိုးညှင်းမြို့တွင် ၄ ဒသမ ၀၆ လက်မ၊ ကန့်ဘလူမြို့တွင် ၃ ဒသမ ၄၃ လက်မ၊ ကော့ကရိတ်မြို့တွင် ၃ ဒသမ ၁၉ လက်မ၊ ကျိုက်မရောမြို့တွင် ၃ ဒသမ ၁၄ လက်မနှင့် သာယာဝတီမြို့တွင် ၃ ဒသမ ၀၄ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးဆက်လက် ပိုနေမည်။

# အမ်းနှင့် ကန့်ဘလူတွင် မိုးရေချိန်စံချိန်သစ်တင်

(၂၀၁၅ ခုနှစ်၊ ဇူလိုင် ၁၈ ရက် ထုတ်ပြန်ချက်)

၂၀၁၅ ခုနှစ် ဇူလိုင်လ ၁၈ ရက်နေ့ မြန်မာစံတော်ချိန် ၉နာရီခွဲအချိန် တိုင်းထွာချက်အရ အောက်ဖော်ပြပါစခန်းများ၌ ဇူလိုင်လ၏ ၂၄ နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန်စံချိန်သစ်များကို တိုင်းထွာရရှိခဲ့ပါသည်-

**မိုးရေချိန် စံချိန်သစ်များ**

| စဉ် | စခန်းအမည် | မိုးရေချိန်စံချိန်သစ် | | မိုးရေချိန် စံချိန်ဟောင်း | | ယခင်စံချိန်ကျိုးခဲ့သည့်နှစ် | စခန်းဖွင့်သည့်နှစ်မှစ၍ လွန်ခဲ့သောနှစ်ပေါင်း |
|---|---|---|---|---|---|---|---|
| | | မီလီမီတာ | လက်မ | မီလီမီတာ | လက်မ | | |
| ၁။ | အမ်း | ၂၀၈ | ၈. ၅၈ | ၂၀၃ | ၇. ၉၉ | ၃၁-၇-၂၀၀၉ | ၁၄ |
| ၂။ | ကန့်ဘလူ | ၁၉၉ | ၇. ၈၃ | ၁၂၃ | ၄. ၈၄ | ၂-၇-၂၀၀၄ | ၂၄ |

# ရွေးကောက်ပွဲကော်မရှင်ဆိုင်ရာ ပညာပေးသင်တန်းဖွင့်

**တပ်ကုန်း ဇူလိုင် ၁၉**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲမှ ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များအား ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်း (၁/၂၀၁၅) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၆ ရက် နံနက် ၉ နာရီက တပ်ကုန်းမြို့ အောင်ဆန်းခန်းမ၌ကျင်းပရာ တပ်ကုန်းမြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုးတင့်သိမ်း သင်တန်းဖွင့် အမှာစကားပြောကြားကြောင်း သိရသည်။ **(၄၁၆)**

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၇) ယောက်စီးနှင့် Saloon, Van ကားမျိုးစုံငှားနိုင်ပါသည်။ လစဉ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

စိမ်းလန်းစွန့်စား သဘာဝ ခရီးစဉ်များကို အစီအစဉ်သည် AGA Travel ... !!!
ငွေတောင်ပြည် / ကယားပြည်နယ် လွိုင်ကော် တောင်ကွဲစေတီ
ကယန်းလူမျိုးတို့၏ နေထိုင်မှုသဘာဝအလှ
Asian Green Adventure
Tel : 01 552156, 09 73205529, 09 252169029, 09 258877778 ခရီးစဉ် (30 July 2015)

## ဝန်ထမ်းအလိုရှိသည်

| | | |
|---|---|---|
| Waiter | လေးဦး | အမျိုးသား |
| Waitress အသက်(၃၀)မှ (၅၀) | လေးဦး | အမျိုးသမီး |
| ပြင်/ထိန်း(လျှပ်စစ်ကျွမ်းကျင်) | နှစ်ဦး | အမျိုးသား |

ပုဂံညောင်ဦးမြို့နှင့် မန္တလေးမြို့စားသောက်ဆိုင်တို့တွင် တာဝန်ထမ်းဆောင်နိုင်ရမည်။

လုပ်ငန်းအတွေ့အကြုံရှိသူဦးစားပေးမည်။

မျှော်မှန်းလစာပေးမည်။ နေထိုင်အစားအသောက်စရိတ်ငြိမ်း။

လိုအပ်သော စာရွက်စာတမ်းနှင့်အတူ လူကိုယ်တိုင် အောက်ပါဖုန်းနံပါတ်နှင့် လိပ်စာနေရာအား လျှောက်ထားနိုင်ပါသည်။

BBB.EUROPEAN RESTAURANT
အမှတ် ၂၉၂၊ ၇၆ လမ်း၊ ၂၆×၂၇ လမ်းကြား၊ မန္တလေးမြို့
ဖုန်း-၀၉-၉၇၀၉၇၀၄၄၄
၀၉-၄၄၄၀၁၉၉၉၈

## ပူးတွဲလုပ်ကိုင်ရန်အတွက် ကျွမ်းကျင်သူများအလိုရှိသည် (ခံစားခွင့်ကောင်းမည်)

1. Partition and Ceiling လုပ်ငန်းကျွမ်းကျင်၊
2. Aluminium Frame (Door, Window, Fun line, etc;) ကျွမ်းကျင်၊
3. Furniture (MDF) ပစ္စည်းထုတ်လုပ်မှုကျွမ်းကျင်၊
4. ပန်းရန်၊ ကြွေပြားလုပ်ငန်းကျွမ်းကျင်၊
5. M & E (Plumbing + Sanitary) ရေ၊ မီး လုပ်ငန်းကျွမ်းကျင်၊

ကျွမ်းကျင်ပိုင်နိုင်စွာ လုပ်ကိုင်နိုင်သော Sub con များဖြင့် ရေရှည်ပူးတွဲ လုပ်ကိုင်လိုပါသည်။ စိတ်ပါဝင်စားသူများ၊ အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဖုန်း-၀၉-၄၂၀၁၉၀၀၆၀၊ ၀၉-၄၂၅၂၉၅၉၅

# ကျွန်တော်နဲ့ အီးမေးလ်



ပါမောက္ခ
ဒေါက်တာအောင်ထွန်းသက်

ကျွန်တော်ဟာ အီးမေးလ်စပေါ်ကတည်းက အသုံးပြုခဲ့သူဖြစ်ပါတယ်။ ဒီတုန်းက ကုလသမဂ္ဂ အဖွဲ့အစည်းမှာ တာဝန်ယူနေတာမို့ မသုံးလို့မရတဲ့၊ သုံးကိုသုံးရမယ်ဆိုတဲ့ အခြေအနေရှိခဲ့တာမို့သုံးဖြစ်ခဲ့တာ။ အမှန်တော့ကွန်ပျူတာနဲ့ ရင်းနှီးခဲ့တာ ၁၉၇၃ ခုနှစ်လောက်ကတည်းက ဖြစ်ပါတယ်။ ကျွန်တော်က ပါရဂူဘွဲ့အတွက် သုတေသနလုပ်တော့ စာရင်းအချက်အလက်တွေကို တွက်ချက်ရတယ်။ အခုလိုတွက်ရာမှာ ကိန်းဂဏန်းတွေမှားလွန်းလို့ လက်နဲ့တွက်လို့မရတော့ဘဲ ကွန်ပျူတာကို စတင်အသုံးပြုခဲ့ရတယ်။

ကွန်ပျူတာကလည်းခန်းလုံးပြည့်။ ဒီစက်ကြီးကို ထိတွေ့ရမှာလည်း တိုက်ရိုက်ဆက်သွယ်လို့မရဘဲ ကတ်ပြားကလေးတွေနဲ့လုပ်ရတာ။ ဒီကတ်ပြားတွေမှာ အပေါက်တွေဖောက်ပြီး စက်ဖတ်နိုင်အောင်စီစဉ်ရတယ်။ ကျွန်တော်အခုချိန်အထိ မှတ်မိတာတစ်ခုရှိပါတယ်။ တစ်နေ့လုံး စာတွေဖတ်ပြီး သုတေသနလုပ်ပြီးချိန်မှာ တွက်ချက်ဖို့ ဒီကတ်ပြားတစ်ထပ်ကြီးကို စက်ခန်းထဲကိုသယ်ခဲ့ရတယ်။ အတော်လေးတာ၊ စိတ်ထဲမှာအလေးမနေတယ်လို့ပဲ တွေးပြီး အပင်ပန်းခံခဲ့ရတာ။

အခုအချိန်မှာ တစ်ခန်းလုံးပြည့်တဲ့ ကွန်ပျူတာစက်ဟာ ကျောက်သင်ပုန်း ကွန်ပျူတာတစ်လုံးနဲ့ အင်အားအတူတူပဲ ဖြစ်တာတွေ့ရပါတယ်။ နည်းပညာတိုးတက်မှုဟာ အံ့မခန်းလောက်အောင်ပါ။

ကျွန်တော် ကျန်းမာရေးဝန်ကြီးဌာနမှာ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ယူတုန်းက ကမ္ဘာ့ကျန်းမာရေးအဖွဲ့ရဲ့အကူအညီနဲ့ ကွန်ပျူတာတွေ သွင်းခဲ့တယ်။ ကိုယ်တာဝန်ယူရတဲ့ ဌာနကလည်း စီမံကိန်းနဲ့ စာရင်းအင်း ဦးစီးဌာနဖြစ်တာပါ။ ကျန်းမာရေး ဝန်ကြီးဌာနတစ်ခုလုံးရဲ့ စာရင်းဇယားတွေ တာဝန်ယူခဲ့ရတယ်။ တစ်နိုင်ငံလုံးရဲ့ မွေး၊ သေစာရင်းကိုလည်း ကွန်ပျူတာနဲ့ထိန်းသိမ်းခဲ့ရတယ်။ ကျွန်တော့်အတွက်လည်း စားပွဲတင် ကွန်ပျူတာတစ်လုံး သုံးစွဲခွင့်ရခဲ့တယ်။ ဒါပေမယ့် စားပွဲပေါ်မှာ အလှတင်ထားပေမယ့် ကိုယ်တိုင်ကိုယ်ကျတော့ မကိုင်ခဲ့ဘူး။ ကွန်ပျူတာကျွမ်းကျင်သူတွေရှိနေတာမို့ ကိုယ်လိုချင်တာကို သူတို့ကို တာဝန်ပေးခဲ့တယ်။ လိုလေသေးမရှိ ကျွန်တော့်ကို အကူညီပေးခဲ့တယ်။ ကိုယ်ကိုယ်တိုင် လက်ကျောတင်းပြီး မလုပ်ခဲ့ရဘူး။ အခုလို ဇိမ်ကျတဲ့ဘဝကနေ ကုလသမဂ္ဂမှာတာဝန်ယူချိန်မှာ ဒုက္ခ ရောက်တော့တာပါပဲ။ နယူးယောက်မြို့မှာစပြီး တာဝန်ယူတော့ ကိုယ်က ဌာနမှူး၊ ကိုယ့်အတွက် သီးသန့်စားပွဲတင် ကွန်ပျူတာလည်းပေးထားတယ်။ ဒါပေမယ့် အလေ့အကျင့်သိပ်မရှိတော့ ဒုက္ခရောက်တော့တာပါပဲ။ ကိုယ့်ကိုကူမယ့်သူကမရှိ၊ အားလုံး ကိုယ့်ဟာကိုယ် လုပ်ရတဲ့ဘဝ၊ အခုလို အကျပ်အတည်းနဲ့ ကြုံကြိုက်လို့လည်း အချိန်တိုတိုအတွင်းမှာ ကွန်ပျူတာကို ကျွမ်းကျွမ်းကျင်ကျင် သုံးတတ်သွားတယ်။ ဒါကြောင့် အခက်အခဲတွေကြားထဲက အခွင့်အလမ်းဆိုတာ ပေါ်တတ်ပါသလား။

**ကျွန်တော်မှတ်မိသလောက် ကုလသမဂ္ဂ ဝန်ထမ်းတက္ကသိုလ်မှာ ၂၀၀၀ ပြည့်နှစ်ကစတင်ပြီး အီးမေးလ်ဆိုတာကို သုံးခဲ့ရတယ်။ သုံးရတာလည်း အဆင်ပြေတယ်။ ဆက်သွယ်ရေးက ချောမွေ့လာတယ်။ ကိုယ့်အနေနဲ့ ကမ္ဘာအနှံ့မှာရှိတဲ့ ကုလသမဂ္ဂဝန်ထမ်းတွေနဲ့ အဆက်အသွယ်ရခဲ့တယ်။ အီးမေးလ်မှာ သာမန်ဆက်သွယ်လုပ်နိုင်ရုံမက မိမိပြုစုထားတဲ့ စာတမ်းတွေ၊ တင်ပြချက်တွေ၊ ဆလိုက်တွေကိုပါ ပူးတွဲပို့နိုင်ခဲ့တယ်။ အီးမေးလ်စတင်ပြီး သုံးစွဲကြဖို့ အစီအစဉ် လုပ်တဲ့အခါ စည်းကမ်းများကို ကြိုတင်သတ်မှတ်ပေးခဲ့တယ်။ လက်နက်တစ်ခုဖြစ်တာမို့ မှန်မှန်ကန်ကန် သုံးစွဲနိုင်ဖို့ အရေးကြီးတယ်။ စည်းမဲ့ကမ်းမဲ့သုံးစွဲရင် အကျိုးထက် ဆိုးကျိုးနဲ့ရင်ဆိုင်သွားရမှာဖြစ်ပါတယ်။**

လွန်ခဲ့တဲ့ နှစ်ပတ်လောက်က ကျွန်တော့်မှာ အီးမေးလ်နဲ့ပတ်သက်ပြီး အကြီးအကျယ်ပြဿနာတစ်ခုကို ရင်ဆိုင်ခဲ့ရပါတယ်။ ကျွန်တော့်ဆီကို မိတ်ဆွေတစ်ဦးက လက်ကိုင်ဖုန်းကတစ်ဆင့် SMS ပို့ခဲ့တယ်။ ဆရာကြီး အစစအရာရာ အဆင်ပြေရဲ့လားတဲ့။ ရုတ်တရက် ကျွန်တော်က ကြောင်သွားပြီး ပြေပါတယ်လို့ဖြေလိုက်တယ်။ စိတ်ထဲမှာတော့ ဘာကြောင့် ဒီလိုပြောသလဲဆိုပြီး စဉ်းစားမိတယ်။ မကြာခင်ဘဲ ဖုန်းဝင်လာပြန်ရော ဒီတစ်ခေါက်တော့ ဖုန်းကတစ်ဆင့် တပည့်တစ်ဦးက ကျွန်တော်ဘာအကူအညီပေးရမလဲ အားမနာပါနဲ့လို့ပြောပြန်တော့ ပိုပြီးအံ့ဩသွားတာ။ ဘာတွေဖြစ်နေတာလဲလို့ တွေးမရအောင်ဖြစ်နေပါတယ်။ ညဘက်ရောက်မှ တူဆီကအကျိုးအကြောင်းသိရတာ။ သူကအရင်စင်ကာပူမှာ ကွန်ပျူတာကျွမ်းကျင်သူအဖြစ် အလုပ်လုပ်နေတာ။ အထူးသဖြင့် ကွန်ပျူတာလုံခြုံရေးအထူးပြုထားသူ။ လွန်ခဲ့တဲ့တစ်နှစ်လောက်က သူနဲ့သူ့ဇနီးဖြစ်သူက မြန်မာပြည်မှာ အလုပ်လုပ်ဖို့ပြန်လာကြတာ။ သူက Cyber Security Expert ဖြစ်တယ်။ သူပြောမှ အကျိုးအကြောင်း အစုံအလင်သိရတော့တာ။ ဖြစ်ရပ်က ဒီလိုဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ အီးမေးလ်ကို ဖောက်ထွင်းပြီး ကျွန်တော့်အမည်နဲ့ ငွေတောင်းတဲ့ကိစ္စ၊ တောင်းခံပုံကလည်း အတော်ယုတ္တိရှိလှပါတယ်။ ကျွန်တော်ဟာ နိုင်ငံခြားခရီးစဉ်မှာ ဆိုက်ပရပ်(စ်)နိုင်ငံရောက်နေတယ်။ အခုလို ရောက်ရင်း ကျွန်တော်ရဲ့ ပစ္စည်းတွေအခိုးခံရတယ်။ နိုင်ငံကူးလက်မှတ် အပါအဝင် စာရွက်စာတမ်းတွေ၊ ငွေတွေပါသွားတယ်။ ဒါကြောင့် ကျွန်တော်ဒုက္ခရောက်နေတာမို့ အကူအညီတောင်းတဲ့စာ၊ တောင်းတဲ့ငွေပမာဏကလည်း အမေရိကန်ဒေါ်လာ ၁၅၀၀ ကျော်၊ ဒီစာကိုလည်း ကျွန်တော့်ရဲ့ အဆက်အသွယ်ရှိတဲ့ လူအားလုံးကိုပို့ခဲ့တာ။ ဒီသတင်းကို အီးမေးလ်ကရတဲ့သူတွေက စိုးရိမ်ကြတယ်။ စိတ်ပူကြတယ်။ တချို့ကတော့ မဖြစ်နိုင်ဘူး။ ကျွန်တော့်အနေနဲ့ အခုလိုအကူအညီတောင်းမှာ မဟုတ်ဘူးဆိုပြီး မတုံ့ပြန်ကြဘူး။ တချို့ကတော့ အီးမေးလ်ကပါတဲ့အကြောင်းအရာကို အဟုတ်မှတ်ပြီး ကျွန်တော့်ကိုအကူအညီပေးဖို့ စီစဉ်ခဲ့ကြတယ်။ တစ်ဦးက သင်္ဘောကုမ္ပဏီတစ်ခုမှာ HR မန်နေဂျာလုပ်နေသူ။ သူတို့ကုမ္ပဏီရဲ့ ရုံးချုပ်က တိုက်တိုက်ဆိုင်ဆိုင် ဆိုက်ပရပ်(စ်)နိုင်ငံရဲ့ မြို့တော်ဖြစ်တဲ့ လီမာမိုးလ်မြို့မှာရှိတော့ လိုအပ်တဲ့အကူအညီပေးဖို့ ရန်ကုန်ရုံးချုပ်က လူကြီးက သူ့ကိုညွှန်ကြားခဲ့တယ်။ ငွေပို့ဖို့စီစဉ်နေတုန်း ကျွန်တော့်ကို အသိပေးသင့်တယ်လို့ စဉ်းစားပြီး ဖုန်းဆက်မှ အကျိုးအကြောင်းရှင်းပြပြီးတားခဲ့ရပါတယ်။ နေပြည်တော်မှာ ရှိနေတဲ့ UNDP က အရာရှိတစ်ဦးကလည်း ကျွန်တော့်ကို ကူညီချင်လို့ငွေပို့ဖို့အစီအစဉ်လုပ်ပြီး ရန်ကုန်ရုံးချုပ်နဲ့ဆက်သွယ်ပြီးမှ သူ့အစီအစဉ်ကို ရပ်နားခဲ့ပါတယ်။ ကျွန်တော့်ရဲ့ဇနီးကတော့ တစ်ပတ်လုံးလုံး တော်တော်လေး အလုပ်ရှုပ်သွားခဲ့ပါတယ်။ ဖုန်းတွေကိုဖြေနေရတာ အကျိုးအကြောင်းကို ရှင်းပြခဲ့တယ်။ မိတ်ဆွေတွေ၊ တပည့်တွေအားလုံးလိုလိုက စိတ်ပူပြီး သတင်းမေးကြပါတယ်။ အကူအညီပေးဖို့ ဆန္ဒပြုကြပါတယ်။ အဆိုးထဲက အကောင်းဆိုသလို ကိုယ့်အပေါ်မှာ စေတနာမေတ္တာထားတဲ့သူတွေ အများကြီးရှိပါသလားဆိုပြီး ပီတိဖြစ်မိပါတယ်။

ဖြစ်တဲ့ကိစ္စကို ဖြေရှင်းနိုင်ဖို့ B2B ကို အကူအညီတောင်းခဲ့ပါတယ်။ နောက်တော့ MIT ကုမ္ပဏီက ဒေါက်တာထွန်းသူရသက်နဲ့ သူ့ညီ ကိုရဲသူရသက်တို့ကို အကူအညီတောင်းခဲ့ပါတယ်။ ကိုရဲက စောစောက ပြောသလို Cyber Security လုပ်နေတဲ့သူဖြစ်တော့ ကျွန်တော့်အတွက် အဆင်ပြေသွားတယ်။ ပထမအဆင့်အနေနဲ့ကတော့ အီးမေးလ်အကောင့်အတွက် Password ကို ပြောင်းခဲ့ရတယ်။ နောက်ပြီး Google ကုမ္ပဏီကို အကြောင်းကြားရတယ်။ ဒေါက်တာထွန်းသူရသက်က ပို့လာတဲ့အီးမေးလ်ကို မြန်မာစာရေးပြီး ပြန်ကြားခဲ့ပါတယ်။ အခုလို ပြန်ကြားလိုက်တာ တုံ့ပြန်မှုမရှိတာမို့ နဂိုအီးမေးလ်ဟာ မြန်မာပြည်က မလုပ်နိုင်ဘူးလို့ ကောက်ချက်ချခဲ့ပါတယ်။ ဧည့်ခံပွဲတစ်ခုမှာ အမေရိကန်သံအမတ်ကြီးနဲ့တွေ့တော့ သူက ဒီအီးမေးလ်ဟာ အတုဖြစ်တာသိပေမယ့် စမ်းသပ်ချင်တဲ့အတွက် အီးမေးလ်ကတစ်ဆင့် ငွေကို ဘယ်ဘဏ်စာရင်းကို ငွေပို့ရမလဲလို့မေးမြန်းခဲ့ပါတယ်။ ပြန်စာက ဘဏ်စာရင်းမရှိလို့ ငွေလဲကုမ္ပဏီတစ်ခုကို ပို့ပါလို့ ပြန်ကြားခဲ့ပါတယ်။ ဒါကြောင့် ဒီအီးမေးလ်ဟာ အတုဖြစ်ကြောင်း သက်သေပြခဲ့ပါတယ်။

ကျွန်တော့်အီးမေးလ်ကို ဖောက်ထွင်းပြီး အခုလို ငွေတောင်းတဲ့အလေ့အကျင့်က မထူးဆန်းကြောင်း တူဖြစ်သူ ကိုရဲသူရသက်က ပြောပါတယ်။ ကွန်ပျူတာနည်းပညာစကားအရ Phising လို့ခေါ်ပါတယ်။ အသံထွက်တာက Fishing နဲ့ အတူတူဖြစ်တယ်။ အဓိပ္ပာယ်က ငါးမျှားတဲ့သဘောဖြစ်ပါတယ်။ အီးမေးလ်ကို ကျွန်တော်နဲ့ပတ်သက်သူတွေအားလုံးကိုပို့ပြီး တစ်ဦးတစ်ယောက်က တုံ့ပြန်ပြီး ငွေပို့ရင် လိမ်ညာသူအတွက် အပြစ်ဖြစ်ပါတယ်။

အငိုလွယ်ပြီး အရှိုက်ခက်တဲ့အဖြစ်ကို ကျွန်တော်ရင်ဆိုင်ခဲ့ရတယ်။ လူတွေပြောသလို ကျွန်တော့်ရဲ့ အီးမေးလ် password စကားဝှက်ကို ပြောင်းလိုက်ပေမယ့် အီးမေးလ်အတုတွေ ဆက်လွှတ်နေတာ တွေ့ရပြန်တယ်။ ကျွန်တော့်ရဲ့ နဂိုအီးမေးလ်အကောင့်နဲ့ ဆင်တူယိုးမှား အကောင့်သစ်တွေနဲ့ ဆက်လက်ကြီးစိုးနေပြန်တယ်။ ပို့တဲ့စာကို ဖတ်ပြီး အကောင့်နာမည်ကို အသေအချာမဖတ်ရင် ကျွန်တော့်ဆီကရသလို ယုန်ထင်ကြောင်ထင်လုပ်ခဲ့ပြန်တယ်။ အခုအချိန်အထိလည်း ဆက်လက်ပြီး ဖြန့်နေတာတွေ့ရပါတယ်။

အရင်တုန်းကတော့ ဒီလို အီးမေးလ်တွေကြုံဖူးပါတယ်၊ ဖတ်ဖူးပါတယ်။ ဒါတွေကတော့ Spam လို့ခေါ်ဝေါ်ပါတယ်။ ဒါတွေကိုဖတ်ရင်း ချက်ချင်းဖျက်ခဲ့တယ်။ ငွေတောင်းတာ လိမ်ညာတာတွေကို မကြာခဏကြုံရပါတယ်။ အခုမှ ကိုယ်တွေ့ကြုံခဲ့ရတာဖြစ်ပါတယ်။ ဘာကြောင့်ဒီလိုဖြစ်ရသလဲဆိုတာကို တူတွေနဲ့ တိုင်ပင်တော့ လိမ်သွားသူမှာ အပြစ်ရှိသလို ကျွန်တော့်မှာလည်း တာဝန်ရှိကြောင်း သိရပါတယ်။ ကျွန်တော်ဟာ မကြာခဏ နိုင်ငံခြားခရီးထွက်ခဲ့ပါတယ်။ အခုလို ထွက်တိုင်း လေယာဉ်ကွင်းမှာရှိတဲ့ ဧည့်ခန်းတွေမှာ နားခဲ့သလို ဟိုတယ်တွေမှာလည်း တည်းတဲ့အခါ အင်တာနက်ကို မိမိနဲ့အတူပါလာတဲ့ ကွန်ပျူတာနဲ့ ချိတ်ဆက်ခဲ့ပါတယ်။ အများသုံး တဲ့ wifi စနစ်တွေကို အသုံးပြုခဲ့တယ်။ အခုလို ကြုံရင်ကြုံသလို အီးမေးလ်တွေကို ဖွင့်သုံးခဲ့လို့ အီးမေးလ်တွေကို ဖောက်ထွင်းတဲ့သူတွေအတွက် အခွင့်အရေးတစ်ရပ်ဖြစ်ခဲ့ပါတယ်။

ဒါကြောင့် ကျွန်တော့်လို ဒုက္ခမရောက်အောင် ဒီဆောင်းပါးကိုဖတ်ရှုတဲ့သူတွေ သတိပြုစေချင်ပါတယ်။ တစ်ဖက်မှာလည်း အီးမေးလ်အကောင့်စကားဝှက်ကို တစ်ဆင့်အစား နှစ်ဆင့်ခံ ဆောင်ရွက်ရင် ပိုပြီးလုံခြုံတယ်လို့ အကြံပြုချင်ပါတယ်။ နည်းပညာတိုးတက်ဖွံ့ဖြိုးလာတာနဲ့အမျှ အစစအရာရာ အဆင်ပြေမှုတွေရှိသလို မထင်မှတ်တဲ့ စိန်ခေါ်မှုတွေကိုလည်း ကြုံတွေ့နိုင်ပါတယ်။ ဒါကိုတော့ တစ်ဦးချင်း တစ်ယောက်ချင်း ဆင်ခြင်သတိထားဖို့ လိုအပ်ပါတယ်။ အခုဆိုရင် လူတိုင်း Facebook သုံးနေကြတယ်။ အလွန်ထိရောက်တဲ့ ဆက်သွယ်ရေးစနစ်တစ်ခု ဖြစ်တယ်။ လူတွေနှစ်သက်ကြတယ်။ အသုံးပြုကြတယ်။ မျှဝေနေကြတာ။ ဒါပေမယ့် အခုလို ကောင်းတာတွေရှိသလို မသမာသော၊ ယုတ်ညံ့သောကိစ္စတွေ ပေါ်ပေါက်နိုင်ပါတယ်။ Photoshop တွေလုပ်ပြီး ဖြတ်ညှပ်ကပ်အစီအစဉ်နဲ့ အသရေဖျက်မှုတွေ တွေ့နေရပါတယ်။ ဒါလေးတွေကို သတိပြုရမှာ ဖြစ်ပါတယ်။

**လွန်ခဲ့တဲ့ နှစ်ပတ်လောက်က ကျွန်တော် "ကောင်းမွန်သော အနာဂတ်-ကောင်းမွန်သောမြန်မာ" ဟောပြောပွဲ အစီအစဉ်နဲ့ မန္တလေးမှာ ဟောပြောပွဲတစ်ခု လုပ်ခဲ့ပါတယ်။ ခေါင်းစဉ်က (Social Learning) "လူမှုရေးသင်ယူခံယူမှု" ဖြစ်တယ်။ ကျောင်းသင်ခန်းစာတွေကတစ်ဆင့် ပညာရသလို အလုပ်ခွင်အတွင်းမှာသော် လည်းကောင်း၊ သူငယ်ချင်းမိတ်ဆွေများနဲ့ ထိတွေ့ခြင်းကတစ်ဆင့်သော် လည်းကောင်း၊ ရနိုင်မှာဖြစ်ပါတယ်။ ဒီနေရာမှာ အထိရောက်ဆုံး ယန္တရားက အင်တာနက် ဖြစ်ပါတယ်။ အခုဆိုရင် လူငယ်တိုင်းမှာ လက်ကိုင်ဖုန်းတွေရှိကြပါတယ်။ ဒီဖုန်းတွေဟာ သင်ယူမှုအတွက် အလွန်ထိရောက်တဲ့ လက်နက်တစ်ခုဖြစ်ပါတယ်။ အသိတရားတွေအားလုံးကို တစ်ချိန်တည်း ရယူဆည်းပူးနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်ကတော့ လုပ်ငန်းအဖွဲ့အစည်းတွေမှာ Facebook တွေ ဖွင့်စေချင်ပါတယ်။ သုံးစေချင်ပါတယ်။ ဝန်ထမ်းများကိုလည်း စည်းကမ်းတကျ သုံးစွဲနိုင်ဖို့ အသိပေးသင့်ပါတယ်။ အလုပ်ချိန်မှာ ကိုယ်ရေးကိုယ်တာ လုပ်ခွင့်ပေးခြင်း မဟုတ်ပါဘူး။ စည်းစနစ်နဲ့ သုံးစွဲဖို့ ဖြစ်ပါတယ်။ မိမိရဲ့အရည်အသွေးတိုးမြင့်မှုအတွက် အသုံးပြုစေချင်ပါတယ်။ ဒီကြုံတွေ့ရတဲ့ အကျပ်အတည်း အခက်အခဲကြောင့် ကျွန်တော်ရော ကျွန်တော့်မိသားစုပါ စိတ်အနှောင့်အယှက် ဖြစ်ခဲ့ရပါတယ်။ ရယ်စရာလို့ ပြောနိုင်ပေမယ့် "ငိုအားထက် ရယ်အားသန်" သဘောမျိုးပါ။ အခုလို ဖြစ်ခဲ့တဲ့အတွက် အကျိုးရှိခဲ့ပါတယ်။ ကျွန်တော့်ရဲ့ အပြုအမူ လုပ်ရှားမှုတွေကို ဆင်ခြင်ဖို့ သတိပေးသလို ဖြစ်ခဲ့ပါတယ်။ ဒါကြောင့်လည်း ကျေးဇူးတင်ရှိရပါတယ်။ ဒီအဖြစ်ကြောင့် ကျွန်တော် အသိနည်းခဲ့ပါတယ်။ ပညာရခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော့်လို ဒီအဖြစ်မျိုးနဲ့ မတွေ့ကြုံရပါစေနဲ့လို့ စေတနာနဲ့ ဆန္ဒပြုအပ်ပါတယ်။ ။**

**အခုလို ကြုံရင်ကြုံသလို အီးမေးလ်တွေကို ဖွင့်သုံးခဲ့လို့ အီးမေးလ်တွေကို ဖောက်ထွင်းတဲ့သူတွေအတွက် အခွင့်အရေးတစ်ရပ်ဖြစ်ခဲ့ပါတယ်။**

## ဈေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်းဖွင့်

**ရန်ကုန် ဇူလိုင် ၁၉**

ကြည့်မြင်တိုင်မြို့နယ်မှ ရပ်ကွက်အလိုက် တာဝန်ထမ်းဆောင်ကြမည့် ရပ်ကွက် ကော်မရှင်အဖွဲ့ခွဲဝင်များသို့ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးဆင့်ပွားသင်တန်းကို ဇူလိုင် ၁၇ ရက်က ကြည့်မြင်တိုင် အထက(၁) မြဝတ်ရည်ခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် ကြည့်မြင်တိုင်မြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က သင်တန်းဖွင့် အမှာစကားပြောကြားပြီး သင်တန်းကို ဇူလိုင် ၁၇ ရက်မှ ၁၈ ရက်အထိ ဖွင့်လှစ်သင်ကြားခဲ့ကြောင်း သိရသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

**ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်) မိုးရာသီဘောလုံးပြိုင်ပွဲ ကျင်းပရာ ဆုရရှိသူများအား ဇူလိုင် ၁၇ ရက်က ဆုများပေးအပ်စဉ်။**
ကိုကြီးစိုး



# ယဉ်ကျေးမှုအနုလက်ရာများတည်ရှိရာ တိုင်းဒေသကြီးအဖြစ် ခရီးသွားများအား အထူးဆွဲဆောင်

မန္တလေး ဇူလိုင် ၁၉

**ကမ္ဘာကျော် မဟာမြတ်မုနိဘုရားကြီး၊ ဦးပိန်တံတား၊ မန္တလေးတောင်တို့ဖြင့် လာရောက်လေ့လာလည်ပတ်စရာများစွာတို့ကို ပိုင်ဆိုင်ထားသော မန္တလေးတိုင်းဒေသကြီးသည် နှစ်စဉ် ပြည်တွင်းပြည်ပ ခရီးသွားများကို အထူးဆွဲဆောင်နိုင်စွမ်းရှိသကဲ့သို့ ယခုနှစ်တွင်လည်း ပြည်တွင်း ပြည်ပခရီးသွားများဖြင့် စည်းကားလျက်ရှိကြောင်း သိရသည်။**

"လတ်တလောမှာတော့ နိုင်ငံခြားခရီးသွားလာရောက်မှု နည်းပေမယ့် ပြည်တွင်းခရီးသွားတွေ လာတာများတာကို တွေ့ရပါတယ်။ မကြာသေးခင်က ထီးတော်တင်ထားတဲ့ ကျောက်စိမ်းစေတီတော်ကြီးဆိုရင်လည်း ညနေပိုင်းမှာ ဘုရားဖူးပြည်သူတွေနဲ့ အလွန်စည်ကားပါတယ်" ဟု မန္တလေးမြို့နေ ဒေသခံတစ်ဦးက ပြောသည်။

မန္တလေးမြို့တော်သည် ကမ္ဘာ့အဖော်ရွေဆုံး ၃၃ မြို့တွင် အဆင့်(၈)ရရှိခဲ့သော မြို့တော်ဖြစ်သည်ဟု သိရသည်။ ရှေးဘုရင်မင်းများ နောက်ဆုံး ထီးနန်းစိုးစံခဲ့သော မန္တလေးမြို့တော်၌ လေ့လာလည်ပတ်နိုင်သော ထင်ရှားကျော်ကြားသည့် နေရာများမှာ သမိုင်းအစဉ်အလာကြီးမားခဲ့သော မန္တလေးနန်းမြို့ရိုးနှင့် ကျုံး၊ သဘာဝအလှတရားများနှင့် ပြည့်စုံသော မန္တလေးတောင်၊ မြန်မာနိုင်ငံ၏ တန်ခိုးကြီးဘုရားတစ်ဆူဖြစ်သော မဟာမုနိဘုရားကြီး၊ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင် ကုသိုလ်တော်ဘုရားကြီး၊ မြန်မာ့အနုပညာလက်ရာများနှင့် ပြည့်စုံသော ရွှေနန်းတော်ကျောင်း (ရွှေကျောင်း)၊ ကမ္ဘာကျော် ဦးပိန်တံတားနှင့် တောင်သမန်အင်း၊ ကမ္ဘာ့ပထမဦးဆုံး ကျောက်စိမ်းစေတီတော်၊ မန္တလေးမြို့အနီးတွင် တည်ရှိ၍ ရှေးဘုရင်မင်းဆက် ၃၁ ဆက် ထီးနန်းစိုးစံခဲ့သော အင်းဝမြို့ဟောင်းရှိ ရှေးဟောင်းစေတီပုထိုးများ ဖြစ်ကြသည်။



အခြားစိတ်ဝင်စားဖွယ်ကောင်းသော နေရာများလည်း ပိုင်ဆိုင်ထားပြီး ယဉ်ကျေးမှုအမွေအနှစ် အများဆုံးတည်ရှိသော မန္တလေးမြို့သည် ခရီးသွားများအတွက် အထူးဆွဲဆောင်လျက်ရှိကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# လမ်းမတော်မြို့နယ်၌ ခြင်ဆေးပက်ဖျန်း၊ အဘိတ်ဆေးခတ်

**ရန်ကုန် ဇူလိုင် ၁၉**

လမ်းမတော်မြို့နယ် ငါးရပ်ကွက်အတွင်းရှိ လမ်းများအားလုံးတွင် ခြင်ဆေးဖျန်းခြင်း၊ အဘိတ်ဆေးခတ်ခြင်း၊ ခြင်းများမပေါက်ပွားစေရန် ဖုံး၊ သွန်၊ လဲ၊ စစ်ပြုလုပ်ခြင်း၊ ၁၂ လမ်းသွယ် အောက်လမ်းတို့တွင် ရေစီးရေလာကောင်းမွန်ရန် ရေနုတ်မြောင်းများဆယ်ယူခြင်းတို့ကို ဇူလိုင် ၁၈ ရက်က ပြုလုပ်ကြောင်းသိရသည်။

လမ်းမတော် ငါးရပ်ကွက်အတွင်း သန့်ရှင်းရေးနှင့် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ လမ်းမတော်မြို့နယ် စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်နှင့် ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတို့မှ တာဝန်ရှိသူများ၊ NGO အဖွဲ့အစည်းမှ အဖွဲ့ဝင်များက ရပ်ကွက်နေပြည်သူများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြကြောင်း သိရသည်။

**ခင်ဆိုင်**

# ညောင်တုန်းပြည်သူ့ဆေးရုံ ခုတင် ၅၀ မှ ၁၀၀ သို့ အဆင့်တိုးမြှင့်မည်

**ညောင်တုန်း ဇူလိုင် ၁၉**

ညောင်တုန်းမြို့နယ်တွင် မြို့ပေါ်နှင့် ကျေးလက်ဒေသနေပြည်သူများ၏ ကျန်းမာရေးကိုပိုမိုစောင့်ရှောက်နိုင်ရေး၊ တစ်စုံတစ်ရာ ရောဂါဖြစ်လျှင်လည်း ပိုမိုထိထိရောက်ရောက် ကုသပေးနိုင်ရေးတို့အတွက် လက်ရှိခုတင် ၅၀ ဆေးရုံမှ ခုတင် ၁၀၀ ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိပြီဖြစ်ကြောင်း ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်မြသန်းနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသက်လင်းတို့ထံမှ သိရသည်။

ညောင်တုန်းမြို့ရှိ လက်ရှိခုတင် ၅၀ ပြည်သူ့ဆေးရုံနေရာမှာ ကျဉ်းမြောင်းလွန်းပြီး ညောင်တုန်းမြို့မစည်ပင်ဈေးနှင့် မျက်နှာချင်းဆိုင် ကျဉ်းမြောင်းသော လမ်းမတော် တစ်လမ်းသာခြားသဖြင့် အလွန်နီးကပ်မှုကြောင့် ဈေးရောင်းချမှုများ ၊ စက်ဘီး၊ ဆိုင်ကယ်၊ထော်လာဂျီ ၊မော်တော်ကားများ ဖြတ်သန်းသွားလာသည့်အသံများကြောင့် ဆူညံမှုများရှိသည့်အပြင် တစ်ခါတစ်ရံ အနံ့ဆိုးများပါရရှိနိုင်သဖြင့် အခြားသင့်လျော်မည့် ကျယ်ဝန်းသော နေရာတစ်နေရာတွင် အကောင်အထည်ဖော် ဆောင်ရွက်သင့်ကြောင်းနှင့် အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် ဒေသခံများက လိုလားနေကြကြောင်း သိရသည်။

ထို့အပြင် ညောင်တုန်းမြို့နယ်အတွင်းရှိ မြို့နှင့်ဝေးကွာပြီး သွားလာမှုခက်ခဲသော သပြေချောင်းကျေးရွာအုပ်စု၊ အင်းမကျေးရွာအုပ်စု၊ ငှက်ပျောကျွန်းကျေးရွာအုပ်စုတို့တွင်လည်း ၁၆ ခုတင် တိုက်နယ်ဆေးရုံသုံးရုံ ဖွင့်လှစ်ခွင့်ရရှိထားရာ ယခုဘဏ္ဍာရေးနှစ်တွင် အကောင်အထည်ဖော် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်တုန်း)**

**ညောင်လေးပင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူးနှင့် ဝန်ထမ်းများ ဇူလိုင် ၈ ရက်က ရှမ်းရွာကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ Mobile စာကြည့်တိုက် ကွင်းဆင်း ဖွင့်လှစ်ရာ ဒေသခံပြည်သူများ၊ သုတ၊ ရသစာအုပ် စာစောင်များ ဖတ်ရှုနေကြစဉ်။** နီနီဝင်း(ပြန်/ဆက်)



# ဘဲဥ၊ ကြက်ဥ ဈေးများတက်သော်လည်း အရောင်းသွက်

**ငါးသိုင်းချောင်း ဇူလိုင် ၁၉**

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့နယ်၌ ဘဲဥ၊ ကြက်ဥ ဈေးများတက်သော်လည်း အရောင်းသွက်လျက်ရှိကြောင်း သိရသည်။

"ကြက်ဥဈေးက ဘဲဥဈေးလောက် မတက်ပါဘူး၊ ဘဲဥဈေးကတော့ ကျရိပ်မမြင်ပါဘူး၊ ဘဲဥ၊ ကြက်ဥတွေကို ကီလိုနဲ့မှာယူရတာလည်းရှိတယ်။ အလုံးအရေအတွက်နဲ့ယူရတာလည်းရှိပါတယ်။ အကွဲအရှုနည်းအောင် ကတ်တွေနဲ့သယ်ရပါတယ်၊ တစ်ကတ်ကို အလုံး သုံးဆယ်ပါပြီး တစ်ခါမှာရင် ကတ် ၈၀ လောက်မှာရပါတယ်"ဟု ဘဲဥ၊ ကြက်ဥရောင်းသူတစ်ဦးက ပြောသည်။

"ဘဲဥက အရွယ်အစားလိုက်ပြီး တစ်လုံးကို ငွေကျပ် ၁၅၀၊ ၁၄၀၊ ၁၃၀ ပဲရောင်းရပါတယ်။ ကြက်ဥကတော့ ပျမ်းမျှတစ်လုံးငွေကျပ် ၁၁၀ ပဲရောင်းလို့ရပါတယ်။ မြို့ပေါ်စားသုံးသူများကို စပါးခွံဖွဲခံပြီး ရောင်းပါတယ်။ ကျေးရွာတွေက ဖောက်သည်တွေကိုတော့ အကွဲအရှုသက်သာအောင် ကတ်တွေနဲ့ ပို့ပေးရပါတယ်။ ဘဲဥ၊ ကြက်ဥက စားသုံးသူတွေရဲ့ နေ့စဉ်လိုအပ်ချက်အရှိဆုံး အာဟာရလည်းဖြစ်တယ်။ သားငါးဈေးကလည်းကြီးတော့ ဈေးတက်ပေမယ့် အရောင်းသွက်ပါတယ်" ဟု ငါးသိုင်းချောင်း ဘဲဥ၊ ကြက်ဥရောင်းဝယ်ရေးဒိုင်မှ ဦးသန်းဝင်းက ပြောသည်။

ဘဲဥကို အကြီး၊အလတ်၊ အသေးဟူ၍ ဥအရွယ်အစားလိုက်ကာ ဈေးနှုန်းကွာခြားသည်။ ဘဲဥကို ပုသိမ်၊ မြောင်းမြ၊ ဓနုဖြူမြို့များမှ မှာယူရသည်။ ကြက်ဥကို သာပေါင်းမြို့နယ်တွင် မှာယူရရှိနိုင်ပြီး ငါးသိုင်းချောင်းမြို့အနီးအနား ကြက်ခြံများတွင်လည်း မှာယူရရှိနိုင်ကြောင်း သိရသည်။

**ရွှေသိမ်းအေး(ငါးသိုင်းချောင်း)**

# ဆိုင်းဇန်-ကပ်တဲလ်ကျေးရွာ ကြိုးတံတားကြား လမ်းသစ်ဖောက်လုပ်

**တီးတိန် ဇူလိုင် ၁၉**

ချင်းပြည်နယ် တီးတိန်မြို့နယ်အတွင်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခွင့်ပြုရန်ပုံငွေကျပ် ၁၀၆ ဒသမ ၃၈၀ သန်းဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသော ဆိုင်းဇန်ကျေးရွာမှ ကပ်တဲလ်ကျေးရွာ ကြိုးတံတားအထိအရှည် ခြောက်မိုင်လမ်းသစ်ဖောက်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ **(အောက်ပုံ)**

အဆိုပါ လမ်းသစ်ဖောက်လုပ်ခြင်းလုပ်ငန်းပြီးစီးပါက လမ်းကြောင်းတစ်လျှောက်ရှိ ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာပြီး စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးအစရှိသည့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**



# အထက်တန်းကျောင်းခွဲ တိုးမြှင့်ဖွင့်လှစ်

**သရက် ဇူလိုင် ၁၉**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် အမှတ်(၃) အခြေခံပညာ အလယ်တန်းကျောင်း ယခင် (စိန့်မေရီ) ကျောင်းကို အထက်တန်းကျောင်းခွဲအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်း အခမ်းအနားကို ဇူလိုင် ၁၇ ရက် နံနက် ၉နာရီက အဆိုပါကျောင်း၌ကျင်းပရာ တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဦးကြည်မင်း၊ သရက်ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဒေါ်ယဉ်ယဉ်လှ၊ ခရိုင်ပညာရေးမှူး ဦးထွေးမှိ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဦးမူတို့က မုခ်ဦးဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

**ပေါက်ကလေး(သရက်)**

# မိုးရာသီဖလားဖိတ်ခေါ်ဘောလုံးပြိုင်

**လဲချား ဇူလိုင် ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့၌ ရပ်ကွက်၊ကျေးရွာ မိုးရာသီဖလား ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ဇူလိုင် ၁၇ ရက် ညနေ၃နာရီက လဲချားမြို့နယ် အားကစားကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲကို လဲချားတပ်နယ်မှ စစ်ဗျူဟာမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌနှင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန နည်းစနစ်မှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဖွင့်ပွဲနေ့တွင် လဲချားလူငယ်အသင်းနှင့် အားမာန်သစ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လဲချားလူငယ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကြောင်းသိရသည်။

**မေ(ပြန်/ဆက်)**

# စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း ပညာပေးဟောပြောပွဲကျင်းပ




**မြင်းမူ ဇူလိုင် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် ထီးဆောင်းစံပြကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၇ ရက်က ကျင်းပပြီး စစ်ကိုင်းခရိုင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန ဝန်ထမ်းများက ဟောပြောခဲ့သည်။

ဟောပြောပွဲတွင် စစ်ကိုင်းခရိုင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှူး ဦးစိုးအောင်က စားသုံးသူ အကာအကွယ်ပေးရေးအသိပညာပေးဟောပြောပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ဒေါ်ကေသီအောင်က မုန့်မျိုးစုံ စားသုံးခြင်းနှင့် အန္တရာယ်ဖြစ်ပွားမှုများအကြောင်းကို ဆွေးနွေးဟောပြောသည်။

ဆက်လက်ပြီး စစ်ကိုင်းခရိုင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဦးခင်မောင်ဝင်းက ဆီစားသုံးမှုနှင့် ဟင်းချိုမှုန့်စားသုံးမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးများအကြောင်းကိုလည်းကောင်း၊ မြင်းမူမြို့နယ်တာဝန်ခံ ဒေါ်သင်းယုနွယ်က ဆေးလိပ်၊ အရက်၊ ဘီယာနှင့် ကွမ်းစားသုံးမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေး ပြဿနာများအကြောင်းကိုလည်းကောင်း အသိပညာပေးဟောပြောကြသည်။

ဟောပြောပွဲသို့ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့များ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများ၊ ကျောင်းဈေးသည်များနှင့် ကျေးရွာနေပြည်သူများ တက်ရောက်ခဲ့ကြသည်။

**အောင်စိုးဖေ(iprd)**

# ယဉ်ကျေးမှုအစစ် လူ့အနှစ်

**ကိုရွှေသိမ်းအေး (ငါးသိုင်းချောင်း)**

ယခုလိုမိုးရာသီတွင် လမ်းမများပေါ်ရှိ ချိုင့်ခွက်များ၌ ရေအိုင်များဖြစ်ပေါ်လျက်ရှိရာ အပြိုင်အဆိုင်မောင်းနှင်ကြသော ဆိုင်ကယ်များ၊ ကားများကြောင့် လမ်းသွားလမ်းလာများမှာ ယာဉ်အန္တရာယ်အပြင် ရေအန္တရာယ်ကိုပါ ရှောင်တိမ်းနေရသည်။ ထိုသို့ မဆင်မခြင်မောင်းနှင်မှုကြောင့် ချိုင့်ခွက်များမှ ရေအညစ်အကြေးများ လမ်းသွားလမ်းလာများကို ပေကျံကုန်သည်များလည်း ယခုလိုမိုးကာလတွင် မကြာခဏဖြစ်လေ့ရှိသည်။

အများပြည်သူ စိတ်အနှောင့်အယှက်ဖြစ်ရသော်လည်း ယာဉ်မောင်းသူတချို့မှာ အမောင်းမပျက် နောက်သို့ပင် လှည့်မကြည့်၊ ဆက်လက်မောင်းနှင်လျက်ပင်။ တစ်ကိုယ်ကောင်းဆန်သည့် အပြိုင်အဆိုင်အလုအယက် လုပ်တတ်ကြသောအကျင့်ကို မြန်မာ့ယဉ်ကျေးမှုနယ်ပယ်မှ ဖယ်ရှားရန်လိုပေသည်။ အကြောင်းအကျိုးဆင်ခြင်ဉာဏ်ဖြင့် ယဉ်ကျေးသိမ်မွေ့စွာသွားလာသင့်သည်။ အဓိကအနေဖြင့် လူလူချင်း ညှာတာထောက်ထားသော ကိုယ်ချင်းစာနာစိတ်ထားရှိရန် အလွန်အရေးကြီးလှပေသည်။

လူစည်ကားရာ ဈေးများတွင်လည်း မဆင်မခြင်သွားလာမှုတချို့ကို မြင်တွေ့ရတတ်ပေသည်။ နံနက်ခင်း လူစည်ကားချိန်တွင် ဈေးသွားသူတချို့မှာ ဈေးအတွင်းလမ်းပိတ်ကာ အေးဆေးစွာ စကားရပ်ပြောနေတတ်သည်။ မိုးရာသီ ထီးဆောင်းသွားလာရသဖြင့် အခြားသွားလာသူများမှာ ပို၍ အသွားအလာခက်ရသည်။

ဈေးရောင်းသူတချို့မှာလည်း ပတ်ဝန်းကျင်ကို ဂရုမပြုဘဲ မဆင်မခြင် ရောင်းချတတ်ကြသည်။ ဥပမာ-ကွမ်းရွက်ရောင်းသူတချို့သည် ရေများကို တဖတ်ဖတ်ခါ၍ ကွမ်းရွက်ကိုချိန်တွယ်စဉ် ရေများလွင့်စဉ်ကာ လမ်းသွားလမ်းလာများကို စိုကုန်သည်လည်း ရှိသည်။ 'မရှိတာထက် မသိတာခက်' ဟု ဆိုရပေမည်။ လူထူထပ်ရာ ဈေးအတွင်းမှာပင် ဆေးလိပ်သောက်ခြင်း၊ ကွမ်းတံတွေးထွေးခြင်း၊ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ခြင်း၊ အများပြည်သူသွားလာရာလမ်းနယ်မြေကို ကျူးကျော်ခင်းကျင်းရောင်းချခြင်းများသည်လည်း ယဉ်ကျေးမှုကိုထိခိုက်ခြင်းဟု ဆိုရပေမည်။

အများပြည်သူဆိုင်ရာနေရာများတွင် ကားရပ်ထားခြင်း၊ ဆေးလိပ်သောက်ခြင်း၊ အမှိုက်စွန့်ပစ်ခြင်း၊ ကွမ်းတံတွေးများ ထွေးထားခြင်းများကြောင့်လည်း မိမိပတ်ဝန်းကျင်ရှိအခြားသူများကို စိတ်ညစ်နွမ်းစေပါသည်။ လက်ဖက်ရည်ဆိုင်၊ လိုင်းကားပေါ် အစရှိသော အများပြည်သူဆိုင်ရာနေရာများတွင် ဆေးလိပ်သောက်ခြင်းကြောင့် အနီးရှိ အခြားသူများအား ကျန်းမာရေးဆိုးကျိုးသက်ရောက်မှုများ ဖြစ်ပွားစေနိုင်ပါသည်။ လမ်းသွားရင်းကွမ်းတံတွေးထွေးခြင်း၊ ကားပေါ်မှကွမ်းတံတွေးထွေးချခြင်းမျိုးကြောင့် လမ်းပေါ်သွားလာနေသူများကို ပေကျံစေကာ စိတ်အနှောင့်အယှက် ဖြစ်ရခြင်းများမှာလည်း မကြာခဏပင် ဖြစ်ပါသည်။ စာရေးသူအနေဖြင့် ကျောင်းသားဘဝက အဖြစ်အပျက်လေးကိုသတိရမိပါသည်။ အချိန်ကတော့ ကြာခဲ့ပါပြီ။ ပုသိမ်ကောလိပ်တွင် ကျောင်းတက်နေစဉ် ကျောင်းအုပ်ဆရာကြီးမှာ တက္ကသိုလ်ဘုန်းနိုင်ဖြစ်သည်။ ကျောင်းသားဘဝတွင် ဆရာတက္ကသိုလ်ဘုန်းနိုင်သည် ကျွန်တော်၏ဆရာဖြစ်သလို တစ်ဖက်ကလည်း ကျွန်တော်သည် ဆရာ၏စာဖတ်ပရိသတ်တစ်ဦးလည်း ဖြစ်နေပါသည်။ ဆရာ၏စာအုပ်များကို တစ်အုပ်မကျန် မြတ်မြတ်နိုးနိုးဖတ်ခဲ့သူဖြစ်ပါသည်။

တစ်နေ့ညနေခင်းတွင် ကျွန်တော်သည် သူငယ်ချင်းများဖြင့် အဆောင်မှ ထွက်လာကာ ကန်သာယာရှုခင်းသာတစ်လျှောက် တပျော်တပါး လမ်းလျှောက်ကြပါသည်။ လမ်းလျှောက်နေစဉ် ကျွန်တော်သည် ကွမ်းတံတွေးကို လမ်းပေါ်သို့ အမှတ်တမဲ့ထွေးလိုက်မိပါသည်။ ကွမ်းတံတွေးများမှာ ကားလမ်းပေါ်ဝယ် အကွက်လိုက်၊ အကွက်လိုက်ပင်။

ထိုစဉ် ကျွန်တော်တို့အနား၌ ကားဖြူလေးတစ်စီး လျှပ်တစ်ပြက် ထိုးရပ်လိုက်ပါသည်။ ကားပေါ်မှ လူတစ်ဦးဆင်းလာပါသည်။ ကျွန်တော်တို့အားလုံးကြည့်လိုက်ရာ တွေ့လိုက်ရသူမှာ ဆရာတက္ကသိုလ်ဘုန်းနိုင်ဖြစ်နေပါသည်။

"မင်းတို့မိုက်ရိုင်းလှချည်လား၊ စည်းကမ်းမဲ့ ဒီလိုပဲကွမ်းတံတွေး ထွေးရသလား။ ယဉ်ကျေးမှုမရှိတဲ့ကောင်တွေ"

ကျွန်တော့်မှာ ကားလမ်းပေါ်သို့ ကွမ်းတံတွေးထွေးခြင်းကို အရေးမကြီးဟု ထင်ထားမိရာမှ ဆရာ့အားတောင်းပန်ရန် သတိဝင်လာမိသည်။

"ဟာ ဆရာ၊ ကျွန်တော်တို့ ဆရာမှန်းမသိလို့ပါ"ဟိုင်း၍ တောင်းပန်မိသည်။

ဆရာက ဆက်လက်၍"ဘာကွ၊ ငါမဟုတ်ရင်ရော တခြားလူဆို၊ မင်းတို့ ဒီလိုပြုမူမှာလား"

"ကျွန်တော်တို့မှားသွားပါတယ်ဆရာ၊ နောင်ဒါမျိုးမဖြစ်အောင်ဆင်ခြင်ပါ့မယ်"

**"ဆရာကြီးပီမိုးနင်းက ယဉ်ကျေးခြင်းအစစ်ဆိုသည်မှာ အဘယ်နည်း၊ လူရှေ့ကုန်း၍သွားခြင်း၊ လက်အုပ်ချီခြင်း၊ ဖိနပ်ချွတ်ခြင်း စသည်တို့ကို ယဉ်ကျေးခြင်းဟု မဆိုလို။ လူအချင်းချင်း စိတ်ကိုမချမ်းသာအောင်၊ မခံချည့်မခံသာဖြစ်အောင် မလုပ်ခြင်း၊ မိမိအတွက် သူတစ်ပါးအား စိတ်အနှောင့်အယှက်မပြုခြင်း၊ ကိုယ်ချင်းစာသောစိတ်ထားရှိခြင်းကို ယဉ်ကျေးခြင်းအစစ်ဟုခေါ်လေသည် ဟု. . ."**

"အေး၊ ငါမှ ဆရာမှ မဟုတ်ဘူး၊ လူတကာသွားလာနေတဲ့လမ်း၊ လူလူချင်း အားလုံးကို လေးစားရမယ်၊ ပြည်သူ့နီတိကျင့်ဝတ်ရှိရမယ်"

ဆရာသည်ပြောပြောဆိုဆိုဖြင့် ကားပေါ်သို့ပြန်တက်သွားပြီး ကားလေးကို မောင်းထွက်သွားပါသည်။ ဒီဖြစ်ရပ်လေးမှာနှစ်ပေါင်းများစွာကြာခဲ့သော်လည်း ဆရာဖွင့်ပေးလိုက်သည့် အသိဉာဏ်အလင်းတန်းသည် ကျွန်တော့်ဦးနှောက်နှင့် နှလုံးသားတွင် ထာဝစဉ်စွဲထင်လို့ ကျန်နေဆဲဖြစ်ပါသည်။

ပြည်သူ့နီတိဆိုသည်မှာ ပြည်သူများလိုက်နာဆောင်ရွက်ရန်ကျင့်ဝတ်ဟု ဖတ်ရှုမှတ်သားမိပါသည်။ တစ်ဦးချင်းမှသည် အသင်းအဖွဲ့များပင် လိုက်နာရမည့် ကျင့်ဝတ်သိက္ခာများ ရှိနေပါသည်။ ဒီမိုကရေစီနိုင်ငံအဖြစ် ပြောင်းလဲခဲ့ပြီဖြစ်သော မိမိတို့နိုင်ငံတွင် စည်းကမ်းလိုက်နာခြင်း၊ မိမိကိုယ်ကို တာဝန်ယူခြင်း၊ ပြည်သူ့နီတိကျင့်ဝတ်သိက္ခာရှိပြီး ယဉ်ကျေးသိမ်မွေ့စွာနေထိုင်ခြင်း၊ မိမိလွတ်လပ်ခွင့်ကို မြတ်နိုးသလို သူတစ်ပါးလွတ်လပ်ခွင့်ကို လေးစားခြင်းတို့ ရှိရမည်ဖြစ်ပါသည်။ မိမိကြောင့် သူတစ်ပါး၏စိတ်ကို မညစ်နွမ်းစေသင့်ပေ။

ပညာရှိတို့ဆိုဆုံးမသော ဂါရဝ(၁၀)မျိုးတွင် တစ်ဦးကိုတစ်ဦး အပြန်အလှန်လေးစားခြင်းဆိုသော 'အညမည' ဂါရဝတရားလည်း ပါဝင်ပေသည်။ ယဉ်ကျေးခြင်းနှင့်ပတ်သက်၍ ဆရာကြီးပီမိုးနင်းက ယဉ်ကျေးခြင်းအစစ်ဆိုသည်မှာ အဘယ်နည်း၊ လူရှေ့ကုန်း၍သွားခြင်း၊ လက်အုပ်ချီခြင်း၊ ဖိနပ်ချွတ်ခြင်း စသည်တို့ကို ယဉ်ကျေးခြင်းဟု မဆိုလို။ လူအချင်းချင်း စိတ်ကို မချမ်းသာအောင်၊ မခံချည့်မခံသာဖြစ်အောင် မလုပ်ခြင်း၊ မိမိအတွက် သူတစ်ပါးအား စိတ်အနှောင့်အယှက်မပြုခြင်း၊ ကိုယ်ချင်းစာသောစိတ်ထားရှိခြင်းကို ယဉ်ကျေးခြင်းအစစ်ဟုခေါ်လေသည်ဟု ရေးသားဖူးပါသည်။

သို့ဖြစ်ရာ လူတစ်ယောက်၏ တန်ဖိုးမှာ ဥစ္စာနေကြွယ်ဝခြင်း၊ ပညာတတ်ခြင်း၊ ရုပ်ရည်ချောမောလှပခြင်းတို့နှင့် မဆိုင်။ ၎င်းတို့သည် ပြင်ပသဘောအကာသဘောများသာဖြစ်သည်။ ပြည်သူ့နီတိ ကျင့်ဝတ်သိက္ခာများနှင့်အညီ ပြုမူနေထိုင်မှသာ ယဉ်ကျေးခြင်းအစစ်ဖြစ်ကာ အမှန်တကယ်တန်ဖိုးထားရမည့် အနှစ်သာရဖြစ်ကာ ယဉ်ကျေးမှုအစစ် လူ့အနှစ်ဟု ခေါ်ဆိုရမည်ဖြစ်ပေသည်။ ။

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး အသိပညာပေးဟောပြော

**ကလိန်အောင် ဇူလိုင် ၁၉**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ကလိန်အောင်မြို့ အထကကျောင်း၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး အသိညာပေးဟောပြောပွဲကို ဇူလိုင် ၁၇ ရက်က ကျင်းပသည်။

ဟောပြောပွဲတွင် ကလိန်အောင် အထကမှ ကျောင်းအုပ်ဆရာမကြီးက အမှာစကားပြောကြားပြီး သစ်တောဦးစီးဌာန တနင်္သာရီသဘာဝကြိုးဝိုင်း စီမံကိန်းမှ တောအုပ်ကြီး ဦးသဲကိုကိုက သဘာဝပတ်ဝန်းကျင်အကြောင်း သိကောင်းစရာများကိုဟောပြောကာ စီမံကိန်းဦးစီးအရာရှိ ဦးမျိုးမင်းလတ်က ကျောင်းသား ကျောင်းသူများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်းကို အုပ်စုဖွဲ့၍ဆွေးနွေးပြီး ၎င်းတို့၏ဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ဟောပြောပွဲသို့ သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများ၊ တနင်္သာရီသဘာဝကြိုးဝိုင်းစီမံကိန်းမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

**(မြို့နယ် ပြန်/ဆက်)**

## မိုးအဆက်မပြတ်ရွာသဖြင့် စပါးစိုက်ခင်းများ ရေနစ်မြုပ်

**ရေတာရှည် ဇူလိုင် ၁၉**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းခဲ့သည့်အတွက် ရေတာရှည်မြို့ အရှေ့ဘက် ၅ မိုင်ခန့်အကွာ ဆင်ငွေကျေးရွာ အနောက်ဘက်ရှိ စပါးစိုက်ခင်းများ ဇူလိုင် ၁၇ ရက်တွင် ရေနစ်မြုပ်လျက်ရှိကြောင်း သိရသည်။

ဆင်ငွေကျေးရွာအနောက်ဘက် ကွင်းအမှတ်(၆၅၁)(က)ကွင်းနှင့် (ခ)ကွင်းများရှိ စပါးစိုက်ပျိုးဧက ၃၀၀ ခန့် ရေနစ်မြုပ်နေကြောင်း ဆင်ငွေကျေးရွာမှ ဒေသခံတစ်ဦးက ဇူလိုင် ၁၇ ရက်တွင် ပြောသည်။ "မိုးက ဒီရက်ပိုင်းအတော်ရွာတယ်။ စပါးစိုက်ခင်းတွေမြုပ်ရတာက ရေထွက်တဲ့လမ်းမှာ ဆည်တစ်ခုက ခံနေတော့ ရေကတော်တော်နဲ့မလျော့ဘူးဖြစ်နေတယ်။ မနေ့ညနေပိုင်းကလည်း ပျိုးလက်တွေ ရေနောက်ပါကုန်တာ"ဟု ၎င်းက ဆက်ပြောသည်။

ရေတာရှည်မြို့နယ်အတွင်း ပြီးခဲ့သည့်ရက်များတွင် မိုးဆက်တိုက်ရွာခဲ့သည့်အပြင် ဇူလိုင် ၁၇ ရက်တွင်လည်း မွန်းလွဲပိုင်းမှ ညအချိန်အထိ မိုးအဆက်မပြတ်ရွာသွန်းနေသည့်အတွက် တောင်သူများအခက်အခဲဖြစ်လျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## ကျေးရွာအလကကျောင်း အဆင့်တိုးမြှင့်ဖွင့်

**ဘိုကလေး ဇူလိုင် ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ကံ့ကော်တစ်ထောင် ပေချောင်းကြီးကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းကို အထက်တန်းကျောင်းခွဲအဖြစ် အဆင့်တိုးမြှင့်ဖွင့်ပွဲကို ဇူလိုင် ၁၆ ရက်က ကျင်းပရာ ကံ့ကော်တစ်ထောင်ဆရာတော်၊ တိုင်းဒေသကြီးဝန်ကြီးချုပ် သီရိပျံချီ ဦးသိန်းအောင်၊ တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးဆန်းမောင်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ကံ့ကော်တစ်ထောင် ပေချောင်းကြီးကျေးရွာကျောင်းကို ၁၉၇၆ ခုနှစ်မှစ၍ ကိုယ့်အားကိုယ်ကိုး တွဲဘက်မူလတန်းကျောင်းအဖြစ် စတင်တည်ထောင်ဖွင့်လှစ်လာခဲ့ကာ သက်ဆိုင်ရာက အဆင့်ဆင့်တိုးမြှင့်ခွင့်ပြုခဲ့သဖြင့် ယခုအခါ အထက်တန်းကျောင်းခွဲအဖြစ်ဖွင့်လှစ်နိုင်ခြင်းဖြစ်သည်။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် စတုတ္ထတန်းနှင့် အဋ္ဌမတန်းကို အောင်ချက်ရာနှုန်းပြည့်ရှိခဲ့ကာ ဘိုကလေးမြို့နယ်၏ အောင်ချက်အကောင်းဆုံး ပထမဆုကို ရရှိခဲ့ကြောင်း ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှ သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# သံတွဲမြို့နယ် ဥယျာဉ်ပြင်ကျေးရွာမှသိမ်းဆည်းလယ်ယာမြေများအတွက် လျော်ကြေးငွေပေးအပ်

သံတွဲ ဇူလိုင် ၁၉

**မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန မွေးမြူရေးနှင့်ရေလုပ်ငန်းဆိုင်ရာ ဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးခင်မောင်အေးသည် ဇူလိုင် ၁၈ ရက် နံနက် ၇ နာရီက သံတွဲမြို့နယ် ပေါက်တောကျေးရွာသို့ရောက်ရှိပြီး ပြီးခဲ့သည့်ဇွန်လအတွင်းက ရေကြီးနစ်မြုပ်မှုကြောင့် ကမ်းပါးပြိုကျပျက်စီးခြင်း၊ နေအိမ်များပျက်စီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံကာ အားပေးစကားပြောကြားခဲ့ပြီး ကြက်မွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးမှ စီးပွားဖြစ်မွေးမြူရေးအဆင့်သို့ တိုးမြှင့်မွေးမြူဆောင်ရွက်နိုင်ရေး၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအား လတ်တလောကာလနှင့် ရေရှည်ဆောင်ရွက်ရမည့်ကိစ္စရပ်များကို မှာကြားခဲ့သည်။**

ဆက်လက်၍ ဒုတိယဝန်ကြီးသည် နံနက် ၈ နာရီခွဲတွင် သံတွဲမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည့် ရခိုင်ပြည်နယ် သံတွဲမြို့နယ် ဥယျာဉ်ပြင်ကျေးရွာမှ တောင်သူ ၂၄ ဦးသို့ သိမ်းဆည်းလယ်ယာမြေများအတွက် လျော်ကြေးငွေပေးအပ်ပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးဌာနမှူး ဦးထူးမြင့်က သိမ်းဆည်းလယ်ယာမြေများအတွက် လျော်ကြေးငွေပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ လျော်ကြေးငွေများကို ဒုတိယဝန်ကြီး၊ ရခိုင်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးဌာနမှူး ဦးထူးမြင့်နှင့် သံတွဲခရိုင် အုပ်ချုပ်ရေးမှူးဦးမျိုးဦးတို့က ပေးအပ်ရာတောင်သူ ၂၄ ဦးကိုယ်စား တောင်သူသုံးဦးက လက်ခံယူကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက တောင်သူများထံမှလယ်ယာမြေများကို သိမ်းဆည်းပြီးဆောက်လုပ်ထားသော ပုစွန်ကန်များမှာ စနစ်တကျ တူးဖော်ဆောင်ရွက်ထားကြောင်း တွေ့ရှိရသဖြင့် မွေးမြူရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်သူများအား မွေးမြူရေးနည်းစနစ်များ ဖြန့်ဝေနိုင်သည့် လုပ်ငန်းများဖြစ်အောင် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ လျော်ကြေးငွေရရှိသည့် တောင်သူများအနေဖြင့်လည်း ရရှိသောငွေများ အကျိုးရှိစွာ အသုံးပြုကြရန်လိုအပ်ပြီး စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားကြရန်နှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများမှာလည်း တောင်သူများအားလုံး ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။




အဆိုပါ သိမ်းဆည်းမြေဧကမှာ ၁၁၅ ဒသမ ၈၀ ရှိပြီး တောင်သူဦးဆိတ်ကလေးပါ ၂၄ ဦးထံမှ ၁၉၈၉ ခုနှစ်တွင် ငါးလုပ်ငန်းဦးစီးဌာနမှ သိမ်းဆည်းပြီး ပုစွန်မွေးမြူရေးကန် ၂၂ ကန် ဆောင်ရွက်ခဲ့ခြင်းဖြစ်ရာ ယခုအခါ သက်ဆိုင်ရာဌာနများက ကွင်းဆင်းစစ်ဆေးကာ တောင်သူများနှင့် တွေ့ဆုံညှိနှိုင်းသဘောတူညီချက်ဖြင့် တစ်ဧကလျှင် ငွေကျပ် ခြောက်သိန်းနှုန်းဖြင့် တောင်သူ ၂၄ ဦးပိုင် ဧက ၁၁၅ ဒသမ ၈၀ အတွက် လျော်ကြေးငွေကျပ် သိန်း ၆၉၄ ဒသမ ၈၀ ကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခရိုင် ပြန်/ဆက်**

# လုပ်ငန်းခွင်တွင် ထိခိုက်ဒဏ်ရာရရှိသူနှင့် သေဆုံးသူ၏မိသားစုအား အကျိုးခံစားခွင့်များထုတ်ပေး

**ရေနံချောင်း ဇူလိုင် ၁၉**

၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေအရ လုပ်ငန်းခွင်တွင် ထိခိုက်မှုကြောင့် သေဆုံးသူ၏ ကျန်ရစ်သူမိသားစုများအား အကျိုးခံစားခွင့် ငွေလုံးငွေရင်း ထုတ်ပေးခြင်းနှင့် ဆေးဖိုးကုန်ကျစရိတ် ပြန်လည်ပေးအပ်သည့်အခမ်းအနားကို မကွေးခရိုင် ရေနံချောင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဇူလိုင် ၁၇ ရက်က ကျင်းပသည်။

အခမ်းအနားတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်းက အမှာစကားပြောကြားပြီး ရေနံချောင်း လူမှုဖူလုံရေးရုံးတွင် မှတ်ပုံတင်ထားသည့် ဂိုးပက်ထရိုရေနံကုမ္ပဏီဝန်ထမ်း သေဆုံးသူဦးခိုင်သောင်း၏ကျန်ရစ်သူမိသားစုအား နာရေးစရိတ်နှင့်ငွေလုံးငွေရင်း ထောက်ပံ့ငွေကျပ် ၄၉ သိန်းကျော်ကိုလည်းကောင်း၊ မန်းရေနံမြေမှ ထိခိုက်ဒဏ်ရာရရှိသူ လုပ်သားဦးစိန်လှမောင်အား ဆေးဖိုးစိုက်ထုတ်ကုန်ကျငွေ ကျပ်သုံးသိန်းကျော်ကိုလည်းကောင်း ပေးအပ်ခဲ့သည်။ ထို့နောက် ဂိုးပက်ထရိုရေနံကုမ္ပဏီမှ အမှုဆောင်အရာရှိ ဦးမြခင်နှင့် မန်းရေနံမြေမှ မန်နေဂျာ ဦးအုန်းထွန်းတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

**ဇေယျတု(မကွေး)**

# မြန်မာ့ဘောလုံးလောက အဆင့်အတန်းမြင့်မားရေး ကဏ္ဍအလိုက် ကော်မတီများဖွဲ့စည်းရန် ညီလာခံများ ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၁၉**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် မြန်မာ့ဘောလုံးလောကကို ပိုမိုအဆင့်အတန်းမြင့်မားလာရေးအတွက် ကဏ္ဍအလိုက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိရာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာကော်မတီများဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ဖွဲ့စည်းမည့်ကော်မတီများမှာ နည်းပြများကော်မတီ၊ ကစားသမားဟောင်းများကော်မတီ၊ အမျိုးသမီးဘောလုံးကော်မတီ၊ ဖူဆယ်နှင့်သဲသောင်ပြင်ဘောလုံးကော်မတီတို့ဖြစ်သည်။

အမျိုးသမီးဘောလုံး ကော်မတီဖွဲ့စည်းရေးညီလာခံကို ဇူလိုင် ၂၀ ရက် နံနက် ၈ နာရီတွင် ဖူဆယ်နှင့်သဲသောင်ပြင်၊ ဘောလုံးကော်မတီဖွဲ့စည်းရေးညီလာခံကို မွန်းလွဲ ၁ နာရီတွင် သုဝဏ္ဏမိုးလုံလေလုံအားကစားရုံ (၁)၌ ကျင်းပသွားမည်ဖြစ်ပြီး နည်းပြများကော်မတီဖွဲ့စည်းရေးညီလာခံကို ဇူလိုင် ၂၁ ရက် နံနက် ၈ နာရီတွင် သုဝဏ္ဏမိုးလုံလေလုံအားကစားရုံ (၁)၌ပင် ကျင်းပသွားမည်ဖြစ်ရာ နိုင်ငံတစ်ဝန်းရှိ AFC(A,Bနှင့် C) လိုင်စင်ရ နည်းပြများအားလုံး တက်ရောက်နိုင်မည်ဖြစ်သည်။ အလားတူ ကစားသမားဟောင်းများကော်မတီဖွဲ့စည်းရေးညီလာခံကိုလည်း ဇူလိုင် ၂၁ ရက် မွန်းလွဲ ၁ နာရီတွင် သုဝဏ္ဏမိုးလုံလေလုံအားကစားရုံ(၁)မှာပင် တစ်ရက်တည်းကျင်းပသွားမည်ဖြစ်၍ ရန်ကုန်နှင့်နယ်ဒေသရှိ လက်ရွေးစင်ကစားသမားဟောင်းများအားလုံး တက်ရောက်ဆွေးနွေးနိုင်ပါကြောင်း သိရသည်။

**ဖိုးသော်ဇင်**

# ရွေးကောက်ပွဲဆိုင်ရာအသိပညာပေးဆင့်ပွားသင်တန်းဖွင့်

**ပုလဲ ဇူလိုင် ၁၉**

နိုဝင်ဘာ ၈ ရက်တွင် ပြုလုပ်မည့် ပါတီစုံအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေး ဆင့်ပွားသင်တန်းကို စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့ ပုလဲရတနာခန်းမ၌ ဇူလိုင် ၁၆ရက်က ဖွင့်လှစ်သည်။

သင်တန်းတွင် ပုလဲမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးအောင်စိုးက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်ထားသော အမိန့်ညွှန်ကြားချက်များနှင့် ကျင့်ဝတ်စည်းကမ်းများကို ရှင်းလင်းအမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင် ဦးလေးမော်က မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွက် လုပ်ငန်းလမ်းညွှန်ကိုလည်းကောင်း၊ အဖွဲ့ခွဲအဖွဲ့ဝင် ဦးဇော်ဝင်းစိုးက ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများအတွက် လုပ်ငန်းလမ်းညွှန်များကို လည်းကောင်း၊ အဖွဲ့ခွဲ အဖွဲ့ဝင် ဒေါ်စုစုက မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအတွက် လုပ်ငန်းလမ်းညွှန်ကိုလည်းကောင်း၊ အဖွဲ့ခွဲအဖွဲ့ဝင် ဒေါ်သင်းသင်းစိုးက ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုနှင့် ပြစ်ဒဏ်များ၊ တရားမဲ့ပြုကျင့်မှုများ၊ ရွေးကောက်ပွဲကန့်ကွက်လွှာများ တင်သွင်းခြင်းနှင့် အဆုံးအဖြတ်ပေးခြင်းကိုလည်းကောင်း၊ အဖွဲ့ခွဲ အဖွဲ့ဝင် ဦးအောင်ထွန်းမြင့်က မဲစာရင်းပြုစုခြင်း၊ မဲဆန္ဒနယ်သတ်မှတ်ကြေညာခြင်းကိုလည်းကောင်း၊ ဒေါ်သန်းသန်းဦးက ဆန္ဒမဲရေတွက်ခြင်းနှင့် အနိုင်အရှုံးအတည်ပြုကြေညာခြင်း၊ ကော်မရှင်၏ လုပ်ပိုင်ခွင့်များ၊ ရွေးကောက်ပွဲ ကုန်ကျစရိတ်များကို လည်းကောင်း၊ အဖွဲ့ခွဲ အဖွဲ့ဝင် ဦးဘိုးသောင်းက ရွေးကောက် တင်မြှောက်ခံပိုင်ခွင့်ရှိခြင်းနှင့် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိခြင်းအခြေအနေများကို လည်းကောင်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးမှ ဒုတိယဦးစီးမှူး ဒေါ်နွေစုအောင်က ရွေးကောက်ပွဲကျင်းပခြင်း၊ ဆန္ဒမဲပေးခြင်းနှင့် ကြိုတင်ဆန္ဒမဲပေးခြင်းကိုလည်းကောင်း အသီးသီးပို့ချဆွေးနွေးခဲ့သည်။

သင်တန်းဖွင့်ပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီး ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်ဦး၊ ယင်းမာပင်ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ အဖွဲ့ဝင်များ၊ ပုလဲမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကိုနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးထွန်းကြည်နှင့်အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးဆင့်ပွားသင်တန်းသို့ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ သင်တန်းသား ၂၁၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းခန့်စိုး(ဇေယျာမြေ)**

# ကျေးရွာဈေးတည်ဆောက်ရန် မြေနေရာများ ကွင်းဆင်းတိုင်းတာ

**ရမည်းသင်း ဇူလိုင် ၁၉**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် စံပြသိမ်ကုန်းကျေးရွာရှိ ဈေးတည်ဆောက်ရေးအတွက် မြေနေရာများကို ဇူလိုင် ၁၇ ရက်က ကွင်းဆင်းတိုင်းတာမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ကျေးလက်ဒေသဈေးမြေနေရာကို သတ်မှတ်၍ တိုင်းတာရန် မြို့နယ်မြေစာရင်းဦးစီးဌာန မြေတိုင်းအဖွဲ့က ကွင်းဆင်းဆောင်ရွက်ခဲ့ပြီး ရမည်းသင်းခရိုင် နယ်မြေတာဝန်ခံ မန္တလေးတိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးကျော်မြင့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးထက်မြက်အောင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး အမှုဆောင်အရာရှိ ဦးမောင်စိုးနှင့် ကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်မြေစာရင်းဦးစီးမှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုအဖွဲ့များ၊ စံပြသိမ်ကုန်းဈေးအကျိုးတော်ဆောင်အဖွဲ့များ လာရောက်ကြည့်ရှုခဲ့ကာ စံပြသိမ်ကုန်းကျေးရွာကို မြို့အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရန် ဈေးတစ်ခုသာကျန်ရှိနေသည့်အတွက် ကျေးရွာတာဝန်ရှိသူများအနေဖြင့် ဈေးတည်ဆောက်ရေးကို အမြန်အကောင်အထည်ဖော်ပြီး သုံးလအတွင်း အပြီးဆောင်ရွက်ရန် ဝန်ကြီးက မှာကြားသည်။

စံပြသိမ်ကုန်းကျေးရွာတွင် လျှပ်စစ်မီး၊ သန့်ရှင်းသောသောက်သုံးရေ၊ ရမည်းသင်းမြို့မှ သိမ်ကုန်းကတ္တရာလမ်းများ အားလုံးပြည့်စုံနေပြီဖြစ်သည့်အတွက် လိုအပ်နေသောဈေးကို အဆင့်မြင့်ဆောင်ရွက်ရန် ကျေးလက်နေဈေးသူဈေးသားများမှ ကိုယ့်အားကိုယ်ကိုး ဈေးဆိုင်ခန်းများ ဆောက်လုပ်သွားမည်ဖြစ်ကြောင်း၊ ဈေးမြေနေရာထဲမှ ပေ ၄၀၊ ပေ ၁၂၀ အကျယ် မြေလွတ်ပေါ်တွင် မီးသတ်စခန်းမြေနေရာလျာထားသတ်မှတ်ထားကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးက ပြောသည်။

မီးသတ်စခန်းနေရာ အဆောက်အအုံပြီးစီးပါက မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ကားတစ်စီး ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ဦး(ရမည်းသင်း)**

# သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး ညှိနှိုင်းဆွေးနွေး

**ငဖဲ ဇူလိုင် ၁၉**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေး၊ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုကျဆင်းရေး ညှိနှိုင်းဆွေးနွေးပွဲကို ငဖဲမြို့ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ဇူလိုင် ၁၇ ရက်က ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းဇော်က အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်အောင်က သွေးလွန်တုပ်ကွေးရောဂါ ထူးကဲစွာဖြစ်ပွားမှုအခြေအနေကို ကာကွယ်ထိန်းချုပ်ရန်အတွက် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရာတွင် လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းကာ မြို့ပေါ်နှင့်ကျေးရွာများတွင် သွေးလွန်တုပ်ကွေးရောဂါ နှိမ်နင်းရေးကို လူထုလှုပ်ရှားမှုအသွင်ဖြင့် ဌာနဆိုင်ရာများနှင့် NGO/INGO အဖွဲ့များက ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် ပညာရေးဌာနမှ ဒုတိယပညာရေးမှူး ဦးကျော်စိန်က အခြေခံပညာကျောင်းများတွင် သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးဆောင်ရွက်နေမှုအခြေအနေများနှင့် Save the Children မှစီမံချက်အရာရှိ ဒေါ်အိအိခင်က ကျန်းမာရေးဌာနနှင့် လက်တွဲပူးပေါင်းဆောင်ရွက်မှု၊ ထောက်ပံ့မှုများ ဆောင်ရွက်ထားသည့်အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ မိခင်နှင့် ငါးနှစ်အောက်ကလေး သေဆုံးမှုကျဆင်းရေးအတွက် ဆောင်ရွက်ရမည့်အချက်များကိုလည်း ကျန်းမာရေးဝန်ထမ်းများနှင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**

# တောင်တွင်းကြီး၌ မိုးနှမ်းစံပြစိုက်ခင်း ကွင်းသရုပ်ပြပွဲပြုလုပ်

**တောင်တွင်းကြီး ဇူလိုင် ၁၉**

တောင်တွင်းကြီးမြို့နယ် တလုပ်ပင်အုပ်စု တလုပ်ပင်ကျေးရွာ၌ မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနဦးဆောင်မှုဖြင့် စိုက်ပျိုးထားသည့် အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ဆင်းရတနာ(၃) မိုးနှမ်းစံပြစိုက်ခင်း ဧက ၅၀ ကွင်းသရုပ်ပြပွဲကို ဇူလိုင် ၁၇ ရက်က ပြုလုပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်၊ မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ခေါင်းဆောင် ဦးထွန်းမြင့်နှင့်အဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ကြည့်ရှုခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ခေါင်းဆောင်က သက်တမ်းတိုပြီး ဒေသနှင့်ကိုက်ညီသည့် ဆင်းရတနာ(၃)မျိုးကို စိုက်ပျိုးခြင်းဖြင့် ဝင်ငွေတိုးတက်ရရှိနိုင်ပုံများကို ရှင်းလင်းပြောကြားပြီး သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးရန် ပညာပေးဆွေးနွေးကာ လက်ကမ်းစာစောင်များလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **နိုင်ဝင်း**

# ကမ္ဘာကျော်တိုက်စစ်မှူးတွေရဲ့ စွမ်းဆောင်ရည်ပြသမယ့် ကလပ်အသင်း နိုင်ငံတကာချန်ပီယံများဖလားပွဲ

မိုးမြင့်လင်းလက်

**၂၀၁၅** ကလပ်အသင်း နိုင်ငံတကာချန်ပီယံများဖလားပွဲကို ဆက်လက်ယှဉ်ပြိုင်ကစားနေတာမို့ ဇူလိုင် ၂၁ ရက်မှာ ရီးမားနဲ့ မန်စီးတီး၊ နယူးယောက်ရက်ဘူးလ်နဲ့ ချယ်လ်ဆီး၊ ဘာစီလိုနာနဲ့ အယ်လ်အေဂလက်စီ၊ ဆန်ဂျို့စ်အတ်ကွစ်နဲ့ မန်ယူတို့ပွဲတွေက ပွဲကောင်းတွေအဖြစ် အားပေးရဦးမှာ ဖြစ်ပါတယ်။ ထိပ်တန်းအသင်းတွေရဲ့ ရာသီအကြိုအားထုတ်မှုနဲ့ ပြိုင်ပွဲဝင်ခြေစွမ်းကိုလည်း မြင်တွေ့လေ့လာခွင့်ရဦးမှာဖြစ်ပါတယ်။

**ရီးမားနဲ့ မန်စီးတီး**

ပြီးခဲ့တဲ့ ဘောလုံးရာသီရဲ့ စီးရီးအေမှာ ဒုတိယနဲ့ ကျေနပ်ခဲ့ရတဲ့ ရီးမားဟာ တိုက်စစ်မှူးတွေဖြစ်တဲ့ ပိုလီတာနိုနဲ့ ဗာဒီတို့ကို အငှားချထားပြီး ဝါရင့်တိုက်စစ်မှူး တော့တီ၊ ဂါဗင်ဟို၊ ဒမ်ဘီယာ၊ အန်တိုနီရိုတို့နဲ့ လာမယ့်ရာသီကို ဖြတ်သန်းဖို့ ပြင်ဆင်နေပါတယ်။ နည်းပြ ဂါစီရာဟာ အခုပွဲမှာ အမာခံကစားသမားတွေ ထုတ်သုံးမှာဖြစ်ပြီး မန်စီးတီးကို အနိုင်ကစားဖို့ ကြိုးစားပါလိမ့်မယ်။ ရီးမားတိုက်စစ်မှူးတွေက အခွင့်အရေးကို အမိအရအသုံးချနိုင်သူတွေဖြစ်တာမို့ အခုပွဲမှာ မန်စီးတီးတို့အတွက်ပွဲကျပ်ပါပဲ။ မန်စီးတီးတို့ကလည်း ပြီးခဲ့တဲ့ ဘောလုံးရာသီမှာ ပရီမီယာလိဂ်မှာ ဒုတိယရရှိခဲ့တဲ့အသင်းဖြစ်တာမို့ နည်းပြပယ်လီဂရီနီဟာ ဒီပွဲကို သေသေချာချာပြင်ဆင်ကစားပါလိမ့်မယ်။ ဒီဇီကို၊ အဂူရို၊ ဘိုနီ၊ ဆေးလ်ဗား၊ ယာယာတိုရေး၊ နာစရီ စတဲ့ကစားသမားတွေ အသုံးပြုခဲ့ရင်တော့ ရီးမားတို့လည်း လွယ်ကူမှာတော့ မဟုတ်ပါဘူး။ အသင်းလိုက်ကစားအားနဲ့ တိုက်စစ်ထက်မြက်မှုမှာတော့ မန်စီးတီးတို့အားသာချက်ရှိတာမို့ အခုပွဲမှာ မန်စီးတီးတို့ကပဲပြီး နိုင်ပွဲရရှိသွားနိုင်ပါတယ်။

**ဘာစီလိုနာနှင့် အယ်လ်အေဂလက်စီ**

အင်နီယေစတာ၊ မက်ဆီ၊ နေမာ၊ ဆွာရက်ဇ်တို့က ပြီးခဲ့တဲ့ ဘောလုံးရာသီမှာ အကောင်းဆုံးခြေစွမ်းပြခဲ့ပြီး တစ်ဦးနဲ့တစ်ဦး နားလည်မှုရှိရှိနဲ့ တိုက်စစ်ကို ထက်မြက်အောင် ဖော်ဆောင်နိုင်သူတွေဖြစ်ပါတယ်။ အသင်းလိုက်ရော တစ်ဦးချင်းပါ အားသာချက်ရှိနေတဲ့ ဘာစီလိုနာကို အယ်လ်အေဂလက်စီတို့ သိပ်တော့မလွယ်ပါဘူး။ အယ်လ်အေဂလက်စီမှာ ဂျရတ်၊ ဂျိုနင်ဟို၊ ရော်ဘီကိန်း၊ ဂေါ်ဒွန်၊ မာဂင်တို၊ ဇာဒက်စ်၊ ဆန်တို့စ်တို့ရှိနေပြီး အတွေ့အကြုံရင့်ကျက်သူတွေဖြစ်တာမို့ ဘာစီလိုနာတို့ အလွယ်တကူကျော်ဖြတ်ဖို့ မလွယ်ပါဘူး။ တိုက်စစ်မှူး ရော်ဘီကိန်းကတော့ အယ်လ်အေဂလက်စီအသင်းမှာ ၂၀၁၂၊ ၂၀၁၃၊ ၂၀၁၄ ခုနှစ်တွေမှာ ဂိုးအများဆုံးသွင်းယူနိုင်ခဲ့တဲ့ တိုက်စစ်မှူးတစ်ဦးဖြစ်ပေမယ့် ဒီပွဲမှာ ဘာစီလိုနာတိုက်စစ်မှူးတွေရဲ့စွမ်းရည်ကို အယ်လ်အေဂလက်စီတို့ ဟန့်တားထိန်းချုပ်ဖို့ ခက်ခဲပါလိမ့်မယ်။

**နယူးယောက်ရက်ဘူးလ်နှင့် ချယ်လ်ဆီး**

ဝိုက်ဖီးလစ်၊ လောရင့်၊ မက်ကာသေး စတဲ့ကစားသမားတွေနဲ့ ပွဲထွက်ဖို့ရှိနေတဲ့ နယူးယောက်ရက်ဘူးလ်က ချယ်လ်ဆီးကို ယှဉ်ပြိုင်ဖို့ တော်ရုံအားထုတ်လို့မရနိုင်ပါဘူး။ ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ်က နယူးယောက်ဖလားရရှိထားတဲ့ နယူးယောက်ရက်ဘူးလ်အသင်းဟာ ချယ်လ်ဆီးကို တွန်းတွန်းတိုက်တိုက်ကစားပြီး အသာစီးရနိုင်ရေး အားထုတ်ပါလိမ့်မယ်။ ချယ်လ်ဆီးတို့ကတော့ ရာသီအကြိုပြိုင်ပွဲတစ်ရပ်ကို စနစ်တကျပြင်ဆင်ကစားမှာဖြစ်တာမို့ အကောင်းဆုံးကစားသမားအခင်းအကျင်းနဲ့ ပွဲထွက်လာဖို့ရှိနေပါတယ်။ ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုဟာ အခုပြိုင်ပွဲမှာလည်း ဖလားရယူနိုင်ရေး ကြိုးစားမှာဖြစ်လို့ အခုပွဲကို နိုင်ပွဲရရေး ကြိုးစားပါလိမ့်မယ်။

**ဆန်ဂျို့အတ်ကွစ်နှင့် မန်ယူ**

အမေရိကန် ကယ်လီဖိုးနီးယားပြည်နယ် ဆန်ဂျို့အခြေစိုက် ဆန်ဂျို့အတ်ကွစ်အသင်းဟာ မေဂျာလိဂ်မှာတော့ ရုန်းကန်နေရတဲ့အသင်းဖြစ်ပြီး တိုက်စစ်မှာ သွန်ပဆင်၊ ဘာရီရာ၊ စတီဗင်လန်ဟက်တို့က အားထားရသူတွေဖြစ်ပါတယ်။ ဒ့ါအပြင် ဝမ်ဒိုလောစကီးကလည်း အသင်းခေါင်းဆောင် ပီပီတိုက်စစ်မှာ အားကိုးရသူဖြစ်လို့ ခံစစ်ပိုင်းအားနည်းချက်ရှိနေတဲ့ မန်ယူဟာ အဓိကကစားသမားတွေဖြစ်တဲ့ ရွန်းနေ၊ မာတာ၊ စမောလင်း၊ ဖယ်လိုင်နီ စတဲ့ကစားသမားတွေအပြင် အသင်းပြောင်းရွှေ့ဖို့ သတင်းတွေထွက်ပေါ်နေတဲ့ ဒီမာရီယာကလည်း ပါဝင်ကစားဖို့ရှိနေတာမို့ ဆန်ဂျို့အတ်ကွစ်ကို ဘယ်လိုအခင်းအကျင်းတွေနဲ့ အနိုင်ကစားမလဲဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။ ဒါပေမယ့် ကစားသမားသစ်တွေခေါ်ယူအားဖြည့်ထားတဲ့ မန်ယူဟာ အခုပွဲကို အနိုင်ကစားပြီး ရာသီအကြိုပြိုင်ပွဲရလဒ်ကို အကောင်းဆုံးပုံဖော်ပါလိမ့်မယ်။ ။



၂၀၁၄-၂၀၁၅ ပရီမီယာလိဂ်ဘောလုံးရာသီက မန်ယူနှင့် မန်စီးတီးပွဲတွင် မန်ယူတိုက်စစ်မှူး ရွန်းနီးနှင့် မန်စီးတီးတိုက်စစ်မှူး အဂူရိုတို့ ဘောလုံးယှဉ်လုကြစဉ်။

## ဂျွန်စတုံးကို ချယ်လ်ဆီးက ခေါ်ယူဖို့ သေချာနေ

အဲဗာတန်နောက်တန်းကစားသမား ဂျွန်စတုံးကို ချယ်လ်ဆီးက ပေါင်သန်း ၂၀ နဲ့ ခေါ်ယူဖို့ အဲဗာတန်က ပယ်ချလိုက်ပေမယ့် စာချုပ်ဖို့ သေချာနေပြီဖြစ်ကြောင်း ချယ်လ်ဆီးက အတည်ပြုပြောကြားလိုက်ပါတယ်။ ချယ်လ်ဆီးက ပေါင် ၂၆ သန်းအထိ တိုးပေးပြီး ခေါ်ယူလိမ့်မယ်လို့လည်း သတင်းတွေထွက်နေပါတယ်။ စာချုပ်ဖြစ်ရင်တော့ ဂျွန်စတုံးဟာ ပရီမီယာလိဂ်မှာ ပြောင်းရွှေ့ကြေးအမြင့်ဆုံးကစားသမားတစ်ဦး ဖြစ်လာဖွယ်ရှိပါတယ်။

စတုန်းအနေနဲ့ အသက် ၃၄ နှစ်အရွယ်ရှိနေပြီဖြစ်တဲ့ ချယ်လ်ဆီးအသင်းခေါင်းဆောင် ဂျွန်တယ်ရီရဲ့နေရာမှာ ဝင်ကစားရဖွယ်ရှိပါတယ်။ စတုန်းအနေနဲ့ ချယ်လ်ဆီးကို ရောက်လာမယ်ဆိုရင် ကျောနံပါတ် ၆ ဂျာစီကို ဝတ်ဆင်ကစားရဖွယ်ရှိပါတယ်။ အဲဗာတန်နဲ့အတူ ခြေစွမ်းပြနေတဲ့ ဂျွန်စတုန်းကို အရခေါ်ယူသွားမယ်လို့ မော်ရင်ဟိုက ပြောဆိုထားပြီး လာမယ့် ပရီမီယာလိဂ်ရာသီမစတင်မီ အရောက်ခေါ်ယူဖွယ်ရှိနေပါတယ်။

## အက်စပန်ညိုဂိုးသမား ရီးရဲမက်ဒရစ်ကိုရောက်ပြီ

မန်ယူဂိုးသမား ဒီဂီယာကို ရီးရဲမက်ဒရစ်က ခေါ်ယူဖို့ သတင်းများထွက်ပေါ်နေချိန်မှာ အက်စ်ပန်ညိုဂိုးသမား ကီကိုကာဆီလာကို ရီးရဲက စာချုပ်ပြီး ခေါ်ယူလိုက်ပါတယ်။ အသက် ၂၈ နှစ်အရွယ်ရှိ ဂိုးသမား ကာဆီလာကို ရီးရဲမက်ဒရစ်က ပေါင် ၄ဒသမ ၂ သန်းနဲ့ ငါးနှစ်စာချုပ်ပြီး ခေါ်လိုက်တာဖြစ်ပါတယ်။

သူ့ကို ပေါ်တိုကိုပြောင်းရွှေ့သွားတဲ့ ရီးရဲရဲ့ ဝါရင့်ဂိုးသမားကြီး ကာဆီးလက်စ်ရဲ့နေရာမှာ အစားထိုးမယ်လို့ ရီးရဲက ဆိုပါတယ်။ ကာဆီးလက်စ်ဟာ အက်စပန်ညိုသို့ ရီးရဲမက်ဒရစ် အရန်ဂိုးသမားအဖြစ်မှ ၂၀၀၇ ခုနှစ်က ပြောင်းရွှေ့ခဲ့ပြီး အခုရီးရဲကို ပြန်ရောက်လာတာဖြစ်ပါတယ်။ အခုစာချုပ်လိုက်ပြီဖြစ်တဲ့အတွက် ကာဆီလာဟာ ဘင်နီတက်ဇ်ဦးဆောင်တဲ့ ရီးရဲမက်ဒရစ်အသင်းရဲ့ ဩစတြေးလျနိုင်ငံ ခြေစမ်းခရီးစဉ်မှာ လိုက်ပါသွားနိုင်မှာဖြစ်ပါတယ်။ လာမယ့်ရာသီမှာတော့ ရီးရဲနဲ့အတူ တွေ့မြင်ရတော့မှာပါ။



ကောင်းမြတ်သူ ➤ ➤ စုစည်းသည်။

## ဗီလာမှာနေမယ်ပြောပြီး မန်စီးတီးနဲ့ စာချုပ်လိုက်တဲ့ ဖာဘီယန်ဒက်



အက်စတွန်ဗီလာအသင်းရဲ့ အသင်းခေါင်းဆောင် ဖာဘီယန်ဒက်ဟာအသင်းမှာပဲ ဆက်လက်ရှိနေမယ်လို့ ပြောကြားခဲ့ပြီး ရက်ပိုင်းအကြာမှာပဲ မန်စီးတီးနဲ့ စာချုပ်လိုက်ပါတယ်။

မန်စီးတီးဟာ ကွင်းလယ်ကစားသမား ဖာဘီယန်ဒက်ကို ပေါင်ရှစ်သန်းနဲ့ စာချုပ်လိုက်တာဖြစ်ပါတယ်။ အသင်းခေါင်းဆောင်တစ်ဦးအနေနဲ့ စကားမတည်သလို ဖြစ်သွားပြီး ဒီအတွက်ကြောင့် အက်စတွန်ဗီလာပရိသတ်တွေအတွက် စိတ်အနှောင့်အယှက်ဖြစ်ခဲ့ရပါတယ်။ သူ့ရဲ့ဆုံးဖြတ်ချက်ကြောင့် ဗီလာနည်းပြ တင်ရှားဝုဒ်လည်း စိတ်ထိခိုက်ခဲ့ရတယ်လို့ ဆိုပါတယ်။

အခုလို ရုတ်တရက်ဆုံးဖြတ်ချက်ချလိုက်ခြင်းအပေါ် ဖာဘီယန်ဒက်က ပရိသတ်ကို တောင်းပန်ခဲ့ပါတယ်။ မန်စီးတီးက ဒုတိယအကြိမ် ကမ်းလှမ်းလာခဲ့တဲ့အတွက် ကျွန်တော့်အနေနဲ့ ဆုံးဖြတ်ချက်ချလိုက်ရတာပါလို့ ဖာဘီယန်ဒက်က ဆိုပါတယ်။ အက်စတွန်ဗီလာက သူထွက်ခွာရတဲ့ အဓိကအကြောင်းအရင်းတစ်ရပ်ကတော့ လခတိုးပေးရေးကိစ္စ အဆင်မပြေတာကြောင့်ဖြစ်နိုင်ပါတယ်။ ဗီလာဟာ ဖာဘီယန်ဒက်ကို တစ်ပတ်ပေါင် ၈၀၀၀၀ ပေးနေရာကနေ တစ်ပတ်ပေါင် ၃၀၀၀၀ ထပ်တိုးပေးဖို့ သူကညှိနှိုင်းခဲ့ပေမယ့် အဆင်မပြေတဲ့အတွက် မန်စီးတီးကို ပြောင်းရွှေ့သွားခဲ့တာ ဖြစ်နိုင်ပါတယ်။ အသက် ၂၅ နှစ်အရွယ်ရှိတဲ့ ဖာဘီယန်ဒက်ဟာ လာမယ့်ရာသီမှာတော့ မန်စီးတီးနဲ့အတူ ကစားတော့မှာဖြစ်ပါတယ်။

# ဆေးပညာသတင်းဆန်းများ(၁၀၄)

ဒေါက်တာကံညွန့်

**အိမ်သာတစ်ခါသုံးလျှင် တစ်ရှူပီးပေးမည်**

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက နိုဝင်ဘာ ၁၉ ရက်ကို World Toilet Day လို့ သတ်မှတ်ထားတာပါ။ အဖွဲ့ကြီးရဲ့အဆိုအရ ကမ္ဘာမှာ လူပေါင်း ခုနစ်ကုဋေရှိတဲ့အထဲက ခြောက်ကုဋေခန့်က Mobile Phone တွေ အသုံးပြုနိုင်ကြပေမယ့် အိမ်သာကိုတော့ လူပေါင်း ၄ ဒသမ ၅ ကုဋေသာ သုံးစွဲနိုင်ကြသေးတယ်လို့ ဆိုပါတယ်။ ဒါကြောင့် ကမ္ဘာကြီးက လူသားပေါင်း ၂ ဒသမ ၅ ကုဋေဟာ အိမ်သာမသုံးစွဲနိုင်ကြသေးဘဲ ၁ ဒသမ ၁ ကုဋေကတော့ မစင်ကိုဖြစ်သလို Open air စွန့်ပစ်နေကြဆဲဖြစ်တယ်လို့ ဆိုပါတယ်။ ဒါဟာ ကျေးလက်တွေမှာဖြစ်နေပြီး ဒီလိုစွန့်ပစ်နေကြတာဟာ ကျန်းမာရေးအတွက် အလွန်စိုးရိမ်စရာကောင်းတဲ့ အခြေအနေပဲလို့ ထောက်ပြထားပါတယ်။ မဖွံ့ဖြိုးသေးတဲ့ နိုင်ငံတွေနှင့် ဖွံ့ဖြိုးစနိုင်ငံတွေဟာ သူတို့နိုင်ငံသားတွေရဲ့ ကျန်းမာရေးလုပ်ငန်းဆောင်ရွက်ရာမှာ လူတိုင်းအိမ်သာအသုံးပြုနိုင်ရေးဟာ ဆေးရုံဆေးခန်းတွေဆောက်တာ၊ ခေတ်မီဆေးနှင့် ဆေးပစ္စည်းတွေ ဝယ်ယူတာထက်ပိုအရေးကြီးတဲ့ ကိစ္စဖြစ်တယ်လို့ ထောက်ပြထားပါတယ်။ အိမ်သာတွေကို အစိုးရက ငွေကုန်ကြေးကျအကုန်ခံပြီး ဆောက်ထားပေမယ့် လူတွေရဲ့ အလေ့အကျင့်ကလည်း အရေးကြီးပါတယ်။ အိမ်သာအသုံးပြုဖို့ ကျန်းမာရေးပညာပေးဖို့ လိုအပ်ပါတယ်။ အိမ်သာရှိလျက်နဲ့ အိမ်သာအသုံးမပြုတဲ့ နိုင်ငံတွေမှာ အိန္ဒိယနိုင်ငံလည်း ပါပါတယ်။ တစ်လောက သတင်းတစ်ပုဒ်




အရ အိန္ဒိယနိုင်ငံ အာမန်ဒါဘတ်မြို့မှာ အများသုံးအိမ်သာ ၃၁၅ လုံး ဆောက်ပေးထားပေမယ့် အိမ်သာ ၆၇ လုံးသာ လူတွေအသုံးပြုခဲ့ကြတယ်။ ဒါကြောင့် အဲဒီမြို့ရဲ့ စည်ပင်ဌာနက အိမ်သာအသုံးပြုသူတွေကို တစ်ခါကို တစ်ရူပီးပေးဖို့ ကြေညာထားတယ်လို့ သိရပါတယ်။ စင်ကာပူနိုင်ငံဟာ ဒီလိုလူတိုင်းအိမ်သာအသုံးပြုဖို့ ကြိုးစားရာမှာ အတုယူသင့်တဲ့ နိုင်ငံတစ်ခုပါ။ သူတို့ဟာ ယမန်နှစ်က ကျရောက်တဲ့ World Toilet Day ကို နိုင်ငံခြားရေးဝန်ကြီးဌာန (MFA) နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရေအရင်းအမြစ်ဝန်ကြီးဌာန (MEWR)တို့ ပူးပေါင်းကျင်းပခဲ့ပါတယ်။ ဒီအခမ်းအနားမှာ MEWR ဝန်ကြီးဌာနရဲ့ ဝန်ကြီးဖြစ်သူ Dr. Vivian Balakrishnam က စင်ကာပူနိုင်ငံရဲ့ Sanitation for All ဆောင်ပုဒ်ကို အကောင်အထည်ဖော်နိုင်ခဲ့ပုံကို ရှင်းပြခဲ့ပါတယ်။ ပုံးနှင့်စွန့်ပစ်တဲ့ System ကို ၁၈၈၀ ခုနှစ်ကပဲ ကျင့်သုံးခဲ့တဲ့ စင်ကာပူနိုင်ငံဟာ ၁၉၈၇ ခုနှစ် ဇန်နဝါရီ ၂၄ ရက်မှာတော့ ဒီ System ကို နိုင်ငံမှာ အပြီးအပိုင်အဆုံးသတ်နိုင်ခဲ့တယ်ဆိုတာ တင်ပြခဲ့ပါတယ်။ လူတိုင်းအိမ်သာအသုံးပြုနိုင်ရေးဟာ နိုင်ငံတိုင်းရဲ့ အစိုးရတွေဆီမှာ တာဝန်ရှိကြောင်း တင်ပြလိုက်ရပါတယ်။

**မှန်ဘီလူးပါတဲ့မျက်ကပ်မှန်**



နောက်ဖော်ပြလိုတဲ့ သတင်းကတော့ မျက်စိအမြင်အာရုံအထူးအားနည်းနေသူတွေအတွက် သတင်းကောင်းပါ။ အထူးသဖြင့် ARMD လို့ Age Related Macular Degeneration အသက်ကြီးပြီး မျက်စိအာရုံခံလွှာပျက်စီးပြီး ဖြစ်ရတဲ့ရောဂါကြောင့် မျက်စိမှုန်နေသူတွေအတွက် ဖြစ်ပါတယ်။ ဒါကတော့ ဘာလဲဆိုရင် မျက်ကပ်မှန်ပေါ်မှာ Zoom ပါတဲ့ မှန်ဘီလူးကို တီထွင်နိုင်ခဲ့ကြတာဖြစ်ပါတယ်။ ဒါကို တီထွင်နိုင်ခဲ့ကြသူတွေကတော့ ဆွစ်ဇာလန်နိုင်ငံ EPFL လို့ခေါ်တဲ့ ဌာနကြီးက သုတေသနပညာရှင်တွေဖြစ်ပါတယ်။ သူတို့ဟာ အထူ 1.5mm ရှိတဲ့ မျက်ကပ်မှန်ပေါ်မှာ ပလတ်စတစ်နှင့် Aluminium ရောထားတဲ့ Telescope အငယ်စားတစ်ခုလိုဖြစ်နေတဲ့ မှန်ဘီလူးငယ်တစ်ခုကို တပ်ပေးထားတာဖြစ်ပါတယ်။ ဒီပစ္စည်းလေးကို တီထွင်နိုင်ဖို့ သူတို့ဟာ အမေရိကန်စစ်တပ်မှာ အသုံးပြုခဲ့တဲ့ US Defense Advanced Research Projects Agency (DARPA) က ထုတ်လုပ်ခဲ့တဲ့ Bionic Vision Lens ရဲ့ အယူအဆကို အတုယူခဲ့တာလို့ ဆိုပါတယ်။ ဒီပစ္စည်းဖြစ်လာနိုင်အောင် ၂၀၁၃ ခုနှစ်ကပဲ ကြိုးစားခဲ့ကြပေမယ့် ယခု ၂၀၁၅ ခုနှစ်မှသာ လူတွေရဲ့ မျက်စိမှာ တည်တည်ငြိမ်ငြိမ်တပ်ဆင်နိုင်မယ့် မှန်ဘီလူးပါတဲ့ မျက်ကပ်မှန်ကို တီထွင်နိုင်ခဲ့ကြတာဖြစ်တယ်ဆိုတာ သတင်းကောင်းအဖြစ် တင်ပြလိုက်ရပါတယ်။

**ခါးနာသက်သာစေမယ့် ခါးပတ်**



ယခုဖော်ပြလိုတဲ့ သတင်းကတော့ ခါးနာတတ်သူတွေအတွက် သက်သာနိုင်တဲ့ ခါးကိုပတ်ပြီးထားရတဲ့ ခါးပတ်တစ်ခုအကြောင်းပါ။ ဒီခါးပတ်ကို Philips ကုမ္ပဏီက ထုတ်လုပ်လိုက်ပြီး Blue Touch လို့ အမည်ပေးထားပါတယ်။ ဒီခါးပတ်မှာ ဘက်ထရီအသေးစားကလေးပါရှိပြီး ဒီကနေ Blue Light-Emitting Diodes LEDs ထုတ်ပေးနိုင်အောင် ပြုလုပ်ထားတာဖြစ်ပါတယ်။ ဒီ LED ဟာ အလင်းရောင်နှင့် အပူဓာတ်ကို တစ်ပြိုင်နက်ထုတ်ပေးနိုင်စွမ်းရှိပြီး ဒီကနေ Nitric Oxide(NO) ဓာတ်ကိုပါ ထုတ်ပေးနိုင်ပြီး ဒီ NO ဓာတ်ကြောင့် သွေးကြောငယ်များ ပိုကျယ်လာပြီး သွေးလှည့်ပတ်မှုကို ပိုးကောင်းစေတယ်လို့ ဆိုပါတယ်။ အကျႌအောက်မှာ ပုံမပျက်ဝတ်ဆင်ထားနိုင်ပြီး ပုံမှန်အလုပ်အကိုင်မပျက်စေဘဲ ခါးနာပျောက်အောင်ကုပေးနိုင်တဲ့ Device တစ်ခု ဖြစ်ပါတယ်။ ဒီခါးပတ်ကို ကနဦးစမ်းသပ်မှုအနေနဲ့ ခါးနာနေသူလူပေါင်း ၆၃၃ ဦးကို စမ်းသပ်ရာမှာ ၂၈ ရာခိုင်နှုန်းက လုံးဝသက်သာသွားပြီး ကျန်တဲ့သူတွေဟာ အတော်အတန်သက်သာခဲ့တယ်လို့ ဆိုပါတယ်။ ခါးနာခြင်းဟာ အလုပ်လုပ်နေကြတဲ့အရွယ် ယောကျ်ား ငါးယောက်မှာ အနည်းဆုံး တစ်ယောက်ခံစားနေရတဲ့ ရောဂါဖြစ်ပြီး လူတိုင်းအနည်းဆုံး တစ်သက်လုံးမှာ တစ်ကြိမ်၊ နှစ်ကြိမ် ခံစားကြရတဲ့ ဝေဒနာဖြစ်ပါတယ်။

**တောင်ကိုရီးယားက MERS ရောဂါ**

ကျန်းမာရေးကိစ္စတွေမှာ တစ်ခါတစ်ခါ မထင်မှတ်ဘဲ မမျှော်လင့်တာတွေ ဖြစ်လာတတ်ပါတယ်။ တောင်ကိုရီးယားနိုင်ငံမှာဖြစ်နေတဲ့ MERS လို့ခေါ်တဲ့ Middle East Respiratory Syndrome အရှေ့အလယ်ပိုင်းဒေသက အသက်ရှူလမ်းကြောင်းရောဂါကို ကြည့်ကြပါဦး။ ဆော်ဒီအာရေဗီးယားက ပြန်လာတဲ့ အသက် ၆၈ နှစ်အရွယ် အမျိုးသားတစ်ယောက်ထံက မေ ၂၀ ရက်ကစ ဒီရောဂါကူးစက်ခံခဲ့ရပြီး တောင်ကိုရီးယားမှာ ကူးစက်ခဲ့တာ ဒီနေ့ ဒီဆောင်းပါးရေးနေချိန် ၁၁-၆-၂၀၁၅ ရက်မှာ လူပေါင်း ၁၀၈ ဦးကို ကူးစက်ခဲ့ပြီး လူကိုးဦးသေဆုံးခဲ့ပါပြီ။ လူ ၃၅၀၀ ကျော်ကိုလည်း ဒီရောဂါဖြစ်သူတွေနှင့် နီးစပ်မှုရှိခဲ့တာကြောင့် စောင့်ကြည့်အဆင့်အဖြစ် သူတို့ကို သီးသန့်ထားခဲ့ရပါတယ်။ သူတို့ရဲ့ Mobile Phone တွေကတစ်ဆင့် သူတို့အခြေအနေကို သိနိုင်အောင် ဆောင်ရွက်ထားရပါတယ်။ ဒါ့အပြင် ကျောင်းပေါင်း တစ်ထောင်ကျော်ကိုလည်း ရောဂါမကူးစက်နိုင်အောင် ပိတ်ထားခဲ့ရပါတယ်။ နိုင်ငံခြားခရီးသွား ၅၃၀၀၀ ခန့်ကိုလည်း တောင်ကိုရီးယားနိုင်ငံ ခရီးစဉ်ကို ဖျက်သိမ်းထားရပါတယ်။ ဆိုးလ်မြို့ ပတ်ဝန်းကျင်က ဆေးရုံ ၂၄ ရုံမှာ ဒီဝေဒနာရှင်တွေ လက်ခံကုသဖို့ သတ်မှတ်ထားပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သမားတော်ကြီးများ၊ ရောဂါဗေဒဆရာဝန်ကြီးများနှင့် ဓာတ်ခွဲခန်းကျွမ်းကျင်သူတို့ပါဝင်တဲ့ ဆေးအဖွဲ့ကိုလည်း စေလွှတ်ထားတယ်လို့ သိရပါတယ်။ ဒီရောဂါဟာ Corona Virus အမျိုးထဲက တစ်မျိုးကြောင့်ဖြစ်ရတာဖြစ်ပြီး ကုလားအုပ်တွေက စတင်ကူးစက်ခဲ့တာလို့ ဆိုပါတယ်။ ၂၀၁၀ ပြည့်နှစ်က အရှေ့အလယ်ပိုင်းဒေသက ဆော်ဒီနှင့် ယူအေအီး၊ အီဂျစ်၊ ဂျော်ဒန်နိုင်ငံတွေမှာ စဖြစ်ခဲ့တာဖြစ်ပြီး အာရှ နိုင်ငံတချို့ဖြစ်တဲ့ တရုတ်၊ ဖိလစ်ပိုင်၊ မလေးရှားအပါအဝင် ကမ္ဘာ့နိုင်ငံ ၂၅ နိုင်ငံ လူပေါင်း ၁၁၇၉ ဦးကို



ကူးစက်ဖူးတာဖြစ်ပါတယ်။ ဒီရောဂါဟာ တရုတ်၊ ဟောင်ကောင်နှင့် မြန်မာနိုင်ငံတွေမှာ လွန်ခဲ့တဲ့ ရှစ်နှစ်ခန့်က ဖြစ်ခဲ့တဲ့ SARS (Severe Acute Respiratory Syndrome) ရောဂါနှင့် အသွင်သဏ္ဌာန်တူတာလည်းဖြစ်ပါတယ်။ ဒီရောဂါဖြစ်လာရင် ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ နှာရည်ယိုခြင်း၊ အသက်ရှူကြပ်ခြင်း၊ အော့အံခြင်း၊ ဝမ်းသွားခြင်းတို့ဖြစ်တတ်ပြီး ရောဂါဖြစ်သူ ၃၅ ရာခိုင်နှုန်းခန့် အသက်ဆုံးရှုံးရတတ်တဲ့ရောဂါဖြစ်ပါတယ်။ ဒီရောဂါဖြစ်လာရင် တိတိကျကျကုသနိုင်မယ့် ဆေးမရှိပါဘူး။ ဒါကြောင့် ရောဂါမဖြစ်အောင် ကာကွယ်ထားဖို့လိုပါတယ်။ ယခုအခါ ကျန်းမာရေးဌာနကလည်း သတိပေးထုတ်ပြန်ထားပြီးဖြစ်ပါတယ်။ အများပြည်သူကလည်း ယခုလောလောဆယ်ရောဂါဖြစ်နေတဲ့ တောင်ကိုရီးယားနိုင်ငံက ပြန်လာသူ၊ အရှေ့အလယ်ပိုင်းဒေသက ပြန်လာသူတွေမှာ ဒီရောဂါလက္ခဏာမျိုး ပြန်လာပြီး ၁၄ ရက်အတွင်း ပေါ်ပေါက်ပါက သက်ဆိုင်ရာကျန်းမာရေးဌာနသို့ လာရောက်ပြသကြဖို့ လိုအပ်ကြောင်း တင်ပြလိုက်ရပါတယ်။

**ပန်ကရိယကင်ဆာကုထုံးသစ်**

ကင်ဆာရောဂါကုသရာမှာ အများအားဖြင့် ကိုယ်ခံအားကိုမြင့်အောင်လုပ်ပေးခြင်းဟာ ပိုမိုထိရောက်ကြောင်း တင်ပြခဲ့ပါပြီ။ ဒါပေမယ့် ကုရခက်တဲ့ ကင်ဆာတစ်မျိုးဖြစ်တဲ့ Parcreatic Cancer ကို ကုသဖို့ ယခုအသစ်ပေါ်လာတဲ့ ကုထုံးမှာတော့ ကိုယ်ခံအားကို မမြင့်အောင်ထားပြီးမှ ကုသနိုင်မယ်လို့ ဆိုပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီကုထုံးမှာ Oncolytic Vrius ပိုးတစ်မျိုးကို ထိုးသွင်းကုသရလို့ဖြစ်ပြီး ဒီ Virus တွေက ကိုယ်ခန္ဓာထဲကို ရောက်သွားနဲ့ Cancer Cells တွေကို မတိုက်ခိုက်ခင် ကိုယ်ခံအား Cells တွေက ချေမှုန်းပစ်နိုင်တာကြောင့်လို့ ဆိုပါတယ်။ ဒီစမ်းသပ်မှုကိုတော့ Queen Mary University of London က ဆေးပညာရှင်တွေ စမ်းသပ်ခဲ့တာဖြစ်ပါတယ်။ သူတို့ဟာ Pancreatic Cancer ရအောင်လုပ်ထားတဲ့ ကြွက်တွေမှာ IL-10လို့ အမည်ပေးထားတဲ့ ကင်ဆာ Cells သေနိုင်တဲ့ Virus ကို ကိုယ်ခံအားကိုကျစေတဲ့ Interleukin-10gene နဲ့ရောပြီး ဆေးထိုးစမ်းသပ်ခဲ့တာလို့ ဆိုပါတယ်။ ယင်းကြွက်တွေကို ခြောက်ပတ်အကြာ ပြန်စမ်းကြည့်တဲ့အခါ ၄၂ ဒသမ ၈ ရာခိုင်နှုန်း ကုသမှုအောင်မြင်တာကို တွေ့ရတယ်လို့ ဆိုပါတယ်။ ဒါကြောင့် ဒီကုရခက်တဲ့ Pancreatic Cancer ကို ကုသနိုင်ဖို့ ကုထုံးသစ်ကို ဖော်နိုင်လိမ့်မယ်လို့ မျှော်လင့်ထားတာကို တင်ပြလိုက်ရပါတယ်။

**CRC ကင်ဆာအတွက် လမ်းညွှန်ချက်များ**

အူမကြီးကင်ဆာ (Colon Cancer) နှင့် မစင်အိမ်ကင်ဆာ (Rectal Cancer) နှစ်မျိုးဟာ အလွန်နီးစပ်တဲ့နေရာဖြစ်ကြပြီး ရောဂါလက္ခဏာလည်း ဆင်တာကြောင့် ဒီရောဂါနှစ်မျိုးကိုပေါင်းပြီး Colorectal Cancer (CRC) လို့ ပေါင်းခေါ်ထားပါတယ်။ ရောဂါကာကွယ်ရေးအတွက်လည်း ဒီရောဂါနှစ်မျိုးအတွက် အကြံပြုချက်ဟာ တစ်ခုတည်းဖြစ်ပါတယ်။ ယခုအခါ CRC ရောဂါဟာ အသင် ၆၀အောက်အရွယ်တွေမှာလည်း အဖြစ်များလာတဲ့ ကင်ဆာရောဂါဖြစ်တာကြောင့် ဒီရောဂါကို ကြိုတင်ကာကွယ်နိုင်မယ့် နည်းလမ်းတွေကို ဟောင်ကောင် Cancer Expert Working Group(CEWG)က ထုတ်ပြန်ထားတဲ့ လမ်းညွှန်ချက်ကို တင်ပြချင်ပါတယ်။

(၁) ဒီရောဂါဟာ အစားအသောက်နှင့်ပတ်သက်ပြီး ဖြစ်ပေါ်နိုင်ပါတယ်။ ဒါကြောင့် Fiber ပါတဲ့ အစားအစာတွေများများစားဖို့၊ အနီရောင်အသားတွေနှင့် အသင့်ချက်ပြီးအသားတွေကို လျှော့စားဖို့၊ ဆေးလိပ်၊ အရက်လျှော့သောက်ဖို့နှင့် ကိုယ်လက်လှုပ်ရှားမှုနေ့စဉ်ပြုလုပ်ပြီး အဝမလွန်အောင်နေဖို့ တိုက်တွန်းထားပါတယ်။

(၂) ဒီရောဂါတွေရဲ့ လက္ခဏာတွေကတော့ ဝမ်းသွားပုံပြောင်းလဲလာမှု၊ ဝမ်းသွားလိုက်၊ ဝမ်းချုပ်လိုက်ဖြစ်ပြီး ဝမ်းသွားတိုင်း အကုန်အစင်မသွားဘဲ ဝမ်းကျန်သလိုခံစားရမှု၊ ဝမ်းထဲမှာ သွေး၊ ချွဲတွေပါဝင်မှုတွေဖြစ်ပြီး အစားအသောက်ပျက်ခြင်း၊ မစားချင်မသောက်ချင်ဖြစ်ခြင်း၊ ကိုယ်အလေးချိန်လျော့လာခြင်းတို့ရှိလာရင် သက်ဆိုင်ရာ အစာအိမ်လမ်းကြောင်းဆရာဝန်ကြီးများနှင့် ပြသဖို့။

(၃) မိမိရဲ့ အဖေ၊ အဘိုးနှင့် ညီအစ်ကိုသားချင်းတွေမှာ ဒီ CRC ရောဂါမျိုးဖြစ်ခဲ့ရင် ဒီရောဂါဟာ မျိုးရိုးဗီဇ (Gene )နှင့်လည်း ပတ်သက်နေတာကြောင့် အသက် ၄၀ အရွယ်ကပဲ Colonoscopy ခေါ်တဲ့ အူမကြီးမှန်ပြောင်းကြည့်ခြင်းပြုလုပ်သင့်ကြပါတယ်။ ဒီ CRC ရောဂါဟာ တချို့လူတွေမှာ ကင်ဆာမဖြစ်ခင် Ployp ခေါ်တဲ့ အသားပိုလေးက စတင်ဖြစ်တာကြောင့် အစာအိမ်မှန်ပြောင်းကြည့်သူ ဆရာဝန်ကြီးတွေဟာ Therapeutic Colonoscopy အဖြစ် ဒီ Ployps တွေကို ဖြတ်တောက်စမ်းသပ်မှုပြုလုပ်ပေးမှာ ဖြစ်ပါတယ်။

ဒီအချက်တွေကို သတိထားပြုလုပ်ပေးခြင်းဖြင့် CRC ခေါ်တဲ့ အူမကြီး+မစင်အိမ်ကင်ဆာဖြစ်ခြင်းက ကာကွယ်နိုင်ကြမှာဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။ ။

## သတင်းတိုများ

### ဆိုလာစနစ်ဖြင့် ကျေးရွာလျှပ်စစ်မီးရရှိ

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၊ ခင်တန်းကြီးကျေးရွာအုပ်စု ဇီးအုပ်ကျေးရွာတွင် ဇူလိုင် ၁၆ ရက်မှစ၍ ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးစတင်ရရှိပြီဖြစ်ကြောင်း သိရသည်။ ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးလင်းရေးအတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေဖြင့် တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်ကာ အိမ်ခြေ ၇၄ အိမ်အတွက် ဆိုလာပြားနှင့် ဆက်စပ်ပစ္စည်း ၇၄ စုံကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရန်နိုင်ညွန့်နှင့် တာဝန်ရှိသူများက ကျေးရွာနေပြည်သူများထံ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

### အလုံမြို့နယ်၌ သွေးလွန်တုပ်ကွေး ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်

အလုံမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးအတွက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ခေတ္တဦးစီးဌာနမှူး ဒေါက်တာကြည်သာမြင့်သိန်းနှင့် သူနာပြုသားဖွားဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများ၊ အလုံမြို့နယ်စည်ပင်ကျန်းမာရေးဌာနမှ မြို့နယ်ကျန်းမာရေးအရာရှိ ဒေါက်တာမြတ်စံပယ်လှိုင်နှင့် စည်ပင်ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်း၍ ဆင်မင်းရပ်ကွက်၌ အဘိတ်ဆေးခပ်ခြင်း၊ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဇူလိုင် ၁၇ ရက်က ဆောင်ရွက်ခဲ့ကြပြီး အလုံမြို့နယ် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်၊ ဆင်မင်းရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသန်းထွန်းနှင့် ဆယ်အိမ်မှူး၊ ရာအိမ်မှူးများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များကပါဝင်ကူညီဆောင်ရွက်ကြကြောင်း သိရသည်။

**တင်မောင်ဦး(အလုံ)**

## ရွှေဘို-မြစ်ကြီးနား လမ်းမကြီးပေါ်မှ ရေအိုင်ကြီးကြောင့် သွားလာရေးအခက်တွေ့နေ

**အင်းတော် ဇူလိုင် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်အတွင်းမှ ပြည်ထောင်စုကားလမ်းမကြီးတစ်ခုဖြစ်သည့် ရွှေဘို-မြစ်ကြီးနားလမ်းမကြီးပေါ် သီဘာရွာနှင့် နတ်မဟုတ်ကြီးရွာကြားလမ်းပိုင်းတွင် ရေအိုင်ကြီးတစ်ခု ဖြစ်ပေါ်နေသဖြင့် လမ်းပေါ်တွင် ဆိုင်ကယ်များသွားလာရန် အခက်အခဲဖြစ်နေကြောင်း သိရသည်။

လမ်းမကြီးဘေးရှိ စိုက်ခင်းမြေကွက်များတွင် စက်ယန္တရားကြီးများနှင့်ထိုးကာ လမ်းမပေါ်မှ ရေထွက်ပေါက်လမ်းကြောင်းများကို မြေကြီးများဖြင့် ပိတ်ဆို့ထားခြင်းကြောင့် လမ်းမကြီးပေါ်မှ ရေများမှာ ထွက်ပေါက်မရှိတော့ဘဲ ရေအိုင်ကြီးဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း သိရသည်။

"ကားလမ်းအောက်က အခင်းမြေကွက်ကို မြို့ထဲကလူကို ရောင်းလိုက်တော့ မြေကွက်ဝယ်ယူတဲ့လူက ဝယ်တဲ့အထဲမှာ လယ်ထဲက ရေထွက်ပေါက်ပါ ပါသွားတယ်။ အရင်က ရေထွက်ပေါက်က အဲဒီလယ် လျှိုထဲက စီးဆင်းပြီးထွက်တာပါ။ ခုတော့ ဝယ်ယူထားတဲ့လူက သူမြေကွက် မြေညီအောင်ပြုပြင်လိုက်တော့ ကားလမ်းမကြီးပေါ်မှာ ရေပိတ်ဆို့မှုဖြစ်လာပါတယ်"ဟု နတ်မဟုတ်ကြီးရွာမှ ဒေသခံပြည်သူတစ်ဦးက ပြောသည်။

ရေအိုင်ကြီးမှာ ယခုအချိန်အထိ လမ်းပေါ်တွင် ရှိနေသဖြင့် ယာဉ်ငယ်များနှင့် ဆိုင်ကယ်များ၊ အင်းတော်မြို့သို့စက်ဘီးစီး၍ နေ့စဉ်ကျောင်းတက်ကျောင်းဆင်းကြသည့် ကျောင်းသား ကျောင်းသူများအတွက် သွားလာရေးအခက်အခဲဖြစ်နေကြောင်း သိရသည်။

**သန်းမောင်လေး(ကချင်မြေ)**



## ဈေးနှုန်းအပြိုင်အဆိုင်ပေး၍ ကြိမ်သီးများကို ဝယ်ယူလျက်ရှိ

**တနင်္သာရီ ဇူလိုင် ၁၉**

ဖန်စီအလှကုန်များ ထုတ်လုပ်ရာတွင် အထူးအသုံးဝင်သည့် ကြိမ်သီးများကို တနင်္သာရီတိုင်းဒေသကြီးအတွင်း ဈေးပြိုင်ပေး၍ အပြိုင်အဆိုင်ဝယ်ယူမှုများဖြစ်လာရာ ရောင်းချသူများအနေဖြင့် အဆင်ပြေသော်လည်း တစ်ဆင့်ရောင်းချရန် ဝယ်ယူသူများအနေဖြင့် အခက်အခဲများကြုံတွေ့နေရကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ်အတွင်း၌ ကြိမ်သီးအရွယ်အစားအလိုက် ဝယ်ယူသူများက ဈေးအပြိုင်ပေး၍ ဝယ်ယူနေကြကြောင်း၊ ကြိမ်သီးများတွင် အကြီးစားကြိမ်သီးအရွယ်အစားကို စူပါတန်းဟုလည်းကောင်း၊ ထိုထက်ငယ်သောအရွယ်ကို ဒုတိယတန်းအဆင့်အဖြစ်လည်းကောင်း၊ အသေးစားဟုလည်းကောင်း အရွယ်အစားအလိုက် ခွဲခြား၍ ဈေးနှုန်းသတ်မှတ်ထားကြောင်း၊ ဇူလိုင်လဆန်းအထိ ရောင်းသူဝယ်သူများ နှစ်ဦးနှစ်ဖက် ဈေးညှိနှိုင်းပြီး အရောင်းအဝယ်လုပ်



ကြရာ တစ်ဆင့်ခံရောင်းဝယ်သူများအနေဖြင့် အဆင်ပြေခဲ့ကြောင်း ဒေသခံကြိမ်သီးအရောင်းအဝယ်လုပ်သူများထံမှ သိရသည်။ လက်ရှိအချိန်တွင်မူ ကြိမ်သီးများကို ဝယ်လိုအားမြင့်တက်လာပြီး ဝယ်ယူလိုသူက ရောင်းချသူထက် ပိုများလာသဖြင့် ဈေးအပြိုင်ပေးကာ ဝယ်ယူလာကြကြောင်း၊ ဈေးနှုန်းများမြင့်တက်လာသဖြင့် ကြိမ်သီးကို ကိုယ်တိုင်ထုတ်လုပ်ရောင်းချသူများအနေဖြင့် အဆင်ပြေသော်လည်း တစ်ဆင့်ခံဝယ်ယူ ရောင်းချသူများအနေဖြင့် အခက်တွေ့နေကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

## အခြေခံပညာကျောင်းများ အဆင့်တိုးမြှင့်ဖွင့်

**သာစည် ဇူလိုင် ၁၉**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် အုတ်တွင်းကျေးရွာအုပ်စုရှိ ဆင်ရွာကျေးရွာနှင့် အင်တိုင်းသာကျေးရွာများမှ အခြေခံပညာမူလတန်း ကျောင်းများကို မူလတန်းလွန်ကျောင်းများအဖြစ် ဇူလိုင် ၁၇ ရက်က အဆင့်တိုးမြှင့်ဖွင့်လှစ်ခဲ့သည်။

ဆင်ရွာကျေးရွာ ကျောင်းအဆင့်တိုးမြှင့်ဖွင့်ပွဲတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးငွေမောင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးနှင့် ဒုတိယမြို့နယ်ပညာရေးမှူး ဦးသိန်းဇော်တို့က ကျောင်းဆိုင်းဘုတ်ကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမိုးမြင့်သိန်းတို့က အမှာစကားပြောကြားကာ ဒုတိယမြို့နယ်ပညာရေးမှူးက ယခုကဲ့သို့အခြေခံပညာမူလတန်းလွန်ကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ရသဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။ ထို့နောက်စာသင်ခုံများပြုလုပ်ရန်အတွက် သုခပံသု သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာဦးတင်မောင်ချိုက အလှူငွေကျပ်သုံးသိန်းကို ကျောင်းအုပ်ဆရာမကြီးထံပေးအပ်သည်။

ဆက်လက်၍ အင်တိုင်းသာကျေးရွာ မူလတန်းလွန်ကျောင်းကိုလည်း တာဝန်ရှိသူများက အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးခဲ့သည်။ ကျောင်းများအဆင့်တိုးမြှင့်ဖွင့်နိုင်သဖြင့် ဒေသခံကလေးငယ်များ၏ ပညာသင်ယူရေးကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်း(သာစည်)**

## ကွန်ပျူတာအခြေခံသင်တန်း အခမဲ့ဖွင့်

**ဆော ဇူလိုင် ၁၉**

လူငယ်များအတွက် ကွန်ပျူတာပညာ အခြေခံပညာသင်တန်းကို ဂန့်ဂေါခရိုင် ဆောမြို့ သီရိရပ်ကွက်ရှိ သီလရှင်ကျောင်းတိုက်၌ ဇူလိုင် ၉ ရက်မှ ဩဂုတ် ၈ ရက်အထိ အခမဲ့ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ကွန်ပျူတာအခြေခံသင်တန်းကို လူငယ်များ ကွန်ပျူတာနှင့်ရင်းနှီးကျွမ်းဝင်ပြီး အသုံးချတတ်စေရန်နှင့် ကွန်ပျူတာ အခြေခံပညာ၊ အသိပညာများတိုးတက်စေရေးအတွက်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သင်တန်းဦးစီးနာယက ဆရာတော် ဘဒ္ဒန္တခေမာက မိန့်ကြားသည်။ သင်တန်းသို့ လူငယ်သင်တန်းသား သင်တန်းသူ ၄၇ ဦး တက်ရောက်လျက်ရှိပြီး ဆရာဆရာမ သုံးဦးက လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**(၁၀၁)**





**ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့တွင် နွားများ စည်းကမ်းမဲ့လွှတ်ကျောင်းထားခြင်းကြောင့် ယာဉ်အသွားအလာများသော ရန်ကုန်-မန္တလေး ကားလမ်းပေါ်အထိ တက်ရောက်နေကြသည်ကို ဇူလိုင် ၁၇ ရက်က တွေ့ရစဉ်။**

(စည်းကမ်းမဲ့နွားလွှတ်ကျောင်းခြင်းကြောင့် ယာဉ်အန္တရာယ် ဖြစ်ပွားနိုင်သည့်အပြင် မြို့တွင်းသာယာလှပရေးအတွက် စိုက်ပျိုးထားသော သစ်ပင်၊ ပန်းပင်များ ပျက်စီးပြီး လမ်းများပေါ်တွင် မစင်စွန့်ခြင်းကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းစေသဖြင့် စည်းကမ်းမဲ့နွားကျောင်းသူများအား တာဝန်ရှိသူများက အရေးယူပေးရန် ဒေသခံများ လိုလားနေကြသည်။)

**ကိုလွင်(ဆွာ)**

# စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းသွားရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းလျှောက်လွှာများအား ၉-၆-၂၀၁၅ ရက်နေ့မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ **၃၁-၇-၂၀၁၅ ရက်နေ့တွင် လျှောက်လွှာများ ပိတ်သိမ်းမည်ဖြစ်ပါသဖြင့်** ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာ ထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာ ပိတ်ရက်မတိုင်မီ ပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး (ဖုန်းနံပါတ် ၀၃၆-၃၀၃၃၁/၀၃၆-၃၀၃၃၈) သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ အမှတ် (၂၃) အကြီးစားစက်ရုံ (ညောင်ခြေထောက်)တွင် အောက်ပါစက်လိုင်းများကို စစ်ဆေးပြုပြင်ခြင်းအတွက် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်-

| စဉ် | အမျိုးအစား | အရေအတွက် |
|---|---|---|
| (က) | M-55, B-53 Wire Drawing Machine | 1 Lot |
| (ခ) | Universal Lathe Machine, Horizontal Boring & Milling Machine, Grinding Machine, Planing Machine | 1 Lot |

၂။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၂၀-၇-၂၀၁၅ ရက်မှ ၃-၈-၂၀၁၅ ရက်အတွင်း အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူတင်သွင်းနိုင်ပါသည်-

**စီမံရေးဌာန၊ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ် (၄၁)၊ စက်မှုဝန်ကြီးဌာန**
**ဖုန်း-၀၆၇-၄၀၈၂၉၈၊ ၀၆၇-၄၀၈၄၀၇**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၂၀-၇-၂၀၁၅ ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၂၂-၇-၂၀၁၅ ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀ နာရီ

၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန နည်းပညာတက္ကသိုလ် (ပင်လုံ) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန နည်းပညာတက္ကသိုလ်(ပင်လုံ)မှ အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Desktop Computer Dell (Memory 4GB, HDD 500GB, Processor Intel Core i7) | ၉ လုံး |
| (ခ) | UPS (Power Tree) (650 VA) | ၉ လုံး |

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ**
**စတင်ရောင်းချမည့်ရက်** - ၁၇-၇-၂၀၁၅ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၀-၇-၂၀၁၅ ရက် မွန်းလွဲ ၂း၀၀ နာရီ

၃။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**နည်းပညာတက္ကသိုလ် (ပင်လုံ)၊ လွိုင်လင်မြို့**
**ဖုန်း-၀၈၁-၃၁၀၄၅၂၊ ၀၈၁-၃၁၀၅၉၁**

## ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရှိ လုပ်ငန်းသုံးရေယာဉ်ကြီးများ ပြုပြင်ထိန်းသိမ်းခြင်းအတွက် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းတစ်မျိုးချင်းစီအတွက် ဈေးနှုန်းကမ်းလှမ်းလွှာများကို ၁၁-၈-၂၀၁၅ ရက် ၁၃း၀၀ နာရီ နောက်ဆုံးထားပြီး တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| 1. | Deep Sea Seal (Propulsion Spares for M.V Hasdan) | -2 Items |
| 2. | Hydro-Bladder Accumulator & Hydro-electric Pressure Switch (Spare Parts For Ramanya) | -2 Items |
| 3. | Dredge Pump Spares (Ramanya) | -5 Items |

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း (ဗိုလ်တထောင်ဘုရားအနောက်ဘက်၊ ကွန်ကရစ်လမ်းသစ်၊ Toll Gate အနီး)၊ ဆိပ်ကမ်းမြို့နယ်တွင် ၂၁-၇-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၈၆၁၀၂၂၉ နှင့် ၀၁-၈၆၁၀၂၃၂ သို့ စုံစမ်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူမှုစိစစ်ရေးအဖွဲ့**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ နည်းပညာနှင့်သက်မွေးပညာဦးစီးဌာနလက်အောက်ရှိ စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်း(SMVTI)တွင် အလုပ်ခန့်အပ်နိုင်ရန်အတွက် အောက်ဖော်ပြပါဘွဲ့ရများအား Finance & HR ဌာန၏ Manager ရာထူးတာဝန်ပေးအပ်နိုင်ရေးအတွက် လစာနှုန်း (၁၆၅၀၀၀ိ-၂၀၀၀ိ-၁၇၅၀၀၀ိ)ရာထူးနေရာ၌ အလုပ်ခန့်ထားရန် သတ်မှတ်ချက်များနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်။ လျှောက်ထားသူသည် လျှောက်လွှာနှင့်အတူ လိုအပ်သော စာရွက်စာတမ်းများပူးတွဲတင်ပြ၍ စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်းတွင် ၃၁-၇-၂၀၁၅ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) BBM ဘွဲ့ရရှိသူ/ MBA လက်မှတ်ရရှိသူဖြစ်ရမည်။
(ဂ) ၃၁-၇-၂၀၁၅ ရက်တွင် အသက်(၃၅)နှစ်ထက်မကြီးသူ/ဝန်ထမ်းဖြစ်ပါက အသက်(၄၅)နှစ်ထက်မကြီးသူ ဖြစ်ရမည်။
(ဃ) အင်္ဂလိပ်ဘာသာရေး၊ ဖတ်၊ ပြောကျွမ်းကျင်သူဖြစ်ရမည်။
(င) (၆)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့ဓာတ်ပုံ(၃)ပုံ၊ ဘွဲ့လက်မှတ်မိတ္တူ၊ အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် မိတ္တူနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။
(စ) ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ခံကတိရေးထိုးနိုင်ရမည်။
(ဆ) (၁)လအတွင်းပြုလုပ်ထားသော ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးထောက်ခံစာ။
(ဇ) (၁)လအတွင်း ပြုလုပ်ထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်း ကျေးရွာ/ရပ်ကွက်/ရဲစခန်းထောက်ခံစာ။
(ဈ) (၆)လအတွင်းပြုလုပ်ထားသော အလုပ်သမားမှတ်ပုံတင်မိတ္တူ။

၂။ လူတွေ့စစ်ဆေးခြင်း ဆောင်ရွက်မည်ဖြစ်ပါသည်။ လူတွေ့စစ်ဆေးခြင်း အောင်မြင်ပြီးပါက လိုအပ်သောသင်တန်းများအား ဦးစွာတက်ရောက်ရမည်ဖြစ်ပါသည်။ လူတွေ့စစ်ဆေးချိန်တွင် ဘွဲ့/နိုင်ငံသားစိစစ်ရေးကတ်/တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်/အလုပ်သမားမှတ်ပုံတင်မူရင်းများတင်ပြနိုင်ရမည်။ လျှောက်လွှာများကို စင်ကာပူ-မြန်မာ သက်မွေးပညာသင်တန်းကျောင်း၌ ထုတ်ယူနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ပညာရေးဝန်ကြီးဌာန၊ နည်းပညာနှင့် သက်မွေးပညာဦးစီးဌာန၊ ဖုန်း-၀၆၇-၄၀၄၄၇၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ပညာရေးဝန်ကြီးဌာန**

## စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၂/၂၀၁၅)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ အမှတ် (၃) ဓာတ်မြေသြဇာစက်ရုံ (ကျော်စွာ)မှ ယူရီးယားဓာတ်မြေသြဇာ(ဂျုံးတုံး/ဂျုံးခဲ)နှင့် အမှတ် (၄) ဓာတ်မြေသြဇာစက်ရုံ (မြောင်းတကာ)၊ အမှတ် (၅) ဓာတ်မြေသြဇာစက်ရုံ (ကန်ကြီးထောင့်)တို့ရှိ ယူရီးယားဓာတ်မြေသြဇာ (အောက်ကျုံး)များအား (ဒုတိယအကြိမ်) အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၁-၇-၂၀၁၅ ရက်မှ ၄-၈-၂၀၁၅ ရက်အထိ (ရုံးချိန်အတွင်း)
၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - (က) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ် ၄၄၊ နေပြည်တော်
(ခ) ဘဏ္ဍာရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ အမှတ် ၇ (က)၊ သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့
၄။ **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်** - ၄-၈-၂၀၁၅ ရက် (အင်္ဂါနေ့)
**အချိန်နှင့်နေရာ** - ၁၂း၀၀ နာရီ၊ ရုံးအမှတ် ၄၄၊ နေပြည်တော်
**တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၄-၈-၂၀၁၅ ရက် ၁၃း၀၀ နာရီ

၅။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၁၁၃၄၉၊ ၀၆၇-၄၁၁၁၂၂ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ နေပြည်တော်**

## ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၂) လက်ပံခြေပေါ်-ညောင်ဦးမြို့ (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၂)မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ ထန်းတပင်မြို့နယ်တွင်တည်ဆောက်မည့် ကုက္ကိုဝတံတား တည်ဆောက်ရေးစီမံကိန်း၌ အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများအား (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်-

| စဉ် | ပေးသွင်းရမည့်ပစ္စည်း | အရေအတွက် | ပေးသွင်းရမည့်နေရာ |
|---|---|---|---|
| ၁။ | သစ်(အခြားသား) | ၇၅ တန် | ကုက္ကိုဝတံတား |
| ၂။ | မြစ်ကျောက်စရစ် | ၁၀၀၀ ကျင်း | ״ |
| ၃။ | မြစ်သဲ | ၅၀၀ ကျင်း | ״ |
| ၄။ | နုန်းသဲ | ၇၅၀ ကျင်း | ״ |

**တင်ဒါဖွင့်မည့်ရက်/ အချိန်** - ၂၆-၇-၂၀၁၅ ရက် ၁၀း၀၀ နာရီ
**တင်ဒါလျှောက်လွှာပိတ်သည့်ရက်/အချိန်** - ၂၅-၇-၂၀၁၅ ရက် ၁၆း၀၀ နာရီ
**တင်ဒါဖွင့်မည့်နေရာ** - တည်ဆောက်ရေးအဖွဲ့(၂)၊ ကုက္ကိုဝတံတားစီမံကိန်း(ရုံး) ထန်းတပင်မြို့နယ်

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို တည်ဆောက်ရေးအဖွဲ့ (၂)၊ ကုက္ကိုဝတံတားတည်ဆောက်ရေးစီမံကိန်းရုံး၊ ထန်းတပင်မြို့နယ်၌ ၂၁-၇-၂၀၁၅ ရက်မှစ၍ ၂၅-၇-၂၀၁၅ရက် နောက်ဆုံးထားပြီး ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**တည်ဆောက်ရေးအဖွဲ့ (၂)**
**လက်ပံခြေပေါ်၊ ညောင်ဦးမြို့နယ်**
**ဖုန်း-၀၉-၈၃၀၄၅၉၃**

## တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့ (၂) လက်ပံခြေပေါ်-ညောင်ဦးမြို့ (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့ (၂)မှ ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ ထန်းတပင်မြို့နယ်တွင် တည်ဆောက်မည့် ကုက္ကိုဝတံတားတည်ဆောက်ရေးလုပ်ငန်းခွင်၌ အောက်ဖော်ပြပါလုပ်ငန်းသုံး စက်/ယာဉ်များအား (မြန်မာကျပ်ငွေဖြင့်) ငှားရမ်းအသုံးပြုလိုပါသည်-

| စဉ် | အမျိုးအစား | အရေအတွက် |
|---|---|---|
| ၁ | 40 ton မှ 80 ton ကြား Crawlerr Crane | ၃ စီး |
| ၂ | Working Barge (400) Ton (အထက်) | ၁ စီး |
| ၃ | Air compressor 8-Bar CFM-550 (အထက်) | ၁ လုံး |

**ငှားရမ်းအသုံးပြုမည့်ကာလ** - ၈/၂၀၁၅ လမှ ၁၀/၂၀၁၅ လအထိ
**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၂၆-၇-၂၀၁၅ ရက်၊ ၁၀း၀၀ နာရီ
**တင်ဒါလျှောက်လွှာပိတ်သည့်ရက်/အချိန်** - ၂၅-၇-၂၀၁၅ရက်၊ ၁၆း၀၀ နာရီ
**တင်ဒါဖွင့်မည့်နေရာ** - တည်ဆောက်ရေးအဖွဲ့ (၂)၊ ကုက္ကိုဝတံတားစီမံကိန်း(ရုံး) ထန်းတပင်မြို့နယ်

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို တည်ဆောက်ရေးအဖွဲ့ (၂)၊ ကုက္ကိုဝတံတားတည်ဆောက်ရေးစီမံကိန်းရုံး၊ ထန်းတပင်မြို့နယ်၌ ၂၁-၇-၂၀၁၅ ရက်မှစ၍ ၂၅-၇-၂၀၁၅ရက် နောက်ဆုံးထားပြီး ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**တည်ဆောက်ရေးအဖွဲ့ (၂)**
**လက်ပံခြေပေါ်၊ ညောင်ဦးမြို့နယ်၊ ဖုန်း-၀၉-၈၃၀၄၅၉၃**

## MYANMA RAILWAYS

Amendment of Tender Opening Date

The Following Tenders Opening date shall be amend as follows.

| Sr No | Tender No | Description | Initial Closing Date & Opening Date | Extension of Closing Date & Opening Date |
|---|---|---|---|---|
| 1 | 2/MR/INDIA(M) 2015-2016 | Machinery (4) Items | 29.7.2015 | 17.9.2015 |
| 2 | 6/MR/INDIA(M) 2015-2016 | Diesel Rail Crane 60 Tons (at 9 M radius and 360° slew) (1)Item | 29.7.2015 | 17.9.2015 |
| 3 | 7/MR/INDIA(E) 2015-2016 | Ballast Cleaning Machine (2) Items | 29.7.2015 | 30.9.2015 |
| 4 | 8/MR/INDIA(E) 2015-2016 | Track Geometry Measuring Trolley(6)Nos Rail-Road Excavator with Five Attachments (5)Nos, Self-Propelled Trolley for Ultrasonic Rail Inspection(2)Nos and Track Off-Trackable Tamping Machine (6) Nos | 29.7.2015 | 30.9.2015 |
| 5 | 9/MR/INDIA(E) 2015-2016 | Small Track Maintenance Machines (10) Items | 29.7.2015 | 30.9.2015 |

Enquiry about tender can be made to Managing Director,Myanma Railways(Fax No. 95-67-77016) by fax or by phone to 95-67-77001, 95-67-77181, 95-1-291994 , 95-1-291985 during office hours.

Managing Director, Myanma Railways,
Ministry of Rail Transportation, Nay Pyi Taw, Myanmar

## ရထားပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | အကြောင်းအရာ |
|---|---|---|
| (က) | ၀၂/မမ/(ဌာနခွဲအသီးသီး) | ကွန်ပျူတာဆက်စပ်ပစ္စည်း(၃၉)မျိုး ဝယ်ယူရန် |
| (ခ) | ၀၃/မမ/(ဌာနခွဲအသီးသီး) | (၁)သာပေါင်းအဆင့်မြင့်စက္ကူဖြူ 27"x34"(60-gm)(34.222 Ton) (၂)သာပေါင်းအဆင့်မြင့်စက္ကူဖြူ 27"x34"(70-gm)(5.083 Ton) |
| (ဂ) | ၅၂/မမ/(CME) | Honing Machine for Engine Cylinder Liner and NALCO -2100 (fluid or INDION-1344 (Powder) for ALCO Engine)(2-Item)ဝယ်ယူရန် |
| (ဃ) | ၅၃/မမ/(CME) | ကောလင်းဘူတာရှိဝန်ထမ်းအိမ်ခန်း(၂၈၃)ခန်းတွင် လျှပ်စစ်မီတာတပ်ဆင်ခြင်း လုပ်ငန်းအတွက်လျှပ်စစ်ပစ္စည်း(၈)မျိုးကို မန္တလေးပါဝါလျှပ်စစ်စက်ရုံ အရောက် ဝယ်ယူရန် |

တင်ဒါပိတ်မည့်နေ့/အချိန် - အမှတ်စဉ်(က) မှ (ဃ) - ၃ . ၈. ၂၀၁၅ (တနင်္လာနေ့)(၁၂း၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်( ၂၀.၇.၂၀၁၅)ရက်နေ့မှစ၍ ရုံးချိန်အတွင်းဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ စုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊မြန်မာ့မီးရထား၊ကုန်သည်လမ်း နှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့ ဖုန်း - 294352,291994

## ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန
## တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့
## အမှတ်စဉ် (၂/၂၀၁၅) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင် မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် လမ်း၊ တံတားလုပ်ငန်းများအတွက်

(က) အောက်ဖော်ပြပါ ဆောက်လုပ်ရေးပစ္စည်းများကို (မြန်မာကျပ်ငွေဖြင့်)ဝယ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအစား | အရေအတွက် | ရေတွက်ပုံ | မှတ်ချက် |
|---|---|---|---|---|
| ၁။ | အုတ် | ၃၃၄၁၂၅ | ချပ် | |
| ၂။ | ဘိလပ်မြေ | ၅၂၆၀ | အိတ် | ပြည်ထောင်စုငွေလုံးရန်ပုံငွေ |
| ၃။ | ကျောက်စရစ် | ၁၈၇.၀၀ | ကျင်း | လုပ်ငန်းများအတွက် |
| ၄။ | သစ်ခွဲသား(ထု) | ၂၇.၃၈ | တန် | |
| ၅။ | သစ်ခွဲသား(ပျဉ်) | ၁၆.၇၃ | တန် | |
| ၆။ | ၆'-၉" ကျောက် | ၁၆၉၉.၀၀ | ကျင်း | |
| ၇။ | ဘိလပ်မြေ | ၂၆၈၅၈ | အိတ် | တိုင်းဒေသကြီးငွေလုံး၊ ပြင်ထိန်း |
| ၈။ | သစ်မာခွဲသား | ၁၁.၄၀ | တန် | ရန်ပုံငွေလုပ်ငန်းများအတွက် |
| ၉။ | ဒီဇယ်ဆီ | ၅၁၄၀၈ | ဂါလန် | |

(ခ) အောက်ဖော်ပြပါလုပ်ငန်းများကို တင်ဒါစနစ်ဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၁။ မြင့်မိုရ်လက်ခတ်တောင်ဘုရားတောင်တက်လမ်းအား အရှည် ၂၁ ဖာလုံ×အကျယ် ၁၂'× ထု ၈" ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း။

၂။ ထားဝယ်မြို့တွင်း အောင်သုခလမ်းအား အရှည် ၆၄၀'×အကျယ် ၁၂'×ထု ၈" ကွန်ကရစ် လမ်းခင်းခြင်းနှင့် (၃'×၃'×၁၅') (၃'×၃'×၁၉') BoxCulvert နှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်း။

၃။ ထားဝယ်မြို့တွင်း ကမ်းသာယာလမ်းအား အရှည် ၅၀၀'×အကျယ်၁၂'×ထု ၈" ကွန်ကရစ် လမ်းခင်းခြင်းနှင့် (၃'×၃'×၃၀') BoxCulvert တစ်စင်းတည်ဆောက်ခြင်းလုပ်ငန်း။

**တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၂၈-၇-၂၀၁၅ ရက် ညနေ ၄း၀၀ နာရီ

**တင်ဒါဖွင့်မည့်နေရာ/ရက်/အချိန်** - ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ထားဝယ်မြို့၊ ၂၉-၇-၂၀၁၅ ရက် နံနက် ၁၀း၀၀ နာရီ

တင်ဒါပုံစံစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို အထက်ဖော်ပြပါဌာနတွင် စုံစမ်း၍ ၁၆-၇-၂၀၁၅ ရက်မှစပြီး လျှောက်လွှာတစ်စောင်လျှင် ကျပ် ၁၀၀၀၀/- (ကျပ်တစ်သောင်း)နှုန်းဖြင့် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ ဖုန်း-၀၅၉-၂၁၀၂၃

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**လမ်းဦးစီးဌာန၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ထားဝယ်မြို့**

Infinity
Models Agency
အနုပညာဝါသနာပါသော
ညီငယ်၊ ညီမငယ်များ
ဆက်သွယ်နိုင်ပါသည်။
09-250417419, 09-799990268

Prime Livingmall
No.54/B, Kabaraye Pagoda Road, No.8 Ward, Mayangone Tsp, Near Nawaday Cinema.
Ygn, Myanmar.
+ 959785800800

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ ၁၉လမ်း၊ အမှတ် ၈၈တွင်နေထိုင်သူ ကျွန်ုပ်၏ မိတ်ဆွေ ဦးရင်အောင်(ခ)လင်ရင်ဟောင် ၁၂/လသန(ပြု)၀၀၀၄၉၁၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄)၊ လူနေရပ်ကွက်(၄)၊ မြေကွက်အမှတ် ၂၉၄/က၊ မြေဧရိယာ အကျယ်အဝန်း (ပေ ၂၀×ပေ ၆၀)ရှိ နှစ် ၆၀ဂရန်မြေကွက်အား ကျွန်ုပ်မိတ်ဆွေက ဦးအေးဝင်း ၁၂/သကတ(နိုင်)၀၁၄၈၆၅ထံမှ ဝယ်ယူထားပြီးဖြစ်၍ ကျွန်ုပ်၏မိတ်ဆွေမှ အမည်ပေါက်ရန် ကိစ္စအဝဝအား ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အမည်ပြောင်းကိစ္စရပ်များအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရင်အောင် (ခ) လင်ရင်ဟောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်နွဲ့ရီ LL.B (တရားလွှတ်တော်ရှေ့နေ) (စဉ်-၇၉၂၅)**
**တိုက် (၉)၊ အခန်း (၂၇)၊ ဖဆပလ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၀၉၈၉၄၂**

## မိတ္ထီလာ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၌ ယာဉ်ကြီးမောင်းသင်တန်း ဖွင့်လှစ်မည်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းမှ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ယာဉ်ကြီးမောင်းကျွမ်းကျင်လုပ်သားများ လေ့ကျင့်မွေးထုတ်ပေးနိုင်ရန်အတွက် ရည်ရွယ်၍ သင်တန်းသားများခေါ်ယူနေပြီ ဖြစ်ပါသည်။

အဆိုပါယာဉ်ကြီးမောင်းသင်တန်းကို ဩဂုတ် ၃ရက်မှ ၁၄ရက်အထိ ရက်သတ္တ နှစ်ပတ်ကြာ သင်တန်းသား ၃၀ ဖြင့် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက သင်တန်းမှူး၊ မော်တော်ယာဉ်သင်တန်းဌာနခွဲ ဖုန်း-၀၉-၄၄၄၀၃၄၆၈၉သို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း။

**ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း**

## အခွန်ပေးဆောင်ရန်ကျန်ရှိနေသည့် အခွန်ထမ်းများသိစေရန်
## အသိပေးကြေညာခြင်း

ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနတွင် တစ်ဦးချင်းပုဂ္ဂိုလ်များ၊ ပုဂ္ဂိုလ်စုများ၊ ကုမ္ပဏီများမှ ပေးဆောင်ရန်ကျန်ရှိသည့် နှစ်အဆက်ဆက် အခွန်မပြေကျန်ငွေများ ကျန်ရှိလျက်ရှိပါသည်။ ယင်းအခွန်မပြေကျန်ငွေများကို ဥပဒေနှင့်အညီ ပေးဆောင်လာစေရေးအတွက် အကြိမ်ကြိမ်စည်းရုံးနှိုးဆော်၍ ကောက်ခံလျက်ရှိသော်လည်း အချို့သောအခွန်ထမ်းများနေဖြင့် အခွန်မပြေကျန်ငွေများ ပေးဆောင်ရန် ဆက်လက်ပျက်ကွက်လျက်ရှိပါသည်။

အဆိုပါပျက်ကွက်သူများအား သတ်မှတ်ပေးထားသည့်အချိန်အတွင်း ပေးဆောင်ခြင်းမရှိပါက တည်ဆဲဝင်ငွေခွန်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မများနှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်ခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပြည်တွင်းအခွန်များဦးစီးဌာနသို့ ပေးဆောင်ရန် အခွန်ကြွေးကျန်ရှိသည့် အခွန်ထမ်းများအနေဖြင့် သတ်မှတ်ရက်အတွင်း မပျက်မကွက် လာရောက်ပေးဆောင်ပါရန်နှင့် ဆက်လက်ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
## မြန်မာ့သစ်လုပ်ငန်း
## ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာန
## ၇/၂၀၁၅-၂၀၁၆ ကြိမ်မြောက်
## စက်မှုကုန်ကြမ်း သစ်လုံး/ခွဲသား ဈေးပြိုင်လေလံကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ စက်မှုကုန်ကြမ်း သစ်လုံး/သစ်ခွဲသားများကို အောက်ဖော်ပြပါအတိုင်း ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချသွားမည် ဖြစ်ပါသည်-

(က) **ရောင်းချမည့်ရက်နှင့်အချိန်** - ၄-၈-၂၀၁၅ ရက် (အင်္ဂါနေ့) နံနက် ၀၉း၃၀ နာရီ

(ခ) **ရောင်းချမည့်အမျိုးအစားနှင့်တန်** - ကျွန်းသစ်လုံး (၂၁၅)တန်ခန့်
သစ်မာသစ်လုံး(၂၅၈၉)တန်ခန့်
ကျွန်းခွဲသား (၁၇)တန်ခန့်
သစ်မာခွဲသား(၃၅)တန်ခန့်
(ပိတောက်/တမလန်းခွဲသားများ ပါဝင်ပါသည်။)

(ဂ) **ရောင်းချမည့်နေရာ** - ယင်းမာခန်းမ၊ ပြည်တွင်းရောင်း/စက်ဌာန(ရုံးချုပ်) မြန်မာ့သစ်လုပ်ငန်း၊ အမှတ် (၇၂/၇၄)၊ ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

၂။ သစ်လုံးဈေးပြိုင်လေလံနှင့် ပတ်သက်သည့်အချက်အလက်များအား အသေးစိတ်သိရှိလိုပါက မြန်မာ့သစ်လုပ်ငန်း web-site ဖြစ်သော www. myanmatimber. com.mm တွင် ဝင်ရောက်ကြည့်ရှု၍လည်းကောင်း၊ ဖုန်း-၀၁-၃၇၂၄၂၃၊၀၁-၃၇၂၀၂၃၊ ၀၁-၃၇၂၆၈၈ တို့တွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

**ဈေးပြိုင်လေလံကျင်းပရေးကော်မတီ**
**ပြည်တွင်း ရောင်း/စက်**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ဓာတ်အားစနစ်ဌာန၊ ဓာတ်အားခွဲရုံများအတွက် လိုအပ်သော Under ground Cable with Armoured နှင့် Security Light များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၀-၇-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၇-၈-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀ နာရီ

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၀၂၈၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၆/မြို့မရပ်၊ ဇဝနဒီပရပ်ကွက်ရှိ မြေကွက်အမှတ်(ပ-၃၄၆၈၉)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧက ဦးဝင်းမြင့် (ကွယ်လွန်) အမည်ပေါက် ပါမစ်မြေကွက်အား ၎င်း၏တရားဝင်အမွေခံဇနီး ဒေါ်မြကြွယ် ၁၂/ပဘတ(နိုင်)၀၀၇၃၀၉ (ဘ)ဦးအာကျော်မှ တရားဝင်အမွေခံဇနီးဖြစ်ကြောင်း တရားရုံးကျမ်းကျိန်၊ သေဆုံးကြောင်း အထောက်အထားများတင်ပြပြီး မြေကွက်အမည်ပေါက်ပြောင်းလဲ၍ မြေငှားစာချုပ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ဖောင်းလင်းကျေးရွာ၊ မဝေဝေအောင် တက္ကသိုလ်ဝင်တန်း (B)၊ အထက ကုန်းဆောင်း၏ ဖခင်အမည်မှန်မှာ ဦးသိန်းဇော် ၈/စလန(နိုင်)၁၄၂၂၀၆ ဖြစ်ပါသည်။

## အမည်မှန်

ရသေ့တောင်မြို့နယ်၊ လေးကန်ကျေးရွာနေ ဦးခြသေ့အောင်၏သား ၁၁/ရသတ(နိုင်)၀၄၃၇၀၆ ကိုင်ဆောင်သူ မောင်စောယုဗိုလ် (ခ) မောင်စောယုဘို၏ အမည်မှန်မှာ မောင်ဝင်းနိုင် ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်နှင့် အမည်ပြောင်း

မြိတ်မြို့၊ အထက(၆)ကျွဲကူး၊ အဋ္ဌမတန်း(B)မှ မဝတ်ရည်ထွန်း၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးဝင်းလွင်ဦး ဖြစ်ပါကြောင်းနှင့် မဝတ်ရည်ထွန်းအား ယနေ့မှစ၍ မလင်းလဲ့အိမ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **ဦးဝင်းလွင်ဦး၊ မလင်းလဲ့အိမ်**

## ဖခင်အမည်မှန်

ပျော်ဘွယ်မြို့နယ် အထက(၉)၊ ရွာသစ်(န)ကျောင်း ဆဋ္ဌမတန်း(A)မှ မောင်ကိုဖြိုး၏ ဖခင်အမည်မှန်မှာ ဦးကြည်မင်းသန့် ၉/ပဘန(နိုင်)၁၁၈၄၅၉ ဖြစ်ကြောင်း။

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ TOP ပညာရိပ်သာ ကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်ဉက္ကာ အထက(၃)မုံရွာ အဋ္ဌမတန်းမှ မနှင်းအေးလှိုင်၊ အထက (၄) မုံရွာ ဆဋ္ဌမတန်းမှ မောင်သန်းအောင်၏ဖခင်အမည်မှန်မှာ ဦးကျော်စန်းဦး ဖြစ်ပါကြောင်း။

**ဦးကျော်စန်းဦး**
**၅/မရန(နိုင်)၁၅၅၄၅၅**

## အမည်ပြောင်း

ဦးစိန်သန်း၏သမီး ရေဦးမြို့၊ အထက(၁)၊ အဋ္ဌမတန်း(G)မှ မအေးယုနွယ်အား ယနေ့မှစ၍ မအေးမြင့်စံဟု ပြောင်းလဲခေါ်ပါရန်။

**မအေးမြင့်စံ**

## မိဘအမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ ပင်စိမ်းကင်းရွာမှ ရွှေဘိုတက္ကသိုလ် ပထမနှစ် (ဓာတုဗေဒ)မှ မနန်းယုမွန်၊ ခင်ဦးမြို့နယ်၊ မုံလှရွာ (အထက) အဋ္ဌမတန်းမှ မသဇင်မွန်နှင့် ဆဋ္ဌမတန်းမှ မသဲသဲမွန်တို့၏ ဖခင်အမည်မှန်မှာ ဦးပေါရန် ၅/ရဦန(နိုင်)၀၄၅၁၄၆ (ခ) ဦးဖိုးစိန် ဖြစ်ကြောင်းနှင့် မိခင်အမည်မှန်မှာ ဒေါ်တင်ထွေး ၅/ရဦန(နိုင်)၀၄၅၁၉၂ဖြစ်ပါကြောင်း။

**ဦးပေါရန်-ဒေါ်တင်ထွေး**

## အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ စိုက်ပျိုးမွေးမြူရေး အမှတ်(၁) ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အိမ်အမှတ် (၄/၃/၇) တွင် နေထိုင်သော ဦးဟုန်းဘူ၏သမီး မမင်းထိုးဟုန်း၏အမည်မှန်မှာ မဲန်းတွီးဟုန်း ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ အ. မ. က တော်ပကောက်၊ စတုတ္ထတန်းမှ မောင်နိုင်ဘိုလင်း၏ ဖခင်အမည်မှန်မှာ ဦးဇေယျာမင်းဖြစ်ပါကြောင်း။

ဦးဇေယျာမင်း

## ပျောက်ဆုံးကြောင်း

ကျွန်တော်ခွန်စိုးမောင် ၁၃/တကန(နိုင်)၀၈၈၄၂၅ ၏ နိုင်ငံကူးလက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၈၃၁၃၀၂၁**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၄ယ/၈၂၄၆၃ Junbo 125 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးဝင်း ၁၂/တမန(နိုင်)၀၈၄၈၄၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန (နေပြည်တော်)**

## မုဒုံမြို့နယ်အသင်း(ရန်ကုန်)
## (၁၇)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ဖိတ်ကြားခြင်း

မုဒုံမြို့နယ်အသင်း(ရန်ကုန်)အမှုဆောင်အဖွဲ့က ကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၁၇)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ မုဒုံမြို့နယ်သူ မြို့နယ်သားများ အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ ကြွရောက်ကုသိုလ်ယူ လှူဒါန်းနိုင်ကြောင်း ဖိတ်ကြားအပ်ပါသည်။ **(အသင်းဝင်များထံ ဖိတ်စာသီးခြားမပို့ပါ)။**

**နေ့ရက်** - ၁၃၇၇ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၀ရက် (၂၆-၇-၂၀၁၅ရက်) တနင်္ဂနွေနေ့
**အချိန်** - နံနက် ၉နာရီ
**နေရာ** - ဝိဇ္ဇောတာရုံစာသင်တိုက်
မြစပါယ်လမ်း (ပါရမီ)၊ အမှတ် (၉)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

ဝါဆိုသင်္ကန်းအလှူငွေ၊အလှူပစ္စည်းများ ကြိုတင်လှူဒါန်းလိုပါက အောက်ဖော်ပြပါပုဂ္ဂိုလ်များထံဆက်သွယ်ပေးပို့လှူဒါန်းနိုင်ပါသည်။

| | |
|---|---|
| ဦးအေးကျော် (ဥက္ကဋ္ဌ) | ဖုန်း-၀၁-၂၅၈၅၃၀၂၊ ၀၉-၈၆၀၀၇၂၄ |
| ဦးငွေစိုး (ဒုဥက္ကဋ္ဌ) | ဖုန်း-၅၆၉၃၁၃ |
| ဦးတင်ကြိုင် (အတွင်းရေးမှူး) | ဖုန်း-၅၇၈၄၇၄၊ ၀၉-၄၂၀၀၆၃၇၄၇ |
| ဒေါ်ထွေးကြည် (ဘဏ္ဍာရေးမှူး) | ဖုန်း-၀၉-၂၅၄၃၀၉၈၃၈ |
| ဒေါ်ခင်လှသန်း (အမှုဆောင်) | ဖုန်း-၆၅၃၃၀၆၊ ၀၉-၈၆၂၂၄၈၈ |
| ဦးအောင်ကြည် (အမှုဆောင်) | ဖုန်း-၀၉-၂၅၀၂၈၈၇၆၀၊ ၀၉-၃၀၁၇၇၁၉၂ |

အသင်းသား အသင်းသူများအား နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးပါမည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မုဒုံမြို့နယ်အသင်း(ရန်ကုန်)**

## ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်)
## ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲ ဖိတ်ကြားလွှာ

ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော (၂၁)ကြိမ်မြောက် ဝါဆိုသင်္ကန်းလှူပွဲကို (၁၃၇၇ ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၀ ရက်) ၂၆-၇-၂၀၁၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်)၏ အသင်းဓမ္မာရုံအရှေ့ရွှေဂုံတိုင်လမ်းမကြီး၊ ခြောက်ထပ်ကြီးဘုရားဝင်း၌ ကျင်းပမည်ဖြစ်ရာ ဘိုကလေးမြို့နယ်သူ မြို့နယ်သားများနှင့် အသင်းဝင်အားလုံး ကြွရောက်ကုသိုလ်ယူကြပါရန် ဖိတ်ကြားအပ်ပါသည်။ နံနက် ၉ နာရီမှ စ၍ ဧည့်သည်များအား ဘိုကလေးမုန့်ဟင်းခါးနှင့်ဧည့်ခံ၍ နံနက် ၁၀ နာရီတွင် သံဃာတော် ၁၀ ပါးအား ဝါဆိုသင်္ကန်းများ ကပ်လှူပူဇော်ပါမည်။

**ဆက်သွယ်လှူဒါန်းလိုသူများ**

ဥက္ကဋ္ဌ ဦးစောဝေ ဖုန်း-၀၉-၅၁၀၈၇၀၅၊ အတွင်းရေးမှူး ဦးဝင်းမြင့် ဖုန်း-၀၉-၅၁၀၅၈၀၆၊ အသင်းရုံး ဖုန်း-၀၁-၂၁၂၅၀၈ နှင့် နီးစပ်ရာ အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**အမှုဆောင်အဖွဲ့**
**ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်)**

## ကမ္ဘာအေးစွန်းလွန်းဝါဆိုသင်္ကန်းကပ်ပွဲ

၁၃၇၇ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့ ၃၁-၇-၂၀၁၅ရက် (သောကြာနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် ကမ္ဘာအေးစွန်းလွန်းဆရာတော် ဦးဝရအမှူးရှိသော ဝါဆိုသံဃာတော်တို့အား ယောဂီများစုပေါင်း၍ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပါမည်။

**ကမ္ဘာအေးစွန်းလွန်းပဋ္ဌိပတ္တိသာသနာနုဂ္ဂဟအဖွဲ့**

## အထူးတရားပွဲ

သုံးလောကထွတ်ထား မြတ်ဗုဒ္ဓအား အမှူးထား၍ တရားကိုချစ်ခင်၊ တရားကိုမြတ်နိုး၊ တရားကိုယုံကြည်၊ တရားဖြင့် မွေ့လျော်မွေ့ပျော်ကြကုန်သော သာသနာ့အနွယ်ဝင် သူတော်စင်အပေါင်းတို့အား ဉာဏ်ဗမ္မာ့သီရိဗိမာန်တော်ကြီးတွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်၊ ပါမောက္ခ(ဌာနမှူး) ဆရာတော် ဒေါက်တာအရှင်ဆေကိန္ဒမှ တရားရေအေး တိုက်ကျွေးမည်ဖြစ်ပါကြောင်း အလှူရှင် ဦးမျိုးသိန်း၊ ဇနီးဒေါ်ကေခိုင်၊ သားကြီးမောင်မြတ်ဘုန်းခန့်၊ သားငယ် မောင်သော်တာဘုန်းခန့်(မွေးနေ့ရှင်) မိသားစု ခနသီဟကုမ္ပဏီလီမိတက်မှ တရားတော်နာကြွရောက်ကြပါရန် အောက်ပါအစီအစဉ်များအတိုင်း လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ဓမ္မပူဇာအစီအစဉ်**

**နေ့ရက်** - ၁၃၇၇ ခုနှစ် ဒုတိယဝါဆိုလဆန်း ၆ ရက်
၂၀၁၅ ခုနှစ် ဇူလိုင် ၂၂ ရက် (ဗုဒ္ဓဟူးနေ့)
**အချိန်** - ည ၇း၃၀နာရီ
**လမ်းညွှန်** - ဉာဏ်ဗမ္မာ့သီရိဗိမာန်တော်၊ တံတားလေးလမ်း၀(နဝဒေးရပ်ရှင်ရုံအရှေ့) အမှတ်(၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

## ပုပ္ပားကျောင်းတိုက် ဝါဆိုသင်္ကန်းကပ်ပွဲ တရားစခန်းပွဲ

ရန်ကုန်ထောက်ကြန့် ပုပ္ပားကျောင်းတိုက်တွင် ၁၃၇၇ ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့ မွန်းတည့် ၁၂နာရီ(အလောင်းတော်ကဿပ ကိုယ်တော်မြတ်ကြီး)နှင့် ဘဒ္ဒန္တပဏ္ဍိစ္စအမှူးပြုသော ဝါဆို သံဃာတော်အရှင်မြတ်တို့အား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း၍ ဒုတိယဝါဆိုလဆန်း ၁၃ ရက်မှ ၅ ရက်အထိ တရားစခန်းပွဲကျင်းပမည်။ တရားစခန်းဝင်ယောဂီများ ၄င်း ၁၃ ရက် မွန်းတည့် ၁၂ နာရီအရောက်လာရမည်။ တရားစခန်းပွဲတွင် ဝါဆိုသင်္ကန်းတစ်စုံ ၅၀၀၀ိ/၊ အရုဏ်ဆွမ်းတစ်ရက် ၂၀၀၀၀ိ/၊ နေ့ဆွမ်းတစ်ရက် ၃၀၀၀၀ိ/ဖြင့် ဖုန်း-၀၁-၆၀၀၀၂၈၊ ၀၉-၄၂၅၀၂၅၈၆၈၊ ၀၉-၄၂၁၀၇၄၂၄၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

## ဆေးပညာနှီးနှောဖလှယ်ပွဲ ဖိတ်ကြားခြင်း

ဆေးတက္ကသိုလ်(၁)ကျောင်းသူ၊ ကျောင်းသားဟောင်းများအသင်း (University of Medicine (1) Alumni Association)မှ ဦးစီးကျင်းပမည့် ဆဋ္ဌမအကြိမ် "စဉ်ဆက်မပြတ်ဆေးပညာနှီးနှောဖလှယ်ပွဲ" အစီအစဉ်ကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူမည်သူမဆို အခမဲ့ တက်ရောက်နိုင်ပါကြောင်း လေးစားစွာဖိတ်ကြားအပ်ပါသည်။

Chairperson
Professor Kyi Kyi Thinn
MBBS, D.Bact., Ph.D(London), Ph.D(Hon.)(Ygn.), FACTM(Australia)
- Emeritus Professor
- Vice President of University of Medicine(1) Alumni Association

| ပို့ချမည့်ပုဂ္ဂိုလ် | အကြောင်းအရာ |
|---|---|
| (၁)Prof. Thein Zaw<br>- MBBS(Ygn), DMJ (Clin et Path) (London), M.Med.Sc(Med Juris)<br>- Formerly Professor/Head, Department of Forensic Medicine UM (1) & Chief Police Surgeon of YGH<br>- Consultant in Hospital Risk Management Asia Royal Hospital and Bahosi Hospital | - Good Ethical Decisions |
| (၂) Prof. Khin Maung Aye<br>- MBBS, M.Med. Sc, FRCS(Edin)<br>- Formerly Professor/Head Department of Thoracic Surgery UM(1)<br>- Honorary Professor Thoracic Surgery | - Practical Pointers in Thoracic Surgical Energencies |

- အမေး အဖြေကဏ္ဍ

နေ့ရက် ။ ။ ၂၆-၇-၂၀၁၅ (တနင်္ဂနွေနေ့)
အချိန် ။ ။ နံနက် ၉း၀၀ နာရီ မှ ၁၂း၀၀ နာရီ အထိ
နေရာ ။ ။ ဇီဝကခန်းမ၊ ဆေးတက္ကသိုလ်(၁)၊ လမ်းမတော်။

## မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)
## ဝါဆိုသင်္ကန်းကပ်လှူပွဲပါဝင်လှူဒါန်းရန်ဖိတ်ကြားခြင်း

နှစ်စဉ်ကျင်းပမြဲဖြစ်သော မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)နှင့် ဘီအိုစီ·ပိဋကတ်တိုက်ကျောင်းဝေယျာဝစ္စအဖွဲ့တို့ပူးပေါင်း၍ ဝါဆိုသင်္ကန်းကပ်လှူပွဲကို အောက်ပါအတိုင်း ဆောင်ရွက် ပြုလုပ်မည်ဖြစ်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်နေ့ရက်/အချိန်** - ၂၀၁၅ခုနှစ် ဇူလိုင် ၂၆ရက် (တနင်္ဂနွေနေ့) နံနက် ၀၉း၀၀နာရီ
**ကျင်းပမည့်နေရာ** - B.O.C. ပိဋကတ်တိုက်ကျောင်း အာဇာနည်လမ်း၊ ဗဟန်းမြို့နယ်

ဝါဆိုသင်္ကန်းတစ်စုံလျှင် ကျပ် ၅၀၀၀/-နှုန်းဖြင့် မြို့နယ်သူ မြို့နယ်သားများ၊ ကျောင်းဝေယျာဝစ္စအဖွဲ့မှ ပုဂ္ဂိုလ်များ၊ လှူဒါန်းလိုသူများ ကိုယ်တိုင်ပါဝင်တက်ရောက်လှူဒါန်းကြပါရန်နှင့် အဝေးမှသဒ္ဓါထက်သန်စွာလှူဒါန်းပြုလိုသူများအနေဖြင့် ဥက္ကဋ္ဌဦးဝင်းကြည် ဖုန်း-၀၁-၅၇၃၀၇၄၊ ဦးမြင့်အေး ဖုန်း-၀၉-၂၀၅၉၃၇၊ ဦးရဲထွန်း ဖုန်း-၀၁-၅၅၉၆၆၃နှင့် ဦးစန်းရွှေ ဖုန်း-၀၁-၃၈၉၂၆၅နှင့် ရေတာရှည်လမ်းဟောင်း၊ ဒေါ်ချို မုန့်ဟင်းခါးဆိုင် (ဒေါ်မြင့်မြင့်သန်း)တို့ထံ ပေးပို့လှူဒါန်းနိုင်ပါကြောင်း။

**အလုပ်အမှုဆောင်အဖွဲ့**

## ပေါက်တောမြို့နယ်အသင်း သာရေး၊ နာရေးအသင်း(ရန်ကုန်)၏

နှစ်ပတ်လည်အစည်းအဝေးနှင့် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ၂၀၁၅ခုနှစ် ဇူလိုင် ၂၅ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသူအသင်းသားများနှင့် အသင်းဝင်လိုသူများ မပျက်မကွက် တက်ရောက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

အဆိုပါနေ့တွင် (၇၅)နှစ်အထက် သက်ကြီးများနှင့် တက္ကသိုလ်ဝင်တန်းဂုဏ်ထူးဖြင့် အောင်မြင်သူများကို ဂုဏ်ထူးဆောင်ဆုချီးမြှင့်မည်ဖြစ်ပါ၍ နံနက် ၈း၀၀နာရီတိတိ တက်ရောက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ တက်ရောက်သူများအား နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးပြီး အမှတ်တရလက်ဆောင်ပေးပါမည်။

**သက်ကြီးဘိုးဘွားများနှင့် တက္ကသိုလ်ဝင်တန်းဂုဏ်ထူးဖြင့် အောင်မြင်သူများ ကြိုသတင်းပို့ရန်။**

ဦးမြသာ ဖုန်း-၀၉-၄၂၁၁၃၅၉၉၀၊ ဦးသန်းငွေရ ဖုန်း-၀၉-၅၀၄၉၆၂၆၊ ဦးထွန်းဝင်း ဖုန်း-၀၅၅၀၀၄၁၅

**ကျင်းပမည့်နေရာ။** ။ ဓညဝတီသာသနာပြုကျောင်းတိုက်၊ ဦးထောင်ဘိုလမ်း၊ ဗဟန်းမြို့နယ်

**အမှုဆောင်အဖွဲ့**
**ပေါက်တောမြို့နယ်အသင်း ရန်ကုန်**

## ပါဝင်လှူဒါန်းနိုင်ကြောင်း တိုက်တွန်းနှိုးဆော်လွှာ

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ဖာမွန်းဒေသ၌ လောကမာရ်အောင်ဓမ္မရိပ်သာ သာသနာပြုကျောင်းတော်ကြီး တိုးချဲ့မြေကွက်ဝယ်ယူရန်အတွက် (အလျားပေ ၁၀၀×အနံပေ ၁၀၀)ပတ်လည်ရှိ မြေကွက်အားဝယ်ယူရေးအတွက် အလှူရှင်များ လိုအပ်လျက်ရှိပါသည်။ စိတ်ပါဝင်စားသော သူတော်ကောင်းများ အောက်ပါလိပ်စာအတိုင်း ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း မေတ္တာရှေ့ထား၍ တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ဒေါက်တာအရှင်အရိယဝံသ**
**သာသနဓဇဓမ္မာစရိယ Diploma B.A(W.E), M.A (Bs-Srilanka), Ph.D(Bs-India)**
**မဟာသိဒ္ဓိအောင်ကျောင်း၊ အောင်သီတာလမ်း၊ ရှုခင်းသာရပ်ကွက်၊**
**ကျောင်းရှေ့မှတ်တိုင်၊ သာကေတမြို့နယ်၊ ရန်ကုန်**
**ဖုန်း-၀၉-၂၅၀၃၈၀၄၄၇၊ ၀၉-၇၉၁၉၈၄၁၄၇**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၉/ပုဗ္ဗသီရိ အနောက်ရပ်၊ မြေကွက်အမှတ်(ပ-၃၁၈၉၇)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဦးအောင်စိုးဦး အမည်ပေါက် နှစ်(၃၀)ဂရန်မြေကွက်အား အမည်ပေါက် ဦးအောင်စိုးဦး ကွယ်လွန်သွားပါသဖြင့် ၎င်း၏တရားဝင်ဇနီး ဒေါ်မူ ၉/ကဆန(နိုင်)၀၁၁၅၀၆(ဘ) ဦးကံတင်မှ ပိုင်ဆိုင်မှုအထောက်အထားတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ် စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဓမ္မစကူးလ်ဖောင်ဒေးရှင်း
## တတိယအကြိမ်ဓမ္မစကူးလ်နည်းပြသင်တန်းသား
## လျှောက်လွှာခေါ်ယူခြင်း

ဓမ္မစကူးလ်ဖောင်ဒေးရှင်းသည် တတိယအကြိမ်နည်းပြသင်တန်းကို ၂၂-၈-၂၀၁၅ ရက်မှ ၂၈-၈-၂၀၁၅ရက်အထိ ကျင်းပမည်ဖြစ်ပါ၍ အောက်ပါအရည်အချင်း သတ်မှတ်ချက်နှင့်ပြည့်စုံသူများ လျှောက်ထားနိုင်သည်။

၁။ **အရည်အချင်းသတ်မှတ်ချက်များ**
(က) ဘွဲ့ရပြီးသူဖြစ်ရမည်။
(ခ) အမြဲတမ်းဝန်ထမ်း မဖြစ်စေရ။
(ဂ) အသက်(၂၅)နှစ်မှ (၄၅)နှစ်အတွင်း ဖြစ်ရမည်။
(ဃ) ဓမ္မစကူးလ်ဖောင်ဒေးရှင်း၏ ဆရာဖြစ်သင်တန်းတက်ရောက်ပြီးသူဖြစ်ရမည်။
(င) သင်တန်းနည်းပြအဖြစ် ရေရှည်ဆောင်ရွက်ပေးနိုင်သူ၊ အသင်အပြကောင်းသူဟု သက်ဆိုင်ရာ ဓမ္မစကူးလ်မြို့နယ်ကော်မတီ(သို့)ကျောင်းကော်မတီ(သို့)တာဝန်ခံဆရာတော်(သို့)အကြီးအကဲကထောက်ခံသူဖြစ်ရမည်။
(စ) နေရာ၊ ဒေသမရွေးသွားရောက်၍ တစ်လလျှင် အနည်းဆုံး(၁)ကြိမ် ဓမ္မစကူးလ်ဆရာဖြစ်သင်တန်းများကို ပို့ချပေးနိုင်သူဖြစ်ရမည်။
(ဆ) ဘာသာရေးအခြေခံဗဟုသုတရှိပြီး ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

**မှတ်ချက်** ။ ။ ဘွဲ့လက်မှတ်မိတ္တူ၊ သင်တန်းဆင်းလက်မှတ်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ လိုင်စင်ဓာတ်ပုံ(၃)ပုံ၊ အဖွဲ့အစည်းထောက်ခံစာ ပူးတွဲတင်ပြရမည်။

၂။ **လျှောက်လွှာတင်သွင်းရမည့်နေရာနှင့်ပိတ်မည့်ရက်**
- ဓမ္မစကူးလ်ဖောင်ဒေးရှင်းရုံး၊ မြိတ်ကျားကျောင်း၊ အိမ်တော်ရာဘုရားဝင်း၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၁၃၇၇ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၄ရက် (၄-၈-၂၀၁၅ရက်)

၃။ **လျှောက်လွှာထုတ်ယူနိုင်မည့် လိပ်စာနှင့်ဖုန်းနံပါတ်**
- **ဓမ္မစကူးလ်ဖောင်ဒေးရှင်းရုံး၊ မြိတ်ကျားကျောင်း၊ အိမ်တော်ရာဘုရားဝင်း၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**Facebook လိပ်စာ - https:// www.facebook.com/Dhamma School Foundation.**
**Email: dhammaschoolfoundation.2012 @ gmail.com**
**Viber: 9781285319/ 9781285318.**
**ဖုန်း-၀၁-၃၇၇၂၆၇၊ ၀၉-၄၂၀၀၀၈၉၀၁၊ ၀၉-၅၀၉၈၄၆၄**

## မိုးကုတ်ဝိပဿနာ တေဇိန္ဒဝိဟာရကျောင်းတိုက်
## ဝါတွင်းတရားစခန်းပွဲများ ကျင်းပမည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ (၄၂)ရပ်ကွက်၊ မေတ္တာလမ်းရှိ မိုးကုတ်ဝိပဿနာ တေဇိန္ဒဝိဟာရကျောင်းတိုက် ဝါတွင်းတရားစခန်းပွဲများကို ပထမအကြိမ်အဖြစ် ၁၃၇၇ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၃ ရက်မှ ၉ ရက် (ဩဂုတ် ၃ ရက်မှ ၉ ရက်) အထိ၊ ဒုတိယအကြိမ်အဖြစ် ဝါခေါင်လပြည့်ကျော် ၃ ရက်မှ ၉ ရက် (စက်တင်ဘာ ၂ ရက်မှ ၈ ရက်)အထိ တတိယအကြိမ်အဖြစ် တော်သလင်းလဆန်း ၃ ရက်မှ ၉ ရက် (စက်တင်ဘာ ၁၆ ရက်မှ ၂၂ ရက်အထိ) သုံးကြိမ် ကျင်းပမည်ဖြစ်ပါသည်။

ယင်းတရားစခန်းပွဲကြီးတွင် မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏ နာယက၊ ကမ္ဘာ့သာသနာပြု ကမ္မဋ္ဌာနာစရိယ သွေးဆေးကန်ဆရာတော် ဘဒ္ဒန္တတေဇိန္ဒ(B.Sc Phy) ဆရာတော်ကိုယ်တိုင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စ သမုပ္ပါဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်ပါသည်။

တရားစခန်းဝင်လိုသူများနှင့် အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲ၊ အချိုရည် ဆက်ကပ်လိုသူများ ဖုန်း-၀၉-၈၆၂၇၄၇၅၊ ၀၉-၂၅၀၂၈၁၂၃၄၊ ၀၁-၈၀၁၁၂၆၈၊ ၀၉-၄၂၁၀၀၀၈၂၂၊ ၀၉-၇၉၇၂၄၃၅၂၅၊ ၀၉-၇၉၈၈၀၆၈၇၀၊ ၀၉-၂၅၄၄၁၈၀၀၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ လမ်းညွှန် ၄၉၊ ၂၀၂ ကားများစီး၍ ဂန္ဓာရုံမှတ်တိုင် ကိုးဘွဲ့ရကျောင်းအနီး။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ -၂၀)
### စဉ့်ကိုင်မြို့နယ်တရားရုံးတော်၌
### ၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၅၇

| | | |
|---|---|---|
| မချိုမာ | နှင့် | ဦးမောင်ရင်ပါ -၆ |
| **တရားလို** | | **တရားပြိုင်များ** |

အထက်ပါအမှုမှ (၆)တရားပြိုင် ကိုချစ်သဲ (မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ မီးသွေးဘုတ်ကျေးရွာအုပ်စု၊ ကျွဲနဖားကျေးရွာ)နေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို မချိုမာက မတရားရယူသွားသော သရက်သီးဖိုးငွေကျပ်သိန်း ၃၀နှင့် သရက်သီးအတွက် တောင်သူလုပ်ငန်းကုန်ကျစရိတ်ငွေကျပ် ၁၀ သိန်း စုစုပေါင်း ငွေကျပ်သိန်း၄၀ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်အသီးသီးတို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဩဂုတ် ၁၀ရက် (၁၃၇၇ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁၀ရက်) နံနက် ၁၀း၀၀နာရီတွင် တရားလို၏ စွပ်စွဲချက်ကို ထုချေရှင်းလင်းရန် ဤရုံးသို့ လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇူလိုင် ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ညိုငွေး)**
**မြို့နယ်တရားသူကြီး**
**စဉ့်ကိုင်မြို့နယ်တရားရုံး**

# (၅၁)နှစ်မြောက်မွေးနေ့မော်ကွန်း

မိမိ(၅၁)နှစ်ပြည့်မွေးနေ့ အလှူတွင် ကျေးဇူးရှင်မိဘများဖြစ်ကြသော ဖခင်(ဦးမြင့်ဆွေ)၊ မိခင်ဒေါ်အုန်းနှင့် မွေးကတည်းကစောင့်ရှောက်ကြသော အစ်ကို၊အစ်မများ၊ ငယ်စဉ်ကျောင်းစာပေပညာအပြင် အနန္တောအနန္တ ၅ ပါးကိုသိရှိ ရှိသေကာ လိမ္မာယဉ်ကျေးစွာနေထိုင်တတ်ရန်သင်ကြားပေးခဲ့သော TTC မှဆရာ၊ဆရာမများအပေါင်းတို့အားလည်းကောင်း၊ စီးပွားရေးနယ်ပယ်တွင် အလုပ်စလုပ်ခါစတွင် အလုပ် လုပ်တတ်ရန် သင်ပေးခဲ့သည့် ယောက္ခမဒေါ်ထူးနှင့် ဒေါ်ထူး၏သားကြီးဦးဇော်ဦးတို့အပြင် မိမိ၏ မြင်ဆရာ ကြားဆရာများအားလုံးအားလည်းကောင်း၊ မြန်မာ့စီးပွားရေးနယ်ပယ်တွင် စစ်သားတဦးကဲ့သို့ တိုက်ပွဲဝင်နိုင်ရန် Asian လူမျိုးခြားများနှင့်ပင် ယှဉ်ပြိုင်နိုင်ရန် စိတ်ဓါတ်နှင့်ခွန်အားများ သင်ကြား လေ့ကျင့်ပေးခဲ့သည့် DSA မှဆရာ၊ဆရာမအပေါင်းတို့အားလည်းကောင်း၊ တပ်မတော်အစိုးရခေတ် နိုင်ငံတော်အကြီးအကဲ လူကြီးများနှင့် အရာရှိများနှင့်စစ်သည်များအားလုံးအားလည်းကောင်း၊ မြန်မာ့စီးပွားရေးကို ပြည်ပအထိ ထွက်ပြိုင်နိုင်ရန် နေ့/ည မအား စေတနာအပြည့်ဖြင့် အလုပ်လုပ်ပေးခဲ့သော ဝန်ထမ်းများအားလည်းကောင်း အထူးသဖြင့် သားသမီးကဲ့သို့ မေတ္တာထား အမြဲသင်ကြားပေးခဲ့သည့် အဘအေးနှင့် အမေစန်းတို့အား အမှူးထား၍ မိမိ၏ အသက်(၅၁)နှစ်တာ ကာလအတွင်း မိမိပြုသမျှ ကုသိုလ်များအား အမျှပေးဝေပါကြောင်းနှင့် အားလုံးကျန်းမာ ရွှင်လန်းကြပါစေကြောင်း အစဉ်မေတ္တာ ပို့သလျက် ...

ဦးတေဇ
ဥက္ကဋ္ဌ
ထူးကုမ္ပဏီများအုပ်စု

---

## ရွှေစွမ်းအားကုမ္ပဏီ
## Golden Power Technology Co.,Ltd. (Myanmar) နှင့်
## အများသိစေရန်ကြေညာခြင်း

ရွှေစွမ်းအားကုမ္ပဏီ(Golden Power Technology Co.,Ltd. Myanmar)သည် မြန်မာနိုင်ငံတွင် (Reg. No.04/ 14624/2012)ဖြင့် တရားဝင်မှတ်ပုံတင်သွင်းထားခဲ့ပြီးဖြစ်သည်။ Silicon Power Computer & Communication Ltd. (Taiwan)၏ Silicon Power ကုန်အမှတ်တံဆိပ်ဖြင့် ထိုင်ဝမ်လုပ်အရည်အသွေးနှင့်အာမခံချက် ထာဝရအပြည့်ရရှိသော Silicon Power Product ပစ္စည်းများကို မြန်မာပြည်၏ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် နိုင်ငံတစ်ဝန်းလုံးတွင် တင်သွင်းဖြန့်ချိရောင်းချလျက်ရှိကြောင်းနှင့် အများပြည်သူမှစိတ်ချယုံကြည်စွာ အားထား အသုံးပြုခြင်းခံရသော အစစ်အမှန်ပစ္စည်းများဖြစ်ကြောင်း ကျနသေချာစွာဖြင့် တွေ့မြင်သိရှိရပါသောကြောင့် ယခင်ကမိမိတို့အနေဖြင့် ထိုကုန်အမှတ်တံဆိပ်၊ ပစ္စည်းအမှတ်တံဆိပ်မျိုးပါရှိ၍ ပစ္စည်းအစစ်အမှန်ဟုထင်မှတ်ပြီး Silicon Power (SP) Memory Card များကို မှားယွင်းဖြန့်ချိရောင်းချခဲ့မိခြင်းအပေါ် ကုန်သည်မိတ်ဆွေချင်းစာနာစိတ်ဖြင့် များစွာစိတ်မကောင်းဖြစ်ရပါသည်။ မိမိတို့အနေဖြင့် နောက်နောင်တွင် Silicon Power Product ပစ္စည်းအစစ်အမှန်များကိုသာ အများပြည်သူများအား ရောင်းချပေးတော့မည်ဖြစ်ပါကြောင်းနှင့် မှားယွင်းမှုအား ဝန်ခံတောင်းပန်အပ်ပါသည်။

**စိန်ကြီးအရောင်းဆိုင် (ဦးအောင်စိန်)**
**အမှတ်(၁၂၆) ၈၄ လမ်း၊ ၃၀×၃၁ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့**

---

## ဝန်ထမ်းအလိုရှိသည်
## ပြည်တွင်း၌သာခန့်ထားရန်

၁။ **HR Manager** — ကျား/မ ၁ ဦး
လုပ်ငန်းအတွေ့အကြုံရှိသူဦးစားပေးမည်။

၂။ **Marketing** — ကျား/မ ၂ ဦး
တက္ကသိုလ်ဘွဲ့တစ်ခုခုရ ရမည်။
အင်္ဂလိပ်စကားပြောနိုင်ရမည်။
လုပ်ငန်းအတွေ့အကြုံ(၃)နှစ်အထက်။

၃။ **Driver** — ကျား ၂ ဦး
ယာဉ်မောင်းသည့်အတွေ့အကြုံ(၃)နှစ်အထက်ရှိရမည်။
မြို့တွင်း/နယ်ဝေး ကျွမ်းကျင်စွာမောင်းနိုင်သူဖြစ်ရမည်။

အထက်ဖော်ပြပါနေရာများအတွက် Electronic & Aircon ၊ လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။ နယ်ခရီးထွက်နိုင်သူဖြစ်ရမည်။

လျှောက်ထားလိုသူ၏ ကိုယ်ရေးအချက်အလက် CV၊ ဓာတ်ပုံတစ်ပုံ၊ ပညာအရည်အချင်း အထောက်အထားမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်ထောက်ခံစာ၊ ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်းထောက်ခံစာနှင့်အတူ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပြည့်စုံဝင်းနိုင်ကုမ္ပဏီလီမိတက် အမှတ်(၁/၂)၊ တိုက် D/E၊ ရွှေမြယာအိမ်ရာ၊ မြန်မာ့ဂုဏ်ရည်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၂၉၄၉၄၉ သို့လာရောက် လျှောက်ထားနိုင်သည်။

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**သန်လျင်မြို့နယ်တရားရုံးတော်၌**
**၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ်-၄၈**

ဦးချစ်ထွေး — နှင့် — ဒေါ်နန်းခင်အေးမြင့်
**တရားလို** — **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာအုပ်စု၊ ကွမ်းခြံကုန်းကျေးရွာနေ တရားပြိုင် ဒေါ်နန်းခင်အေးမြင့်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးချစ်ထွေးက ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဩဂုတ် ၁၇ရက် (၁၃၇၇ ခုနှစ် ဝါခေါင်လဆန်း ၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာ ရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် ဇူလိုင် ၁၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စုမြတ်မွန်)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**သန်လျင်မြို့နယ်တရားရုံး**

---

## ကြော်ငြာစာ
**အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးတော်၌**
**၂၀၁၅ခုနှစ် တရားမထွေထွေမှုအမှတ် -၄၈**

**ကွယ်လွန်သူ နော်မေဘဲလ်နှင့် နော်ရှီးလာတို့၏ ကျန်ရှိရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ ဦးစံလုံးလမ်း၊ အမှတ်(၄၂/ခ)တွင် နေထိုင်ခဲ့သော ကွယ်လွန်သူ နော်မေဘဲလ်နှင့်နော်ရှီးလာတို့၏ ကျန်ရှိရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်း ကွယ်လွန်သူ၏တူတော်စပ်သူများဖြစ်ကြသော (၁)ဦးစောဝေလ်ဆင်လှ၊ (၂) ဦးစောလယ်ထူးတို့က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၅ ခုနှစ် ဩဂုတ် ၁၇ရက် (၁၃၇၇ခုနှစ် ဝါခေါင်လဆန်း ၂ရက်)တွင် ကြားနာရန်ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ နော်မေဘဲလ်နှင့် နော်ရှီးလာတို့၏ ကျန်ရှိပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခု သက်ဝင်သည်ဟု အဆိုရှိသူခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟု အထင်ရှိလျှင်) ဆိုခဲ့သော ၂၀၁၅ခုနှစ် ဩဂုတ် ၁၇ရက် (၁၃၇၇ခုနှစ် ဝါခေါင်လဆန်း ၂ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျအမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့် သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှုခင်းမှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော (၁) ဦးစောဝေလ်ဆင်လှ၊ (၂) ဦးစောလယ်ထူးတို့၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၁၅ခုနှစ် ဇူလိုင် ၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဇော်ညွန့်ဦး)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**
**၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၈၄**

ဒေါ်ကြည်ကြည်လေး — နှင့် — ၁။ ဦးကျော်
၂။ မလှကြီး
**တရားလို** — **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ တညင်းကုန်းရပ်ကွက်၊ ဗိုလ်ခြံလမ်း၊ အမှတ် ၁၀/၁နေ တရားပြိုင်(၁)ဦးကျော်၊ (၂)မလှကြီး(ယခုနေရပ်လိပ်စာမသိ)တို့ သိစေရမည်။


သင့်အပေါ်၌ တရားလိုက ဝယ်ယူထားသည့် မြေနှင့်အိမ်အား ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဇူလိုင် ၂၇ ရက် (၁၃၇၇ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၁ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသား ပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇွန် ၂၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ရွှေမောင်)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး**



Package Promotion!!
READY MADE FLOOR
** Selected Items Only (Stock Limited အတွင်းသာ)
ပါကေးအစားထိုး ကြမ်းခင်း Promotion
Since 1996
Home
think of House. think of Home.
ISO : 9001.2008
Cert . No. 683916
ကျွန်းနသော အစားသုံး
အခန်းကာ လျှာထိုး
ရေစိုခံ
ဈေးနှုန်း
သက်သာ
Design Layer
(Design ပါပြီး၊
ဆေး၊ ပေါလစ်တင်ရန်မလို)
Special Wear
Resistance Layer
(ရေစိုခံ ၊ အရောင် မမှိန် ၊
ပွတ်တိုက် ခံ)
Core Body Layer
(လွှ ဖြတ်နိုင်၊ ရေစိမ်ခံ၊ သံ ရိုက်နိုင်
လျှာထိုး ပါပြီး၊ ခြ မစား)
** ဓိတ်ရက်မရှိ
ရန်ကုန်
အမှတ် F. 2~8 ပထမထပ် ၊ အောင်ဆန်းကွင်းမြောက်ဘက်တန်း
(ဖ.ဆ.ပ.လ ရှေ့ )၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
ဖုန်း - 09 730 84 840 , 09 730 84 841
မန္တလေး
အမှတ် (471)၊ 82 လမ်း ( 34 လမ်း နှင့် 35 လမ်းကြား )
မန္တလေး ။
ဖုန်း - 09 3311 6626 , 09 3322 6636
နေပြည်တော်
အမှတ် (1237)၊ ဇော်ဂျီလမ်း ၊ မင်္ဂလာဒီပ ရပ်ကွက် ၊ ပုဗ္ဗသီရိ ၊
နေပြည်တော်။
ဖုန်း - 09 730 84 844 , 09 795900 146
မော်လမြိုင်
အမှတ် (33)၊ မြို့ရှောင် လမ်းမကြီး ၊ မြေနီကုန်းရပ်ကွက်၊
မြေနီကုန်း အဝေးပြေး ကားဝင်းအနီး ၊ မော်လမြိုင်မြို့ ။
ဖုန်း - 09 79 58 999 80 , 09 79 58 999 81

သင့်လုပ်ငန်းအတွက် အသင့်တော်ဆုံး
လမ်းညွှန်ကို ရွေးချယ်ပါ
YOUR INDUSTRY, YOUR DIRECTORY
INFORMATION and COMMUNICATION TECHNOLOGY DIRECTORY
Myanmar Food INDUSTRY DIRECTORY
MANDALAY
YANGON BUILDERS GUIDE
Myanmar Industries Directory
MYANMAR Automobile EQUIPMENT DIRECTORY
2015-16
စီးပွားရေးနယ်ပယ်တစ်ခုချင်းစီအတွက် သီးသန့်ထုတ်လုပ်ထားပြီး
တိကျပြည့်စုံသော လိပ်စာများ၊ သက်ဆိုင်ရာ စီးပွားရေးနယ်ပယ်ရှိ
သိထားသင့်သော အချက်အလက်များနှင့် အကြံပြုချက်များ ပါဝင်သည်။
Tel: 373254, 245358 Ext: 810-819 Email: ydg.adv@gmail.com
2015-16
HOTLINE 01-8619277
ထွက်ပြီ




AROMA GUSTO
MIKKO
3 in 1
INSTANT
COFFEEMIX
မိုးရာသီကံစမ်းပွဲတော်
MONEY
HAND SET
RAIN COAT
LED-TV
Baggage
GOLD
Win!!!
30 SACHETS
50 SACHETS
ပေါက်မဲများအား (၃၁.၁၀.၂၀၁၅) နောက်ဆုံးထားပြီးထုတ်ပေးမည်ဖြစ်ပါသည်။

ဝမ်းနည်းကြေကွဲခြင်း
ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သန်း (သထုံ)
အသက်(၉၁)နှစ်

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းနှင့်ဇနီး ဒေါ်မြင့်မြင့်စိုးတို့၏မိခင်ကြီး ဒေါ်သန်း(သထုံ)သည် ၁၁-၇-၂၀၁၅ရက် (စနေနေ့) နံနက် ၉း၄၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးခင်ရီနှင့်ဇနီး ဒေါ်ခင်မေစိုးမိသားစု**
**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်တည် (ကသာ)
အသက်(၇၃)နှစ်

မန္တလေးမြို့၊ (၂၆/ဘီ)လမ်း၊ ၉၁လမ်းထောင့်၊ ပွဲကုန်းလမ်းမတန်းရပ်နေ ဒေါ်ဝါဝါထွန်း၊ ဗိုလ်မှူးကြီးကျော်နိုင်(ငြိမ်း)-ဒေါ်နီနီထွန်း၊ ဦးသားကို(ခ) ဦးအောင်မျိုးထွန်း-ဒေါ်စောကေသွယ်၊ ဦးသားချို(ခ)ဦးဇော်မျိုးထွန်း-ဒေါ်ဇာဇာမြင့်ထွန်းတို့၏မိခင်၊ မအိမ့်မှူးဟန်ကျော်၊ မသဇင်ဝင့်နိုင်၊ မောင်အောင်ကောင်းခန့်၊ မောင်ဘုန်းမင်းခန့်၊ မောင်ရှင်းခန့်ဘို၊ မရှင်းခန့်မွန်တို့၏အဘွား၊ ဦးကျော်ကျော်ထွန်း(ဇမ္ဗူသီရိပွဲရုံ)၏ ချစ်လှစွာသောဇနီးသည် ၁၉-၇-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၂း၁၅နာရီတွင် မန္တလေးမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၁၅ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ပွဲကုန်းရပ်နေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်တည် (ကသာ)
အသက်(၇၃)နှစ်

မန္တလေးမြို့၊ (၂၆)ဘီလမ်း၊ ၉၁လမ်းထောင့်၊ ပွဲကုန်းလမ်းမတန်းရပ်နေ ဒေါ်ဝါဝါထွန်း၊ ဗိုလ်မှူးကြီးကျော်နိုင်(ငြိမ်း)-ဒေါ်နီနီထွန်း၊ ဦးသားကို(ခ) ဦးအောင်မျိုးထွန်း-ဒေါ်စောကေသွယ်၊ ဦးသားချို(ခ)ဦးဇော်မျိုးထွန်း-ဒေါ်ဇာဇာမြင့်ထွန်းတို့၏မိခင်၊ မအိမ့်မှူးဟန်ကျော်၊ မသဇင်ဝင့်နိုင်၊ မောင်အောင်ကောင်းခန့်၊ မောင်ဘုန်းမင်းခန့်၊ မောင်ရှင်းခန့်ဘို၊ မရှင်းခန့်မွန်တို့၏အဘွား၊ ဦးကျော်ကျော်ထွန်း (ဇမ္ဗူသီရိပွဲရုံ)၏ ချစ်လှစွာသောဇနီးသည် ၁၉-၇-၂၀၁၅ရက် (တနင်္ဂနွေနေ့)နံနက် ၂း၁၅နာရီတွင် မန္တလေးမြို့နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပါရမီ မြို့တွင်းခရီးသည်ပို့ဆောင်ရေးလုပ်ငန်း**
**အရာထမ်း၊ အမှုထမ်းများနှင့်ယာဉ်မှူး၊ ယာဉ်အကူများ**

အထူးကျေးဇူးတင်ရှိခြင်း
## ဗိုလ်မှူးငွေအောင် (ငြိမ်း)
ကြည်း-၁၃၁၃၇
D.S.A - အပတ်စဉ်(၁၆)
အသက်(၆၃)နှစ်

၁၁-၇-၂၀၁၅ရက်တွင် ကွယ်လွန်သွားသော ဗိုလ်မှူးငွေအောင်(ငြိမ်း)၏ နာရေးကိစ္စအဝဝကို အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော D.S.A Intake (16)မှ သူငယ်ချင်းများ၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း တယ်လီဖုန်းဖြင့် အားပေးနှစ်သိမ့်ပေးကြသူများ၊ လှူဖွယ်ဝတ္ထုပစ္စည်းများ ပေးပို့ကြသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ Myanmar Microfinance Bank မှ ဝန်ထမ်းများ၊ ရွာပနအခမ်းအနားနှင့် ရက်လည်တွင် လာရောက်ကူညီပေးကြသော ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

ရဟန်းဒါယိကာမကြီး
## ဒေါ်သန်းသန်းအေး အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၆/အနောက်ရပ်ကွက်၊ ဇမ္ဗူသီရိ ၈လမ်း၊ အမှတ် ၂၅၀နေ ဦးတင်မောင်-(ဒေါ်လှမေ)တို့၏သမီး၊ (ဦးထွန်းရှိန်-ဒေါ်စောကြည်)တို့၏သမီးချွေးမ၊ (ဦးဝင်းသန်း)-ဒေါ်စောမြင့်(ပြည်တွင်းအခွန်များဦးစီးဌာန)၊(ဦးအေးမင်း)-ဒေါ်အေးမြင့်(ခ)ဒေါ်စန္ဒာ၊ ဒေါ်ကြည်ကြည်ညွန့်(အမက-၁၄၊ သာကေတ)၊ ဦးသိန်းအောင်(စည်ပင်သာယာအုပ်ချုပ်ရေးမှူး၊ ရွှေပြည်သာမြို့နယ်)-ဒေါ်စန်းစန်းဝင်း၊ ဦးမင်းတင်အောင်-ဒေါ်နီလာထွေး(တော်ဝင်မိသားစုကုမ္ပဏီ)၊ဦးလှမျိုးအောင်(ယာ/အုံ)-ဒေါ်ကြူကြူသင်းတို့၏အစ်မ၊ဦးအောင်ဇော်မျိုး(ယာ/အုံ)-ဒေါ်ကြေးမုံဦး(AK Family ကြော်ငြာဆိုင်းဘုတ်တပ်ဆင်ရေး)၊ ဦးသန်းဝင်းအောင်-ဒေါ်အိအိခိုင်၊ ဦးမျိုးမင်းဇော်-ဒေါ်မြင့်မြင့်ကြူ၊ ဦးစန်းဦး-ဒေါ်အိမွန်ထွေး၊ ဦးမောင်မောင်စိုး-ဒေါ်မော်မော်၊ မအေးစန္ဒာဖြိုး(ခ)ထွေးထွေးတို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွား၊ ဦးထိန်လင်း၏ချစ်လှစွာသောဇနီးသည် ၁၈-၇-၂၀၁၅ရက်(စနေနေ့)ည ၈း၄၀နာရီတွင် မဟာမြိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၁၅ရက် (တနင်္လာနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၇-၂၀၁၅ရက် (သောကြာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိအထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးစိန်လင်း
ဌာနခွဲစာရေး၊ စက်မှုတိုင်း(၂)
ဆည်မြောင်းဦးစီးဌာန၊တောင်ငူမြို့
အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၂/မြောက်ရပ်ကွက်၊ အနော်မာ ၁၉လမ်းအရှေ့၊ အမှတ် ၆၆နေ (ဦးစိန်မောင်-ဒေါ်သန်းစိန်)တို့၏သား၊ ဒေါ်ချယ်ရီ (တောင်ငူမြောက် သစ်ထုတ်ရေး)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသောင်းမြင့်-ဒေါ်သန်းသန်းချို၊(ဦးသိန်းဇော်)၊ ရဲအုပ်စန်းလွင် (ညောင်လေးပင်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး)-ဒေါ်ခင်မာသီ၊ ဦးကျော်နိုင်-ဒေါ်ကြည်ကြည်လှိုင်တို့၏အစ်ကို၊ မောင်အောင်ချမ်းဖြိုး၊ မသဲနုစံတို့၏ဖခင်သည် ၁၉-၇-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၁း၁၅နာရီတွင် တောင်ငူမြို့ ကေတုဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၁-၇-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းလွဲ ၂း၃၀နာရီတွင် တောင်ငူမြို့ အနောက်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဦးညီညီလွင်
အထက(၆)ဗိုလ်တထောင်
ကျောင်းသားဟောင်း
Australia (Sydney)
အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေတိဂုံဘုရားလမ်း၊ အမှတ် ၃၂၊ လေးလွှာနေ ဦးသောင်းရွှေ(လစ်ဘရယ်အပ်ချုပ်ဆိုင်၊ ဗိုလ်ချုပ်အောင်ဆန်းဈေး) - (ဒေါ်ဖွားသန့်)တို့၏ သား၊ မနွေဦးခင် Australia (Sydney)၏ ခင်ပွန်း၊ဦးသက်ချိုဦး-ဒေါ်မာလာရည်၊ ဦးစိုးလင်း-ဒေါ်နိုင်နိုင်မော်တို့၏ ညီ/အစ်ကို၊မမေမွန်သက်ချို၊မရွှန်းဝေရည်၊ မသွန်းဟဏ်ညီ (အထက-၂၊ လသာ)တို့၏ဦးလေးသည် ၁၇-၇-၂၀၁၅ရက် (သောကြာနေ့)တွင် Australia နိုင်ငံ Sydney မြို့၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၁၅ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ကျင်အေး (သထုံမြို့)
သထုံမြို့ နောင်ကုလားရော်ဘာခြံပိုင်ရှင်
အသက်(၉၀)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဖိုးရာဇာလမ်း၊ အမှတ် ၈နေ (ဦးထော်ဝါ-ဒေါ်ဖွားစိန်)တို့၏သမီး၊ (ဦးဘွန်ပြုး)၏ဇနီး၊ ဦးမြင့်ဟန်-ဒေါ်အဲဂနက်(စ)ကြည် (နောင်ကုလားရော်ဘာခြံ)၊ ဒေါ်စိုးစိုးနွယ်၊ ဦးသန်းထွေး-ဒေါ်ခင်မို့မို့ (Royal Taste Restaurant)၊ ဦးသိန်းလှ-ဒေါ်မေသက်လွင် (American Vision Co., Ltd.)၊ ဦးဝင်းမြင့်-ဒေါ်နီနီဝင်း (Bagan Times Co.,Ltd.)တို့၏မိခင်၊ မြေး ၁၁ယောက်တို့၏အဘွားသည် ၁၉-၇-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၅း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေအပေါင်းတို့အား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၇-၂၀၁၅ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ကျင်အေး (သထုံမြို့)
သထုံမြို့ နောင်ကုလားရော်ဘာခြံပိုင်ရှင်
အသက်(၉၀)

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဖိုးရာဇာလမ်း၊ အမှတ် ၈နေ (ဦးထော်ဝါ-ဒေါ်ဖွားစိန်)တို့၏သမီး၊ (ဦးဘွန်ပြုး)၏ဇနီး၊ မောင်အောင်မျိုးဟန်၊ မဆုမွန်၊ မဆုမြတ်မွန်၊ မောင်ဟန်စော၊ မောင်လင်းမြတ်၊ မသီရိဟန်၊ မရည်မွန်မွန်သန့်၊ မောင်အောင်ခန့်၊ မဖြူစင်စင်သန့်၊ မောင်ရဲမာန်၊ မမေမီမီသန့်တို့၏အဘွားသည် ၁၉-၇-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၅း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေအပေါင်းတို့အား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၇-၂၀၁၅ရက်(စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အုန်းကြည် (ကျောက်ဖြူ)
ကျန်းမာရေးဦးစီးဌာန(ငြိမ်း)
ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ရိပ်သာယောဂီ
အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ မင်္ဂလာသုခလမ်း၊ အမှတ် ၁၀၄၁(ခ)နေ (ဦးငွေသင်-ဒေါ်မြသင်)တို့၏သမီး၊ (ဦးမောင်ကြီး-ဒေါ်အုန်းမြိုင်)၊ ဦးစံထွန်း-ဒေါ်ထွေး၊ (ဦးထွန်းလှိုင်-ဒေါ်မာလွင်)၊ (ဦးကျော်ဇံ-ဒေါ်အေးခင်)တို့၏ညီမ၊ (ဦးထွန်းကြိုင်-ဒေါ်ခင်အေး)၊ (ဦးကျော်ထွန်း)၊ ဦးသိန်းကျော်-ဒေါ်သောင်းရီတို့၏အစ်မ၊ တူ၊ တူမ ၃၂ယောက်တို့၏ အဒေါ်သည် ၁၈-၇-၂၀၁၅ရက်(စနေနေ့) မွန်းလွဲ ၁း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၁၅ရက်(တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၇-၂၀၁၅ရက်(သောကြာနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်နော်အယ်နီ(ခ)ဒေါ်လားခို
အသက်(၈၂)နှစ်

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ မြောင်းမြလမ်းနေ [ဦးစောထွန်းလင်း(ရုံပိုင်ကြီး၊ ငြိမ်း၊ လားရှိုး)-ဒေါ်နော်အေးမေ]တို့၏သမီး၊ ဦးစောတော်မီ-ဒေါ်နန်းမြအေးကြည်၊ ဆရာဦးစောဟယ်ရီ(ဒုသင်းအုပ်၊ ကရင်နှစ်ခြင်းအသင်းတော်၊ လားရှိုး)၊ ဒေါ်ယိမ်းတို့၏အစ်မ၊ [ဦးစောပယ်ရီထွေး(လားရှိုး၊ အား/ကာမှူး၊ ငြိမ်း)]-ဒေါ်နော်ရှယ်လီတို့၏ညီမ၊ ဦးစောသဒေါ-ဒေါ်မိုးမိုးသူ(မိုးကုတ်)၊ ဒေါ်နော်ဂျူးစေ(ရန်ကုန်)တို့၏အစ်မ၊ ဦးစောကျထော(ခေတ္တ-မလေးရှား)၊ (ဦးနော်လီ-နော်ဖေဒေသား)၊ ဦးစောဘောနီ-ဆရာမဒေါ်နော်မွှီးမွှီးကျော်(ပြင်ဦးလွင်)၊ (ဦးစောအယ်လ်ဝင်းဒွေး)-ဒေါ်နော်အယ်ဝါး၊ ဆရာမ ဒေါ်နော်အယ်ဒီ (အမက-၂၁၊ လားရှိုး)၊ (စောသာခူး)၊ ဦးစောဂေးဘရယ်လ်စီ-ဒေါ်နော်မေ့မေစန်း(USA)၊ ဦးစောကော်ဒီ(ဓမ္မအမှုတော်ဆောင်) - ဒေါ်နော်အယ်ကပေါ်စေး(KBTS)တို့၏မိခင်၊ တူ၊ တူမ ၁၁ယောက်တို့၏အဒေါ်၊ မြေး ၁၀ယောက်၊ မြစ်တစ်ယောက်တို့၏အဘွား၊(ဦးစောဘီလီ၊ လဝက၊ငြိမ်း)၏ချစ်လှစွာသောဇနီးသည် ၁၈-၇-၂၀၁၅ရက်(စနေနေ့) နံနက် ၁၀း၁၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၀-၇-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၁၀နာရီတွင် ကရင်နှစ်ခြင်းအသင်းတော် ဗိမာန်တော်၌ဝတ်ပြုဆုတောင်းပြီး နံနက် ၁၁နာရီတွင် ကြာကန်နှစ်ခြင်းခရစ်ယာန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
## ဦးစိုးဝင်း အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ သီရိမင်္ဂလာဥယျာဉ်အိမ်ရာ၊ တိုက် C-1နေ ဒေါ်စန်းစန်းမြင့်၏ခင်ပွန်း ဦးစိုးဝင်းသည် ၁၆-၇-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။ ဦးစိုးဝင်း ကောင်းရာသုဂတိလားပါစေ-

**ဦးတင့်ဆွေ-ဒေါ်တင်ကြည်**
**မလေး-ပခုက္ကူမိသားစု၊ ပခုက္ကူမြို့**

## ဦးကျော်စိန် (ကျောက်ဖြူ)
အသက်(၆၈)နှစ်

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ အလယ်ပိုင်းရပ်ကွက်၊ ဗိုလ်ချုပ်လမ်းနေ (ဦးဦးကျော်အေး - ဒေါ်မိုးချေ)တို့၏ သား၊ (ဦးရွှေမြ-ဒေါ်မဲစိန်)တို့၏သားသမက်၊ ဒေါ်တင်တင်အေး၏ခင်ပွန်း၊ (ဦးဇော်မိုးအောင်)-ဒေါ်မျိုးသန္တာကျော်၊ ဦးကျော်ဇင်ဦး-ဒေါ်အိဖြိုးကျော်၊ မောင်ကျော်ဇင်ဟိန်း(မြေတိုင်း-၅၊ မြောက်ဦး)တို့၏ဖခင်၊ မြေးငါးယောက်တို့၏ အဘိုးသည် ၁၉-၇-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၁-၇-၂၀၁၅ရက်(အင်္ဂါနေ့) ညနေ ၃း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (ရန်ကုန်ဆေးရုံကြီးမှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
## ဟာဂျီ ဦးအုန်းလွင်(ခ) မိုဟာမက်မာမွတ်ဘိုင်
(လမ်း၃၀၊လွင်မိသားစုထမင်းဆိုင်)
အသက်(၈၀)

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ၄၅လမ်း(အထက်)၊ အမှတ် ၁၆၆နေ ဦးဘိုးကာ-ဒေါ်ဘီတို့၏သား၊ ဦးထွန်းလွင်၊ ဒေါ်ခင်ရီ၊ ဦးသိန်းလွင်တို့၏ညီ/အစ်ကို၊ ဒေါ်မြရီ၏ခင်ပွန်း၊ ဦးချစ်ဆွေ-ဒေါ်နီနီလွင်၊ ဦးသန်းစိန်-ဒေါ်အေးအေးလွင်၊ ဦးဇော်ဝင်း-ဒေါ်မိုးမိုးလွင်၊ ဦးမျိုးလွင်ဦး-ဒေါ်ဝေဝေလွင်တို့၏ဖခင်၊မြေး ၁၀ယောက်တို့၏အဘိုးသည် ၁၈-၇-၂၀၁၅ရက် (စနေနေ့)နံနက်၆း၃၀နာရီတွင်အလ္လာဟ်သျှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ယင်းနေ့ ဇဟိုရ်နမာဇ်အပြီးတွင် ဒါဖနာပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

မြိတ်မြို့နယ်အသင်း(ရန်ကုန်)
## ဖွားအင်စိန် (မြိတ်)
အသက်(၁၀၀)

ရန်ကုန်မြို့၊အလုံမြို့နယ်၊ဗဟိုလမ်း၊ အမှတ် ၁၀၉နေ (အသင်းဝင်အမှတ်-၆၆၊ ဒေါက်တာဘလင်)၏ ဇနီးသည် ၁၈-၇-၂၀၁၅ရက် နံနက် ၁၁း၁၅နာရီတွင်ကွယ်လွန်သွားပါ၍ ၂၀-၇-၂၀၁၅ရက် (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (မြိတ်အသင်းနှင့် နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့

## ဦးဇော်အောင်
လ/ထအင်ဂျင်နီယာ
(AGTI-1959) (ငြိမ်း)
တိုင်းဆောက်-၁၂၊ မင်းပြား
အသက်(၈၁)နှစ်

မင်းပြားမြို့နယ်၊ နားဒင်ရွာသစ်နေ [ဦးအုန်းမောင်(ခ)သခင်အုန်းလောင်]၏ သား၊ (ဦးလွင်-ဒေါ်ညွန့်)တို့၏သားသမက်၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ဟီရိ ၂၂လမ်း၊အမှတ် ၁၀၅၃နေ ဒေါ်ညွန့်ညွန့်လွင်၏ချစ်လှစွာသောခင်ပွန်း၊ ဦးကိုကိုအောင်-ဒေါ်ခိုင်မာမြင့်၊ (ဦးမောင်မောင်အောင်)၊ ဦးညီညီအောင်-ဒေါ်တင်မာဦး၊ ဦးတိုးတိုးအောင် - ဒေါ်အေးမျိုးသွင်တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၁၈-၇-၂၀၁၅ရက်(စနေနေ့) ည ၇း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၁၅ရက် ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
## အဖီးနော်ကြာဖော
အသက်(၈၁)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ ခလောက်သိုက်ကျေးရွာနေ (ဦးဝွတို-ဒေါ်မယ်ကျော့)တို့၏သမီး၊(ဦးစောဘရိုက်တနင်း)၏ ချစ်လှစွာသောဇနီး၊ ဦးစောမိုက်ကယ်-နော်စေးဖော၊ နော်ဒေါရစ်၊ ဦးစောကဲနက်-နော်ဆာဖော၊ ဦးစောကျော်ဝင်း၊ (ဦးစောကံထွန်း)တို့၏ချစ်လှစွာသောမိခင်၊ စောထိန်လင်းအောင်၊ စောဖေယျာဦး-နော်မိုနာလီဇာဝင်း၊ စောအောင်မိုး၊ နော်ကြည်ဖြူတို့၏အဖီး၊ နော်မင်းဒီမား၏ဖီးဖီးကြီးသည် ၁၈-၇-၂၀၁၅ရက်(စနေနေ့) ည ၇း၄၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၀-၇-၂၀၁၅ရက် (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ဦးရေခဲလမ်း နှစ်ခြင်းအသင်းတော်၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ကျန်ရစ်သူမိသားစု

## ဦးတင်ဌေး
(ကုန်သွယ်/လယ်ယာ)
အသက်(၇၀)

(ဦးဘရင်-ဒေါ်ချေး)၊ (ဦးသွင်-ဒေါ်ခင်ကြည်)တို့၏သားသမက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၁)ရပ်ကွက်၊ ဦးငွေကိုင်လမ်း၊ အမှတ် ၇၆၅နေ ဒေါ်ပြုံး(အထက-၃၊မြောက်ဒဂုံ)၏ ခင်ပွန်း၊ ဦးကျော်သူမင်း (Engine Doctor Engineering)-ဒေါ်အိသက်ခိုင်(Chindwin College)၊ ဦးရန်မင်းအောင်-ဒေါ်လှလှဝင်း (ခေတ္တ-USA)တို့၏ဖခင်ကြီး၊ ဖြူဖြူရှင်းသန့်၊ သဒ္ဒါအေးချမ်း၊ အေးချမ်းသစ္စာတို့၏ အဘိုးသည် ၁၈-၇-၂၀၁၅ရက်(စနေနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၁၅ရက် (တနင်္လာနေ့)ညနေ ၄း၃၀နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးတင်ထွန်း
CDC - ၂၅၁၄၄
အထက(၃)တာမွေ
ကျောင်းသားဟောင်း
အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံ(မ/န)ရပ်ကွက်၊အမှတ် ၁၀၊ တင့်ဆန်းလမ်းနေ (ဦးမောင်ကို-ဒေါ်ဘီ)တို့၏သား၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ မချစ်တီးလမ်း၊ အမှတ် ၃နေ (ဦးလှမင်း - ဒေါ်တင်ညွန့်)တို့၏သားသမက်၊ ဒေါ်တင်တင်လှ၏ခင်ပွန်း၊ မအိအိထွဏ်း၊ မခင်သစ်သစ်ထွန်း၊ မောင်သူရိန်ထွန်းတို့၏ချစ်လှစွာသောဖခင်သည် ၁၉-၇-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါ၍ ၂၁-၇- ၂၀၁၅ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဦးဘမောင် (ပုသိမ်)
မြန်မာ့အသေးစားချေးငွေလုပ်ငန်း(ငြိမ်း)
အသက်(၉၂)နှစ်

ပုသိမ်မြို့နေ (ဦးမောင်မောင်ကြီး-ဒေါ်မမကြီး)တို့၏သား၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗိုလ်လက်ျာလမ်း၊ အမှတ် ၁၆နေ (ဒေါ်တင်မြိုင်)၏ခင်ပွန်း၊ (ဦးတင်အေး၊ MSLE၊ ငြိမ်း)-ဒေါ်ခင်အုန်းမြင့်၊ ဦးကိုကို(တရားလွှတ်တော်ရှေ့နေ)-ဒေါ်တင်အေး (မြန်မာ့သစ်လုပ်ငန်း၊ ငြိမ်း)၊ ဦးခင်မောင်ဇော်(AGD B-ank)-ဒေါ်စန်းစန်း(MMSE၊ ငြိမ်း)၊ ဒေါ်ကြည်ကြည်အေး(MEB၊ တာမွေဘဏ်)၊ (ဦးရဲဝင်းနိုင်)-ဒေါ်စမ်းစမ်းမေတို့၏ချစ်လှစွာသောဖခင်၊ မြေးကိုးယောက်၊ မြစ်ခြောက်ယောက်တို့၏အဘိုးသည် ၁၉-၇-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၃း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၇-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
## ဦးအောင်သန်း
ကျောင်းအုပ်ဆရာကြီး(ငြိမ်း)
(ထ/၁၊ တ/ဉ)၊ (လ/သူရဲသမိန်)(လ/၇ မ/ဥ) (လ/၆ တ/ဥ)
(ထ/သုံးခွ) (ထ/သာကေတ)၊ ဇလွန်မြို့နယ်အသင်း(နာယက)
အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ သီရိဇေယျာလမ်း၊ တိုက် ၆နေ ဒေါ်အမာ၏ခင်ပွန်း၊ (ဦးတင့်-ဒေါ်ဘူး)တို့၏သား၊ (ဦးမောင်တင်-ဒေါ်အေးတင့်)တို့၏သားသမက်၊ ဒေါ်ကြည်ကြည်စန်း (စက်မှုဘဏ်၊ ငြိမ်း)၊ ဦးမောင်မောင်ဌေး-ဒေါ်စီစီသန်း၊ ဒေါ်အေးမီသန်း(အထက်တန်းပြ၊ ငြိမ်း)၊ ဒေါ်ကေသီသန်း(မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ-၃)၊ ဒေါ်သီတာသန်းတို့၏ချစ်လှစွာသောဖခင်ကြီး၊ မောင်သျှားစစ်နိုင်-မသုသုစံ(ခေတ္တ-စင်ကာပူ)၊ မမေသဇင်မောင်တို့၏အဘိုးသည် ၁၈-၇-၂၀၁၅ရက် (စနေနေ့) နံနက် ၉း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၁၅ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်အေးကျင် အသက်(၈၀)
MPF (ငြိမ်း)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ ဒီပါအေးမြလမ်း၊ အမှတ် ၂၈၀နေ (ဦးဘညွန့်-ဒေါ်ယာ)တို့၏သမီး၊ (ဦးကျော်မြ-ဒေါ်အုန်းရွှေ)၊ (ဦးသန်းမောင်-ဒေါ်အုန်းကြည်)တို့၏ညီမ၊ (ဦးမြင့်ဆွေ၊ ငွေစာရင်းအရာရှိ အထည်လိပ်ရုံးချုပ်)၏ဇနီး၊ဒေါ်အေးအေးမြင့်ဆွေ(လက်ထောက်စက်ရုံမှူး၊ ငြိမ်း၊ စက်မှုဆေးဝါး)၊(ဦးအေးဆွေ)၊ဒေါ်ဆွေဆွေအေး(အလုပ်ရုံခွဲမှူး၊ MPF)၊ဗိုလ်ကြီးဆွေသက်(ငြိမ်း) (မြို့နယ်အခွန်ဦးစီးဌာနမှူး၊ မြောက်ဒဂုံ)-နော်အဲလစ်သန်းတို့၏မိခင်၊ မောင်သီဟဆွေသက်၏အဘွားသည် ၁၉-၇-၂၀၁၅ရက် နံနက် ၀၀း၅၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၇-၂၀၁၅ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၇-၂၀၁၅ရက်(စနေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ သိမ်၊ ကျောင်း၊
အာရုံခံတန်ဆောင်းဒါယကာကြီး
## ဦးဟရီးလာလ်
(ဆန်နီ ကားပစ္စည်းဆိုင်)
အသက်(၉၁)နှစ်

နန်းရှေ့ အနိုပ်တော်ရပ်၊ အကွက်(၃)၊ သုခလမ်းနေ ဦးကီရှိုး-ဒေါ်ရာသေး၊ (ဦးကီရှိုး)-ဒေါ်ကေလားပသီး၊ (ဦးသိန်းရွှေ)-ဒေါ်မြမြ၊ဦးဘာဘူ-ဒေါ်ရီဝေ၊ ဦးမြင့်ဇော်-(ဒေါ်ခင်သော်တာ)၊ ဦးဇော်ဝင်း-ဒေါ်နုနုဦး၊ ဦးစိုးမြင့်-ဒေါ်ညွန့်ညွန့်ဆွေ၊ ဦးဇော်ဝမ်း-ဒေါ်ဆီမား(ဖြိုးညီနောင်ကားပစ္စည်း)၊ ဦးရာကေးစ်-ဒေါ်ဘော်ဘီ၊ ဦးရာဂျူး-ဒေါ်ဂိုက်သရီး(စတိုင်လ်ကားပစ္စည်း)၊ မရာသေး၊ ကိုကိုဘင်းတို့၏ဖခင်၊ မြေး ၁၃ယောက်၊ မြစ်ငါးယောက်တို့၏ဘိုးဘိုးကြီး၊ ဒေါ်လချ်မီး၏ခင်ပွန်းသည် ၁၉-၇-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၄း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၇-၂၀၁၅ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် နန်းရှေ့အနိုပ်တော်ရပ်၊ အကွက်(၃) သုခလမ်းနေအိမ်မှ အေးရိပ်ငြိမ် ဟိန္ဒူသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်မူမူမြင့်(ခ)ငွမ်းပုံ
(ကျောက်ဖြူမြို့)
အသက်(၄၃)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ မိသားစုလမ်း၊ အမှတ် ၂၁နေ ဦးသန်းမြင့်-ဒေါ်ကျန်ရီတို့၏သမီး၊ မောင်ဇော်ဇော်နိုင် - မမြတ်မြတ်ထွန်းတို့၏အစ်မ၊ ရှေ့နေဦးထွန်းကျော်-ဒေါ်သန်းရီ၊ ဒေါ်သန်းတင်၊ (ဦးမြင့်သန်း)-ဒေါ်စန်းစန်းလှ၊ဦးမြင့်သိန်း-ဒေါ်အေးရီ (ကောင်းကဖီး ကျောက်ဖြူ)၊ ဦးလှဝင်း-ဒေါ်ဟန်သိန်း၊ ဒေါက်တာသန့်ဇင် - ဒေါ်အိအိခိုင်တို့၏တူမသည် ၁၉-၇-၂၀၁၅ရက်(တနင်္ဂနွေနေ့)နံနက် ၄း၃၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၁-၇-၂၀၁၅ရက်(အင်္ဂါနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အောက်ဗဟိုလမ်းမှကားများ မွန်းလွဲ ၁နာရီနှင့် ကျောက်ဖြူမြို့နယ် အသင်းရုံးရှေ့တို့မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

## ဒေါ်သန်းအောင် (ပုသိမ်)
အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဗဟိုစည်အိမ်ရာ၊တိုက် ၂၇/၂၈၊ အခန်း ၅နေ (ဦးသိန်းကျော်-ဒေါ်မြခင်)တို့၏သမီး၊ [ဦးဝင်းသန့်(ခ)ဦးတင်ကို]၏ဇနီး၊ဦးကျော်သူ-ဒေါ်မီမီဦး၊ဒေါက်တာတိုးစန္ဒာ၊ ဒေါ်ဝင်းစန္ဒာသန့်၊ ကိုထွန်းထွန်းထွဋ်တို့၏မိခင်၊ မသက်ထား၊ မအိအိတင်ချို၊ မစုထွေးတို့၏အဘွားသည် ၁၉-၇-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၁း၅၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၁-၇-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်းဒါယိကာမ
## ဒေါ်ခင်မျိုးကြည်
M.Sc (Geology)
အသက်(၃၉)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်၊ လှည်းတန်းလမ်းမ၊ အမှတ် ၂၆၀နေ(ဦးချိန်ကြည်-ဒေါ်ကျင်ပု)တို့၏သမီး၊ (ဦးစိန်မိုး-ဒေါ်သန်းသန်းရွှေ)တို့၏သမီးချွေးမ၊ ဦးအောင်လွင်မိုး၏ ချစ်လှစွာသောဇနီး၊ မမြတ်မိုးခင်၏ ချစ်လှစွာသောမိခင်၊ ကိုအောင်ကြည်ဦး-မလှိုင်လှိုင်ဝင်း၊ ကိုကျော်လင်းကြည်-မလဲ့လဲ့ငြိမ်း၊ ကိုအောင်ကိုကိုထွန်း-မအိအိမွန်တို့၏အစ်မ၊ ဦးဝင်းကျင်၊ဒေါ်ကျင်မြ၊ဒေါ်ခင်ခင်လှိုင်၊ဒေါ်ဝင်းဝင်းအေးတို့၏တူမ၊ မောင်ညဏ်လင်းထွဋ်၏အဒေါ်သည် ၁၉-၇-၂၀၁၅ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၇-၂၀၁၅ရက်(အင်္ဂါနေ့)ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၅-၇-၂၀၁၅ရက်(စနေနေ့) နံနက် ၈နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ကန့်ဘလူမြို့နယ်ရှိ မင်းမြင်ရေလှောင်တမံ ထိခိုက်ပျက်စီးမှုမရှိ

**နေပြည်တော် ဇူလိုင် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဇူလိုင် ၁၄ ရက်မှ ၁၈ ရက်အထိ မိုးသည်းထန်စွာရွာသွန်းခဲ့ရာ ကန့်ဘလူမြို့နယ်၌ ဇူလိုင် ၁၈ ရက်က မိုးရေချိန် ၇ ဒသမ ၈၃ လက်မ ရွာသွန်းခဲ့ပြီး စံချိန်တင်ခဲ့သည်။ ယင်းမြို့နယ်ရှိ မင်းမြင်ရေလှောင်တမံ၌ ဇူလိုင် ၁၈ ရက် နံနက် ၉ နာရီခန့်က သတ်မှတ်ရေပြည့်မှတ် ၆၉၂ ဒသမ ၃၀ ပေအထိ အမြင့်ဆုံးရောက်ရှိသဖြင့် ရေပိုလွှဲမှ ရေထုတ်လွှတ်ခဲ့သည်။

မင်းမြင်တမံကို ရေပြည့်အမြင့်မှတ်ကျော်လွန်ပါက ရေပိုလွှဲမှ ရေကျော်ကျစေရန် တည်ဆောက်ထားခြင်းဖြစ်သော်လည်း အချိန်တိုအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေပိုလွှဲမှ ရေပိုမိုထုတ်လွှတ်ခဲ့ရာ တမံအောက်ဘက်ရှိ နေရာအချို့တွင် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ မင်းမြင်တမံကြံ့ခိုင်မှုအတွက် ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများက အချိန်ပြည့် စောင့်ကြည့်စစ်ဆေးခြင်း၊ လိုအပ်သောနေရာများတွင် တပ်မတော်သားများနှင့်ပူးပေါင်း၍ သဲအိတ်များချထားကာကွယ်ခြင်းများ ဆောင်ရွက်ခဲ့ပြီး ဒေသဆိုင်ရာအုပ်ချုပ်ရေး အဖွဲ့အစည်းများကလည်း တပ်မတော်သားများနှင့်ပူးပေါင်းကာ တမံအောက်ဘက်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများအား ဘေးကင်းလုံခြုံရာသို့ ကြိုတင်ရွှေ့ပြောင်းပေးခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့သည်။

ယင်းသို့ တမံတွင် ရေပြည့်အမှတ်ထက်ကျော်လွန်သည်အထိ

စာမျက်နှာ ၁၁ ကော်လံ ၁

# ရေဘေးသင့်ဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**မုံရွာ ဇူလိုင် ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်နှင့် ကသာခရိုင်တို့တွင် ဇူလိုင် ၁၆ ရက်မှ စတင်ပြီး မိုးသည်းထန်စွာ ရွာသွန်းခဲ့ရာ ဆည်ရေများလျှံပြီး ကျေးရွာအချို့တွင် ရေဝင်ခြင်း၊ ရထားလမ်းနှင့် ကားလမ်းပိုင်းအချို့တွင် ရေကျော်ခြင်းများ ဖြစ်ပွားခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့် တာဝန်ရှိသူများ၊ သက်ဆိုင်ရာ ခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် အခြားဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့ဝင်များက ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ကာ ရေဘေးကယ်ဆယ်ရေး လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကယ်ဆယ်ရေးစခန်းများ ယနေ့တွင် ထပ်မံဖွင့်လှစ်ပြီး ရေဘေးသင့်ပြည်သူများအတွက်

စာမျက်နှာ ၁၁ ကော်လံ ၁



**စစ်ကိုင်းတိုင်း ဒေသကြီး ကန့်ဘလူမြို့နယ်ရှိ ရေဘေးသင့်ကျေးရွာများသို့ စားသောက်ဖွယ်ရာများ လိုက်လံပေးပို့စဉ်။** ဓာတ်ပုံ-ဝဲလေး



**စစ်ကိုင်းတိုင်းဒေသကြီးရှိ မြို့နယ်အချို့တွင် ဇူလိုင် ၁၉ ရက်က ရေအနည်းငယ်ကျဆင်းသွားသဖြင့် ကားများပြန်လည်သွားလာနေသည်ကို တွေ့ရစဉ်။** ဓာတ်ပုံ-အောင်ရဲသွင်

# မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၁၉**

ယနေ့မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန သတင်းထုတ်ပြန်ချက်အရ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။

ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်ဖြစ်ပြီး မကွေးတိုင်းဒေသကြီးတွင်မူ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည် ဖြစ်သည်။

ရှမ်းပြည်နယ် တောင်ပိုင်း၊ မြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင် နေရာစိပ်စိပ်မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။

နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သောဒေသများမှာ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**






mmalin.npt @ gmail.com, www.facebook.com/MYANMAALINNNEWS